

အိကွမ်း၏ ချစ်ခြောက်ယုလုံ
2005
တက္ကသိုလ်
နေလင်းအောင်
လှည့်စားသောကံကြမ္မာ
၄-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၃)
Alien
သိုင်းစာစဉ်များpage


စာစဉ် (၃)

တက္ကသိုလ်နေလင်းအောင်

# လှည့်စားသော ကံကြမ္မာ

စာစဉ်

(၇)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၂၉၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၅၂၀၅၀၃

၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေနိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်(၀၄၆၈၂)
၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးထွန်းလင်း
(ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း (၃၂)

## လက်စားချေခြင်း

ဇေထင်းသည် အခွင့်ကောင်းယူကာ ထွက်ပြေးလာခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်ပါသည်။

ထိုသုံးရက်အတွင်း ဘာကိုမှ စားသောက်ခြင်းမပြုရသဖြင့် မြို့ကလေး-တစ်မြို့သို့ ရောက်ရှိလာသောအခါ ဟန်မဆောင်နိုင်တော့ဘဲ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အားရပါးရ စားသောက်လိုက်လေတော့သည်။

ဟင်းနံ့များက မွှေးကြိုင်လှသည်။

ဇေထင်းက စားသောက်ရင်း မျက်လုံးမှိတ်ကာ ဟင်းနံ့များကို အားရပါးရ ရှူရှိုက်လိုက်လေသည်။

သူ့မျက်လုံး ပြန်ဖွင့်လိုက်သောအခါ သူ၏ ရှေ့၌ လူတစ်ယောက် ထိုင်နေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရသည်။

"ဟင် ... ခင်ဗျား"

ထိုလူမှာ သူ့ရဲ့ကောင်း ချူးတာ၏သား ချူးစန်းဖြစ်လေသည်။

ချူးစန်းက သူ့အား တည်ကြည်သော မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

ဝေ့ထင်း ကပျာကယာ ပြုံးလိုက်လေ၏။

"ရွှေရောင်ငှက်ရုပ်က မင်းဆီမှာလား"

ဝေ့ထင်း ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူးဗျာ"

"ဒါဖြင့် ဘယ်သူ့လက်ထဲမှာလဲ"

"ကျုပ်ပြောရင် ခင်ဗျား ယုံမှာမဟုတ်ဘူး"

"ကိစ္စမရှိဘူး၊ ပြောသာပြောပါ"

ဝေ့ထင်းက အမှန်အတိုင်း ပြောလိုက်သည်။

"သွေးခြသေ့ဂိုဏ်းက သန်းဖုံးရဲ့ လက်ထဲမှာ ရှိနေပါတယ်ဗျာ"

ချူးစန်း မျက်မှောင်ကြုတ်သွားသည်။

"ဒါ ... အမှန်ပဲလား"

ဝေ့ထင်းက ညည်းတွားလိုက်သည်။

"ကျုပ်က အမှန်အတိုင်းပြောတော့လည်း ဘယ်သူကမှ လက်မခံကြဘူး၊ နောက်ပြီးတော့လည်း ကျုပ်ကိုပဲ မေးနေကြတာပဲ"

ချူးစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်က ဟောဒီအရက်နဲ့ သစ္စာစကား ပြောလိုက်မယ်"

အရက်တစ်ခွက် ငုံ့ကာ အပေါ်မြှောက်လိုက်သည်။

"မင်းရဲ့ စကား မှန်ကန်တယ်ဆိုရင် မင်းကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုပါ့မယ်၊ တကယ်လို့များ လိမ်ပြောခဲ့တယ်ဆိုရင် ဒီအရက်ဟာ အဆိပ်အတောက် မရှိတဲ့အရက်လို့ ယူဆလိုက်ပါ့မယ်"



ထိုအရက်သည် ဝေ့ထင်းမှာကြားသော အရက်ဖြစ်သည်။

ချူးစန်းက အရက်ကို မော့ချလိုက်လေသည်။

ဝေ့ထင်း ဘာမှမပြောသာဘဲ နေ၏။

ချူးစန်းက နှုတ်မဆက်ဘဲ ထွက်သွားလေ၏။

ထိုစဉ် ...

စားသောက်ဆိုင်လေး၏ ဝဲဘက်စကြံလမ်းမှ လူတစ်ယောက် ဖြတ်သွားသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ သန်းဖုံးဖြစ်နေပါတော့သည်။

စားသောက်ဆိုင်မှာ တည်းခိုခန်းနှင့် တွဲဖက်ဖွင့်လှစ်ထားသော ဆိုင်ဖြစ်ပါသည်။

သန်းဖုံးက တွဲလျက်ရှိနေသော တည်းခိုခန်းသို့ သွားနေခြင်း ဖြစ်ပါသည်။

ဝေ့ထင်း စိတ်လှုပ်ရှားသွားလေသည်။

"လူထူးဆန်းတွေရောင် ဘယ်မှာပါလိမ့်"

ဝေ့ထင်းသည် အတန်ကြာ တွေးတောစဉ်းစားပြီးလျှင် သန်းဖုံး၏ လှုပ်ရှားမှုကို တိတ်တဆိတ် အကဲခတ်စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ဤသို့ဖြင့် အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွား၏။

ည။

လကွယ်ညဖြစ်၍ မှောင်မိုက်နေ၏။

ညဉ့်နက်ပြီဖြစ်ရာ လူတိုင်းလိုလို အိပ်စက်အနားယူနေကြပြီ ဖြစ်သည်။

"တုံ ... တုံ ..."

အဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက် ထွက်ပေါ်လာ၏။

စားသောက်ဆိုင်လေးနှင့် တွဲလျက်ရှိသော တည်းခိုခန်း၏ အခန်းတစ်ခန်းမှ တံခါးပွင့်သွားပြီး လူတစ်ယောက် ထွက်လာသည်။

ထိုလူမှာ ဝေထင်း ဖြစ်ပါသည်။

ဝေထင်းသည် သန်းဖုံး၏အခန်းသို့ ဦးတည်သွားလိုက်၏။

ထူးခြားသည်မှာ သန်းဖုံး၏အခန်း၌ ညဥ့်နက်နေပြီဖြစ်သည့်တိုင် မီးရောင်များ ရှိနေသေးခြင်း ဖြစ်သည်။

ဝေထင်းသည် တိတ်တဆိတ် ချဉ်းကပ်သွားပြီး ပြတင်းပေါက်၏ အပေါက်ကလေးတစ်ပေါက်မှတစ်ဆင့် ချောင်းကြည့်လိုက်သည်။

သန်းဖုံးက တစ်ယောက်တည်း စားပွဲအနီး၌ ထိုင်နေသည်။

စားပွဲပေါ်၌ ဖယောင်းတိုင်တစ်တိုင် ထွန်းထားပြီး သန်းဖုံးက ရွှေရောင်ငှက်ရုပ်အား စားပွဲပေါ်တင်ကာ အနီးကပ်လေ့လာစစ်ဆေး ရှုချင် ဖြစ်လေသည်။

ဝေထင်းက အခြေအနေ ထူးခြားလာလေသည်လားဟု စိတ်ပင်စားရွာ ကြည့်နေလိုက်၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသော်လည်း ထူးခြားမှုကို ရှာမတွေ့ဟန်ဖြင့် သန်းဖုံးသည် စိတ်ပျက်စွာ သက်ပြင်းချရင်း ရွှေရောင်ငှက်ရုပ်အား စားပွဲပေါ် ချလိုက်တော့သည်။

သူ၏ မျက်နှာတွင် စိတ်ပျက်သည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေပြီး ထိုင်ရာမှ ထကာ ရွှေရောင်ငှက်ရုပ်ကို ကျောဒိုင်း၍ ခေါင်မိုးမျက်နှာကြက်သို့ မော့ကြည့်နေလိုက်၏။

ဖယောင်းတိုင်မှ မီးရောင်က လေတိုးသောအခါ ယိမ်းနွဲ့နှုန်၏။



ဖယောင်းတိုင်ရှေ့တွင် ရွှေရောင်ငှက်ရုပ်ကို ချထားသည်။

ဝေထင်းက ရွှေရောင်ငှက်ရုပ်ကို စိုက်ကြည့်ရင်း မမျှော်လင့်ဘဲ ထူးခြားမှုတစ်ခုကို စတင်တွေ့ရှိလိုက်ရလေတော့သည်။

စားပွဲနှင့် ကပ်လျက် အခန်းနံရံတွင် ဖယောင်းတိုင်မီးရောင်ကြောင့် စားပွဲပေါ်မှ ပစ္စည်းများ၏ အရိပ်များ ထင်ဟပ်နေ၏။

အရိပ်သည် မူလအရွယ်အစားထက်ပို၍ ကြီးနေသည်။

ထို့ကြောင့် ရွှေရောင်ငှက်ရုပ်၏ အရိပ်သည် နံရံတွင် အဆပေါင်း များစွာကြီး၍ ဖြစ်ပေါ်လာသည်။

ဤတွင် . .

ရွှေရောင်ငှက်ရုပ်၏ အရိပ်သည် မြေပုံတစ်ခုကဲ့သို့ ရှိနေသည်ကို ဝေထင်း တွေ့ရှိလိုက်ရလေတော့သည်။

ဝေထင်း မျက်လုံးပြူးသွားသည်။

နံရံပေါ်၌ ထင်ဟပ်နေသော ရွှေရောင်ငှက်ရုပ်၏ အရိပ်(ဝါ) မြေပုံသည် လုံယမ်းမြို့၏ မြေပုံဖြစ်နေခြင်းကြောင့်ပင်တည်း။

ထို့အပြင် မြေပုံပေါ်၌ အလင်းနှင့်အမှောင် ကွဲပြားမှုကြောင့် 'ယို့ဝှား' ဟူသော စကားလုံး ဖော်ထားသကဲ့သို့ ရှိနေသည်ကိုလည်း တွေ့ရသည်။

ဝေထင်း စိတ်လှုပ်ရှားလာသည်။

သိုင်းလောကသားတိုင်း လိုချင်မက်မောနေသော သိုင်းကျမ်းသည် ရွှေရောင်ငှက်ရုပ်ထဲ၌ ရှိမနေဘဲ လုံယမ်းမြို့မှ ယို့ဝှားတွင် ရှိရမည်ဟု နားလည်လိုက်၏။

မမျှော်လင့်ဘဲ ရွှေရောင်ငှက်ရုပ်၏ လျှို့ဝှက်ချက်ကို သိလိုက်ရခြင်းဖြစ်လေတော့သည်။

ဝေထင်းလည်း အခန်းသို့ ပြန်သွားရန် စိတ်ကူးပြီးမှ သူက

နံရံပေါ်မှ ရွှေရောင်ငှက်ရုပ်၏ အရိပ်ပုံကို မြင်တွေ့ရလျှင် သန်းဖုံးလည်း မကြာမီ သတိပြုမိသွားနိုင်သည်ဟု တွေးမိသောအခါ ရင်ထိတ်သွားသည်။

"ခေါက် ... ခေါက်"

ရှည်ရှည်ဝေးဝေး မစဉ်းစားနေတော့ဘဲ ပြတင်းပေါက်တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြီး တစ်ဖက်သို့ ခုန်ထွက်ကာ ပန်းရုံများကြား၌ ပုန်းအောင်းနေလိုက်သည်။

"ဘယ်သူလဲ ..."

သန်းဖုံးက ရွှေရောင်ငှက်ရုပ်ကို အိတ်ထဲသို့ ချက်ချင်းကောက်ထည့်လိုက်ပြီး အော်မေးလိုက်၏။

ပြတင်းတံခါးဖွင့်ကာ အပြင်ဘက် ခေါင်းပြူကြည့်လိုက်၏။

မည်သူ့ကိုမျှ မတွေ့ရလျှင် တံခါးပြန်ပိတ်ထားလိုက်သည်။

ထို့နောက် အိတ်ထဲမှ ရွှေရောင်ငှက်ရုပ်ကို လုံးဝမထုတ်တော့ချေ။

ယနေ့ညအဖို့ ရွှေရောင်ငှက်ရုပ်၏ အရိပ်မြေပုံကို သန်းဖုံးမည်သည့်နည်းနှင့်မျှ တွေ့နိုင်တော့မည်မဟုတ်ချေ။

***

ပေ့ယို့ချင်းသည် ဝေ့ထင်းအတွက် စိုးရိမ်ပူပန်မှုများ ခံစားနေရသည်။

လူထူးဆန်း တုရှောင်နှင့်အတူ ဝေ့ထင်းအား လိုက်လံရှာဖွေခဲ့သော်လည်း အရိပ်အယောင်ပင် မတွေ့ရသဖြင့် ပိုပြီး စိတ်ပူလာသည်။

"ဒုက္ခပါပဲ၊ အစ်ကို ဝေ့ထင်းဟာ ဟိုမိန်းမဆိုးလေးရဲ့ အဆိပ်မိထားတာ၊ အချိန်မီ ဖြေဆေးမရရင် ..."



သူမ ဆက်မပြောနိုင်အောင် ဖြစ်သွားသည်။

တုရှောင်က အားပေးနှစ်သိမ့်လိုက်သည်။

"သိပ်လည်း စိတ်မပူပါနဲ့လေ၊ သည်ကောင်လေးဟာ သူများနဲ့တူတာ မဟုတ်ဘူး၊ အင်မတန် ကံကြီးတဲ့ ကောင်လေးပါ၊ သူဘာမှမဖြစ်နိုင်ပါဘူး"

ထိုစဉ် သူတို့နှင့် မျက်နှာချင်းဆိုင်မှ အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် လျှောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ပေ့ယို့ချင်းက ထခုန်လိုက်လေသည်။

"အစ်ကိုဝေ့ထင်းကို ခေါ်သွားတာ သူပဲ"

"ဟင် ..."

လူထူးဆန်း တုရှောင်က ထိုမိန်းကလေးအား ချက်ချင်းပင် လမ်းပိတ်ဟန့်တားလိုက်လေတော့သည်။

"ဟိတ် ... ရပ်လိုက်စမ်း၊ ဝေ့ထင်း ဘယ်မှာလဲ"

အနီရောင်ဝတ်ဆင်ထားသူကား မိန်းမဆိုးလေး မာယာဖြစ်ပါသည်။

မာယာ မဲ့ပြုံး ပြုံးလိုက်၏။

"ကျွန်မ ဘယ်သိပါ့မလဲရှင်"

"မင်း ခေါ်သွားတာ မင်းသိရမှာပေါ့"

လူထူးဆန်းနှင့် မိန်းမဆိုးလေးတို့ ထိပ်တိုက်တွေ့ကြပြီ ဖြစ်သည်။

မာယာက ...

"ကျွန်မ ခေါ်သွားပေမယ့် သူထွက်ပြေးသွားတာ ကျွန်မဘာတတ်နိုင်မှာလဲရှင်"

"ဟိတ် ... အပိုတွေ ပြောမနေနဲ့၊ မင်းခေါ်သွားတာ၊ မင်းမှာ တာဝန်ရှိတယ်၊ မင်း သိကိုသိရမယ်"

"ကျွန်မ မသိဘူးဆိုရင်ကော ..."

"မင်း သေချင်ပြီထင်တယ်"

မာယာက ရယ်မောလိုက်လေသည်။

"ရှင် ဒီလောက်အသက်ကြီးနေတာတောင် ဒေါသကြီးနေတုန်းပဲလားရှင်"

"အံမယ် ... မင်းကများ ငါ့ကို ..."

တုရှောင် စကားဆုံးအောင် မပြောလိုက်ရချေ။ မာယာက အဆိပ်အပ်ကလေးတစ်ချောင်းဖြင့် တိတ်တဆိတ် တိုက်ခိုက်လိုက်ခြင်းကြောင့်ပေတည်း။

တုရှောင်လည်း တောင်ဇေးဖြင့် ပျာကယာ ခံပေးလိုက်သည်။

"ထောက် ..."

အဆိပ်အပ်ကလေးမှာ တောင်ဇေး၌ စိုက်မိသွားသည်။

တုရှောင် ရယ်မောလိုက်သည်။

"ငါ့ကို ဘယ်တော့မှ အကောက်ကြံလို့ မရဘူးဆိုတာ မှတ်ထားပါ"

မာယာက အလျှော့မပေးပါချေ။

"ရှင် သေချာလို့လား ..."

သူမ၏ လက်နှစ်ဘက်ကို ဝှေ့ယမ်းလိုက်သည်။

"ဝှန်း ..."

ကျယ်လောင်သော အသံနှင့်အတူ မီးခိုးလုံးများ ထွက်ပေါ်လာလေသည်။

"ဟင် ..."



တုရှောင်နှင့် မေ့ယို့ချင်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

"ခစ် ... ခစ် ... ခစ်"

မာယာ၏ ရယ်မောသံ ထွက်ပေါ်လာပြီး တဖြည်းဖြည်း ဝေးသွားလေတော့၏။

မီးခိုးလုံးများ ပျောက်ကွယ်သွားသောအခါ သူမ၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

ဝါးတစ်ရာတောင်ကုန်း။

ဝါးတစ်ရာတောင်ကုန်းမှာ အေးချမ်းသာယာလှပနေ၏။

ရွှေဓားဂိုဏ်းချုပ် နန်းကုန်းစုနှင့် လက်ထောက်ဂိုဏ်းချုပ် ပေ့ဝမ်းတို့သည် သွေးခြသေ့ဂိုဏ်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြရင်း ဝါးတစ်ရာတောင်ကုန်းသို့ ရောက်ရှိလာကြလေသည်။

ပေ့ဝမ်းက သတိပေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ... ဒီနေရာမှာ ကျောက်နဂါးဂိုဏ်းသားတွေ အများဆုံး ကျင်လည်ကျက်စားကြတယ်၊ ကျုပ်တို့ သတိထားမှ ဖြစ်မယ်"

နန်းကုန်းစု၏ မျက်နှာ တည်သွားသည်။

"တကယ်ဆိုရင် ကျုပ်က ကျောက်နဂါးဂိုဏ်းကို ချေမှုန်းပစ်ဖို့ သစ္စာဆိုထားပြီးသားပါ၊ ခုလိုအချိန်မှာ တိုင်းပြည်အကျိုး၊ သိုင်းလောကအကျိုးကို အလေးထားရမှာဖြစ်လို့ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ခဏလျစ်လျူရှုထားတာပါ"

မှန်ပေသည်။ ကျောက်နဂါးဂိုဏ်းချုပ်နှင့် နန်းကုန်းစုတို့မှာ ရန်ငြိုးများ ရှိခဲ့ကြသည်။

နန်းကုန်းစု၏ ဇနီးသည်သည် ကိုယ်ဝန်အရင့်အမာရှိနေစဉ် မိဘရပ်ထံသို့ အလည်အပတ် ပြန်လိုသည့် အာသီသကြောင့် နန်းကုန်းစုက ခွင့်ပြုခဲ့ရသည်။

မိဘရပ်ထံသို့ အရောက်တွင် သူမ မီးဖွားခဲ့ပြီး သားယောကျ်ားလေးတစ်ယောက် ရခဲ့သည်။ ရွှေဓားဂိုဏ်းသို့ ချက်ချင်း မပြန်နိုင်တော့ပါ။

သူမ ကျန်းမာလာတော့မှ ပြန်လာခဲ့ရာ လမ်းခရီးတွင် လူယုတ်မာ တစ်စု၏ တိုက်ခိုက်ခြင်းခံရပြီး သေဆုံးသွားခဲ့ရသည်။

သူမ မွေးဖွားခဲ့သော သားကလေးမှာ အာဝီးနှင့် ကျွေ့ရှမ်း ဆိုသည့် သူဆင်းရဲ ဇနီးမောင်နှံက ကယ်တင်ခဲ့သဖြင့်သာ ကံကောင်းခဲ့သည်။

အာဝီးနှင့် ကျွေ့ရှမ်းတို့သည် ရွှေဓားဂိုဏ်းသို့ အရောက်လာပြီး ကလေးကို နန်းကုန်းစုလက်ထဲ ပေးအပ်ခဲ့သည်။

နန်းကုန်းစုက အာဝီးတို့အား ကျေးဇူးဆပ်သည့်သဘောဖြင့် ရွှေဓားဂိုဏ်း၌ပင် ခေါ်ယူစောင့်ရှောက်ထားလိုက်သည်။

အာဝီးနှင့် ကျွေ့ရှမ်းတို့တွင်လည်း ကလေးတစ်ယောက်ရှိရာ ထိုကလေးမှာ ဝေ့ထင်းဖြစ်သည်။

နန်းကုန်းစုသည် ဇနီးသည်အား သတ်ဖြတ်သွားသည့် လူသတ်သမားများအကြောင်း စုံစမ်းခဲ့ရာ နောက်ပိုင်းတွင် ကျောက်နဂါးဂိုဏ်းမှ သုထင်းပါနှင့် တပည့်များဖြစ်ကြောင်း သိခဲ့ရသည်။

ထို့ကြောင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဇနီးသည်အတွက် ကျောက်နဂါးဂိုဏ်းနှင့် စာရင်းရှင်းမည်ဟု သန္နိဋ္ဌာန် ချထားခဲ့၏။



နန်းကုန်းစုက ပြတ်သားစွာ ပြောသည်။

"ကျောက်နဂါးဂိုဏ်းမှာ ချင်းစုလျှံတစ်ယောက်ပဲ မှုစရာရှိပါတယ်၊ ကျန်တဲ့လူတွေက ဂရုစိုက်စရာမရှိပါဘူး၊ ဒါကြောင့်လည်း ကျုပ်က အေးအေးဆေးဆေး နေခဲ့တာပါ၊ သူတို့နဲ့ ဘယ်အချိန်မှာမဆို စာရင်းရှင်းလို့ ရပါတယ်"

ထိုစဉ် ...

"ဟား ... ဟား ... ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာလေသည်။

ဝါးရုံပင်များကြားမှ လူသုံးယောက် ထွက်လာကာ နန်းကုန်းစုတို့အား လမ်းပိတ်ထားလိုက်ကြလေသည်။

နန်းကုန်းစုနှင့် ပေ့ဝမ်းတို့ ပြောဆို၍ မဆုံးသေး ကျောက်နဂါးဂိုဏ်းမှ လူများ ရောက်ရှိလာကြပြီဖြစ်သည်။

သုထင်းပါနှင့် သူ၏တပည့်နှစ်ယောက် ဖြစ်ကြသည်။

နန်းကုန်းစုသည် သုထင်းပါအား တွေ့မြင်ရလျှင် မျက်နှာခက်ထန်တင်းမာသွားသည်။

"သုထင်းပါ"

သုထင်းပါ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ တစ်ချိန်က အာဝီးနဲ့ ကျွေ့ရှမ်းဆိုတဲ့ အိမ်ဖော်ဇနီးမောင်နှံဟာ ကျောက်နဂါးဂိုဏ်းကို သစ္စာဖောက်ပြီး ထွက်ပြေးသွားကြလို့ ကျုပ်ကလိုက်ပြီး သုတ်သင်ခဲ့တာ၊ လမ်းခရီးမှာ ခင်ဗျားရဲ့ ဇနီးက ကလေးမွေးပြီး ပြန်လာတာနဲ့ ဆုံမိတယ်၊ ခင်ဗျားဇနီးက ကိုယ့်လမ်းကိုယ် မသွားဘဲနဲ့ အာဝီးတို့ကို ကယ်တင်ဖို့ လုပ်လို့ ကျုပ်က ရှင်းပစ်ခဲ့တာပဲ၊ သည်ကိစ္စကြောင့် ခင်ဗျား

က ကျုပ်ကို တစ်နေ့ သုတ်သင်ပစ်မယ်လို့ သစ္စာပြုထားတာကို ကျုပ်သိပြီးသားပါ"

သုထင်းပါက တဟားဟား ရယ်မောကာ စကားဆက်လိုက်ပြန်လေသည်။

"ကဲ ... ခုတော့ ကျုပ်တို့တွေ့ကြပြီလေ၊ စာရင်းရှင်းလိုက်ကြတာပေါ့"

နန်းကုန်းစု မည်သည့်နည်းနှင့်မျှ သည်းမခံနိုင်တော့ပါ။

"ချွမ်း ..."

သူသည် စကားပြောခြင်း မပြုတော့ပါ။

ချက်ချင်း ဓားဆွဲထုတ်ကာ သုထင်းပါအား တိုက်ခိုက်လိုက်လေတော့သည်။

နန်းကုန်းစုသည် သူ၏အကောင်းဆုံး ဓားပညာဖြစ်သော ရွှေဓားတစ်ထောင်သိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

စူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

ဓားရိပ်များသည် သုထင်းပါ၏ တစ်ကိုယ်လုံး ဖုံးလွှမ်းသွား၏။

သုထင်းပါကလည်း ဓားတစ်လက်ဆွဲကာ ပြန်လည်ရင်ဆိုင်တိုက်ခိုက်သည်။

ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည့်အလျောက် ဓားပညာယှဉ်ပြိုင်ရာတွင် ကိုယ်ဖော့ပညာနှင့် အတွင်းအားကိုလည်း ထည့်သွင်းအသုံးပြု ယှဉ်ပြိုင်တိုက်ခိုက်ကြသည်။



အနီးပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ၊ ဝါးပင်များမှာ အပိုင်းပိုင်း ပြတ်တောက်ကုန်သည်။

လူနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေသည်နှင့်မတူဘဲ လေပွေနှစ်ခု တိုက်ခတ်နေသည်နှင့်ပင် တူနေတော့သည်။

သို့ဖြင့် တစ်ခဏအချိန်လေးအတွင်းမှာပင် သိုင်းကွက်ပေါင်းတစ်ရာကျော်မျှ ယှဉ်ပြိုင်တိုက်ခိုက်ပြီးသား ဖြစ်သွားလေတော့သည်။

သိုင်းကွက် တစ်ရာကျော်သောအခါ နန်းကုန်းစု မသိမသာ အပေါ်စီးရလာသည်။

သုထင်းပါ ခံပြင်းသွားကာ အထူးလေ့ကျင့်ထားသော သိုင်းကွက်ကို ထုတ်ဖော်လိုက်တော့သည်။

"ယား ..."

ညာသံပေးရင်း လေထဲခုန်တက်ကာ ကျွမ်းတစ်ဝက် ပစ်လိုက်လျှင် သူ၏ဓားသည် နန်းကုန်းစု၏ ဦးခေါင်းပေါ်သို့ ကျရောက်သွားလေသည်။

နန်းကုန်းစု ပေါ့ပေါ့တန်တန် သဘောမထားဝံ့ပါ။

သို့သော် နောက်ဆုတ်ရှောင်တိမ်းနေလျှင် တိုက်ပွဲကို တော်တော်နှင့် အဆုံးသတ်၍ ရနိုင်မည်မဟုတ်ကြောင်း နားလည်လိုက်သဖြင့် မလှုပ်မယှက် ရပ်နေလိုက်၏။

သုထင်းပါသည် နန်းကုန်းစု၏ ဦးခေါင်းကို ထက်ခြမ်းခွဲပစ်နိုင်တော့မည်ဟု ယုံကြည်လိုက်သည့် တဒင်္ဂအချိန်လေးမှာပင် ထူးချက်ကို တွေ့လိုက်ရလေတော့သည်။

"ဟိတ် ..."

နန်းကုန်းစုက ညာသံပေးကာ နောက်သို့ တစ်ပတ်ကျွမ်းပစ်ပြီး ရှောင်တိမ်းသွားသည်။

သုထင်းပါ၏ ဓားချက် ပွတ်ကာသီကာ ဖြတ်ကျော်သွား၏။

သုထင်းပါ၏ ခြေထောက်များ မြေပေါ်ကျလာသည့် တခဏ အချိန်လေးမှာပင် နန်းကုန်းစု၏ဓားသည် သုထင်းပါ၏ ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်သွားလေတော့သည်။

"အင့် ... "

သုထင်းပါ မသဲမကွဲညည်းညူရင်း ဒယီးဒယိုင် ဖြစ်သွား၏။

နန်းကုန်းစုက တည်ငြိမ်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ကျုပ်က ကိုယ်ရေးကိုယ်တာကိစ္စကို ရှေ့တန်းမတင်ခဲ့လို့ ခုလို အချိန်အထိ မင်း အသက်ရှင်နေခဲ့တယ်ဆိုတာ မှတ်ထားပါ"

သုထင်းပါ ဘာမှမပြောပါ။

နန်းကုန်းစုအား အတန်ကြာအောင် စူးစူးရဲရဲစိုက်ကြည့်နေပြီးမှ မြေပေါ်လဲကျသွားလေတော့သည်။

သုထင်းပါ အသက်ပျောက်သွားသည်ကို မြင်သောအခါ သူနှင့်အတူ ပါလာသည့် တပည့်နှစ်ယောက်လည်း ကြောက်အားလန့်အားဖြင့် ထွက်ပြေးသွားကြလေတော့သည်။

နန်းကုန်းစုမှာ ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

"ညီမရေ ... မင်းအတွက် လူယုတ်မာကို ကျုပ် ဆုံးမလိုက်ပါပြီ၊ ကျေနပ်ပါတော့"

သူက ရေရွတ်လိုက်လေတော့သည်။

❖❖❖

အခန်း (၃၃)

## သံယောဇဉ် ခင်းသူ

ချောင်းရေတသွင်သွင် စီးဆင်းနေသည်။

ဝေထင်းသည် စမ်းချောင်းလေးအနီးသို့ ရောက်လာသောအခါ ခြေလှမ်းရပ်ကာ ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ထို့နောက် ချောင်းစပ်သို့ ဆင်းကာ မျက်နှာသစ်၊ ခြေလက်ဆေး၊ ကိုယ်လက်သန့်စင်လိုက်သည်။

ထိုအချိန်မှာပင် လူနှစ်ယောက် စကားတပြောပြောဖြင့် လှမ်းလာနေကြသည်ကို တွေ့ရလေ၏။

ဝေထင်းသည် သစ်ပင်တစ်ပင်နောက်သို့ ကပျာကယာ ဝင်ပုန်းအောင်းကာ အခြေအနေ စောင့်ကြည့်နေလိုက်သည်။

ထိုလူနှစ်ယောက်သည် ပတ်ဝန်းကျင်၌ လူရှင်းနေသဖြင့် စကားကို လွတ်လပ်စွာ ပြောဆိုလာကြသည်။

"ဟော့ ... လောက်တာ ဖြစ်ပါ့မလားကွ၊ တော်ကြာ ခုကွ ရောက်နေဦးမယ်"

"လောက်အောင့် မင်း တော်တော်ညံ့တာပဲ၊ ကြူးကြူးကို

သခင်မကြီးက သိုင်းပညာဖျက်ဆီးပြီး ကျောက်နဂါးဂိုဏ်းကနေ မောင်းထုတ်ပစ်လိုက်ပြီလေ"

"မင်း သေချာလို့လားကွာ"

"သေချာတာပေါ့၊ ကြူးကြူးက လူထူးဆန်းတစ်ရောင်ကို ဆေးပေးလိုက်လို့ သခင်မကြီးက အပြစ်ဒဏ်ခတ်လိုက်တာပဲ"

"ဒါဆို ကြူးကြူးဟာ ကျောက်နဂါးဂိုဏ်းက သခင်မလေး လည်း မဟုတ်တော့ဘူး၊ သိုင်းပညာလည်း မရှိတော့ဘူးဆိုရင် ငါတို့အတွက် အကွက်ပဲ၊ ငါက သူ့ကို သိပ်သဘောကျနေတာကွ ဟီး ... ဟီး ..."

"ဒါဖြင့် မင်း ဘာလုပ်နေတာလဲ"

"ဟုတ်တယ်၊ အမြန်ဆုံးသွားရမယ်"

ထိုလူနှစ်ယောက်သည် ပြောချင်ရာပြောကြပြီး တစ်ဟုန်ထိုး ပြေးလွှားသွားကြလေတော့သည်။

ဝေထင်း ထိတ်လန့်သွားသည်။

ကြူးကြူးနှင့် ပတ်သက်၍ သတင်းထူးကြားလိုက်ရသည် ဖြစ်ရာ စိုးရိမ်ပူပန်သွားတော့သည်။

"မဖြစ်ဘူး၊ သူတို့နောက်ကို လိုက်သွားပြီး အခြေအနေ ကြည့်ဦးမှပဲ"

ချက်ချင်းပင် လောက်အောတို့နောက်သို့ ပြေးလွှားလိုက်ပါ သွားလေတော့သည်။

မကြာပါချေ။ တောအုပ်ထဲ၌ အိမ်အိုပျက်လေးတစ်လုံး ရှိနေ သည်ကို တွေ့လိုက်ရသည်။

ထိုအိမ်ပျက်လေး၌ ကြူးကြူးရှိနေပါသည်။

ကြူးကြူးသည် သိုင်းပညာ ဖျက်ဆီးခံရသည့် အပြ



ကျောက်နဂါးဂိုဏ်းမှ မောင်းထုတ်ခံရခြင်းကြောင့် စိတ်ဓာတ်ကျ ပြီး လူသူကင်းဝေးသည့် ထိုအိမ်အိုပျက်လေး၌ လာရောက်ပုန်းခို နေခြင်း ဖြစ်ပါသည်။

သူမ အနားယူနေစဉ် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ် လာကာ လောက်အောနှင့် လောက်တတို့ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရသောအခါ ထိတ်လန့်သွားသည်။

"ရှင် ... ရှင်တို့"

လောက်တက ရယ်မောလိုက်သည်။

"ဟဲ ... ဟဲ ... သခင်မလေး ပျင်းနေမှာစိုးလို့ ကျုပ်တို့ လာခဲ့တာပါဗျာ"

"ရှင် ... ရှင်တို့ ထွက်သွားကြစမ်း"

"ဟဲ ... ဟဲ ... သည်ကို ရောက်လာပြီးမှ ထွက်သွားရမှာလား ဗျာ"

လောက်တက ရှေ့တိုးသွားပြီး ကြူးကြူး၏ လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်လေသည်။

"လွှတ် ... လွှတ်၊ ရှင်တို့ မယုတ်မာနဲ့"

ကြူးကြူးက အော်ဟစ်ရုန်းကန်လိုက်သော်လည်း မလွတ်နိုင် တော့ပါ။

လူယုတ်မာ လောက်တတို့ ရမ္မက်အိုင်ထဲ၌ ကြူးကြူး၏ဘဝ ရေတိမ်နစ်ရတော့ ဖြစ်လေ၏။

ထိုစဉ် ...

"မာယာ မိန်းမဆိုးလေး ... ကျုပ်ကို မသတ်ပါနဲ့"

အပြင်ဘက်မှ စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

"ဟင် ..."

"ဟာ ..."

မိန်းမဆိုးလေး မာယာဟူသောအမည်ကြောင့် လောက်တတို့ ထိတ်လန့်သွားကြလေသည်။

ကြူးကြူးကို လွှတ်ကာ ချက်ချင်းထွက်ပြေးသွားကြလေတော့သည်။

ကြူးကြူးမှာ မမျှော်လင့်သော အဖြစ်ဆိုးကို ကြုံကြိုက်လိုက်ရသဖြင့် တုန်လှုပ်ငိုကြွေးလိုက်လေတော့သည်။

"ညီမရယ် ... မငိုပါနဲ့တော့၊ သူတို့ ထွက်ပြေးသွားကြပါပြီ"

ရုတ်တရက် ပေါ်လာသော စကားသံကြောင့် ကြူးကြူး အံ့ဩကာ မျက်နှာကို အုပ်ထားသည့် လက်ဝါးနှစ်ဖက်ကို ဖယ်ရှားလိုက်လျှင် ဝေထင်းအား တွေ့လိုက်ရလေသည်။

"ဟင် ... ရှင် ... ရှင်"

ဝေထင်း စိတ်မကောင်းဖြစ်နေ၏။

"ညီမကို ကျောက်နဂါးဂိုဏ်းက မောင်းထုတ်လိုက်ပြီဆို၊ သည်လိုဖြစ်ရတာ ကျုပ်ကြောင့်ပါပဲ၊ ကျုပ်ကြောင့် မင်းရဲ့ ဘဝ နစ်နာခဲ့ရပြီ"

ကြူးကြူးသည် ဝေထင်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့ဩဝမ်းသာနေသည်။

ဝေထင်းက ...

"ညီမရယ် ... ဘာကြောင့်များ ကျုပ်အတွက် သည်လောက်တောင် အနစ်နာခံရတာလဲ"

ကြူးကြူးက ဘာမှမပြောနိုင်ပါ။



သူမ၏ မျက်လုံးအစုံမှ မျက်ရည်များ ဟလိမ့်လိမ့် စီးကျလာတော့သည်။

ဝေထင်း ခေါင်းခါယမ်းလိုက်လေသည်။

"ညီမ ... မငိုပါနဲ့တော့၊ သူတို့ မနှောင့်ယှက်နိုင်တော့ပါဘူး၊ ဒါပေမယ့် ပိုပြီးစိတ်ချရအောင် သည်ကထွက်သွားမှဖြစ်မယ်၊ တော်ကြာ ဟိုလူနှစ်ယောက် ပြန်ရောက်လာရင် ခက်မယ်"

ကြူးကြူးက မျက်ရည်များသုတ်ကာ ထိုင်ရာမှထလိုက်သည်။

ဝေထင်း၏ စကားကို နားထောင်သည့်သဘော ဖြစ်လေ၏။

"လာ ... ညီမ"

ဝေထင်းက လက်ဆွဲခေါ်သွားရာနောက်သို့ ခေါင်းကလေးငုံ့ကာ လိုက်ပါသွားလေတော့သည်။

မြို့ပြင်တွင် ကျောက်တောင်တစ်တောင်ရှိ၏။

ထိုတောင်ကြီးတွင် ကျောက်လှိုဏ်ဂူကြီးတစ်ခု ရှိနေသည်။

ထိုကျောက်တောင်ကုန်း၏ တောင်ခြေ၌ တောအုပ်တစ်ခုရှိနေသဖြင့် ကျောက်တောင်ခြေမှ လှိုဏ်ဂူကြီးကို ရုတ်တရက် တွေ့မြင်ဖို့မလွယ်ပါ။

ဝေထင်းနှင့် ကြူးကြူးတို့သည် လောက်တတို့၏ အန္တရာယ်ကြောင့် ခပ်သုတ်သုတ် ထွက်လာခဲ့ရင်း လမ်းခုလတ်သို့ ရောက်လျှင် ကြူးကြူး၏ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်လာသည်ကို တွေ့ရ၏။

ကြူးကြူး အပူငွေးဖျားနေပြီဖြစ်ကြောင်း တွေ့ရသဖြင့် ဝေထင်းက အနားယူနိုင်ရန် နေရာလိုက်ရှာရင်း ကျောက်ဂူကြီးသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

သစ်ရွက်များ၊ မြက်ခြောက်များ အသုံးပြုကာ ကြူးကြူး သက်သောင့်သက်သာ အနားယူနိုင်ရန် နေရာပြုလုပ်ပေးပြီးလျှင် ဝေ့ထင်းက ပြုစုပေးသည်။

ကြူးကြူး၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲနေ၏။

"ရှင် ဘာကြောင့် ထွက်မသွားရသေးတာလဲ"

ဝေ့ထင်း ပြုံးလိုက်သည်။ သူက နောက်ရွတ်ရွတ်ပြော၏။

"သခင်မလေးက ကျုပ်ကို ကူညီခဲ့တာပဲ၊ သခင်မလေး အခက်ကြုံနေတဲ့အချိန်မှာ ကျုပ် တစ်လှည့် ပြန်ပြီး ကူညီရမှာပေါ့"

ကြူးကြူးက လက်ကာပြလိုက်၏။

"ကျွန်မကို သခင်မလေးလို့ မခေါ်ပါနဲ့၊ ကျွန်မဟာ ကျောက်နဂါးဂိုဏ်းက မဟုတ်တော့ပါဘူး၊ ရှင်တို့ စတွေ့တဲ့နေ့ကစပြီး ရှင်ဟာ ရိုးသားဖြောင့်မတ်တယ်၊ တည်ကြည်တယ်ဆိုတာ သတိပြုမိလို့ ကျွန်မက ကူညီဖို့ဆုံးဖြတ်ခဲ့တာပါပဲ"

ဝေ့ထင်းက ပြုံးရင်း တောင်းပန်လိုက်သည်။

"ကျုပ်ကို ကူညီခဲ့လို့ ညီမ အခုလို ဒုက္ခရောက်ရတာကို တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ မသေခင် လူတစ်ယောက်ကို ကူညီသွားနိုင်ခဲ့တာပဲ ဝမ်းသာစရာ ကောင်းနေပါပြီ"

"ဟင် ... ညီမ ဘာကြောင့် သေရမှာလဲ"

ဝေ့ထင်း အထိတ်အလန့် မေးလိုက်သည်။

ကြူးကြူး မချိပြုံး ပြုံးလိုက်သည်။

"သိုင်းလောကသား တစ်ယောက်အတွက် သိုင်းပညာမရှိတော့ဘူးဆိုရင် သေသွားတာနဲ့ ဘာမှမခြားတော့ဘူး မဟုတ်လား ရှင်"



ဝေ့ထင်း အားပေးလိုက်သည်။

"ညီမရယ် ... ကျုပ်ကို ကြည့်စမ်းပါ၊ ကျုပ်ဟာ မိန်းမဆိုးလေး မာယာရဲ့ အဆိပ်ဆေးလုံးကို သောက်ထားရပါတယ်၊ နောက်နှစ်ရက်ကြာလို့မှ အဆိပ်ဖြေဆေး မရရင် သေဆုံးသွားရပါလိမ့်မယ်၊ ဒါပေမယ့် ခုချိန်အထိ ကျုပ်က စိတ်လျှော့သေးတာ မဟုတ်ပါဘူး"

"ရှင် ... "

ကြူးကြူး အံ့သြသွားသည်။

ဝေ့ထင်းကာ အသက်အန္တရာယ် အလွန်နီးကပ်နေသည့်တိုင် မတုန်မလှုပ် ရှိနေသည်မဟုတ်လား။

"ရှင်ရဲ့ ခိုင်ကြည်တဲ့ စိတ်ဓာတ်ဟာ ချီးကျူးစရာပါပဲ၊ ကျွန်မကတော့ ... "

သူမ၏ အသံ တိမ်ဝင်ကာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

"ညီမ ... "

ဝေ့ထင်း ကပျာကယာ ဖေးမလိုက်ရာ ကြူးကြူးတစ်ကိုယ်လုံး ခြစ်ခြစ်တောက်မျှလောင်ကာ အပြင်းဖျားနေပြီဖြစ်ကြောင်း တွေ့ရလေသည်။

အဖျားကြောင့် သတိလစ်မေ့မျောသွားခြင်း ဖြစ်လေသည်။

ဝေ့ထင်း လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

ကြူးကြူးအား သက်သောင့်သက်သာ ဖြစ်အောင် ပြုလုပ်ပေးပြီး ဆေးရှာဖွေရန် ကျောက်ဂူထဲမှ ထွက်လာခဲ့လေတော့သည်။

လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြသည်။

နန်းကုန်းသက်က ရီဝေသော မျက်လုံးများဖြင့် ငေးမောကြည့်နေ၏။

သူက ပေ့ယို့ချင်းအား လိုက်လံရှာဖွေနေခြင်း ဖြစ်ပါသည်။

ပေ့ယို့ချင်း၏ သတင်းအချို့ ကြားခဲ့ရပြီးနောက် ဤမြို့ကလေး၌ တွေ့ရနိုင်သည်ဟု ယုံကြည်လာခဲ့ခြင်း ဖြစ်ပါသည်။

နန်းကုန်းသက်က လမ်းသွားလမ်းလာများကို ဦးခေါင်းမူးနောက်ကာ မျက်လုံးပြာဝေသည်အထိ မလွှတ်တမ်းကြည့်ရင်း ရုတ်တရက် ခေါင်းငိုက်စိုက်ချကာ နေးကွေးလေးလံသော ခြေလှမ်းများဖြင့် လာနေသူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟာ ..."

နန်းကုန်းသက် လွှတ်ခနဲ အော်လိုက်မိသည်။

ထိုလူမှာ သူတွေ့လိုနေသော ပေ့ယို့ချင်း ဖြစ်နေသည် မဟုတ်ပါလား။

"ယို့ချင်း ..."

နန်းကုန်းသက် ဝမ်းသာအားရ ခေါ်ကာ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်။

ပေ့ယို့ချင်းသည် နန်းကုန်းသက်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဟင် ... အစ်ကို နန်းကုန်းသက်၊ ဘယ်လိုလုပ်ပြီး သည်နေရာမှာ ရောက်နေတာလဲ"

"ညီမကို လိုက်ရှာနေတာလေ၊ ဖေဖေက ပြန်လာခဲ့ပါလို့ ခေါ်ခိုင်းလိုက်တယ်"



ပေ့ယို့ချင်း သက်ပြင်းချလိုက်လေ၏။

"ကျွန်တော့်ကိစ္စတွေ မပြီးပြတ်သေးလို့ မပြန်ချင်သေးပါဘူး အစ်ကို"

"ညီမ ... ညီမတစ်ယောက်တည်း သိုင်းလောကထဲမှာ လျှောက်သွားနေတာ မသင့်တော်ဘူးထင်ပါတယ်၊ အိမ်ကိုပြန် ..."

နန်းကုန်းသက်၏ စကားမဆုံးမီ ပေ့ယို့ချင်းက ကြားဖြတ်ပြောလိုက်လေသည်။

"ကျွန်မမှာ အဖော်ရှိပါတယ်"

သူမ ညွှန်ပြလိုက်တော့မှ မနီးမဝေး၌ ရပ်နေသည့် လူထူးဆန်း အဘိုးအို တုရှောင်ကို တွေ့မြင်သွားသည်။

နန်းကုန်းသက် မျက်မှောင်ကြုတ်သွားသည်။

ပေ့ယို့ချင်းအား အပြစ်တင်ပြောဆိုလိုက်သည်။

"ညီမ ... သည်လူထူးဆန်းအကြောင်းကို သိလျက်နဲ့ ဘာဖြစ်လို့ သူ့ကို အဖော်ပြုနေရတာလဲ"

ထိုစကားကြားလျှင် တုရှောင်မှာ မျက်လုံးပြူးသွား၏။

"ဘာကွ ... သူက ငါနဲ့အဖော်လုပ်နေတာ ဘာဖြစ်လဲ"

နန်းကုန်းသက် နှာခေါင်းရှုံ့လိုက်လေသည်။

"ခင်ဗျားက နာမည်ပျက်နေတဲ့ လူတစ်ယောက်ပဲဗျ"

တုရှောင် ဒေါပွသွားလေသည်။

"ဟေ့ ... ငါက ရှင်းရှင်းဘွင်းဘွင်းသမားကွ၊ မျက်နှာက ပြုံးရွှင်ချိုသာနေပြီး ဝမ်းတွင်းက ကောက်တဲ့လူစားမျိုးမဟုတ်ဘူး"

သူက ပေ့ယို့ချင်းဘက် လှည့်လိုက်သည်။

"မင်း စကားမပြတ်သေးဘူးဆိုရင် ဟိုရှေ့က လက်ဖက်ရည်ဆိုင်လေးမှာ ငါစောင့်နေမယ်"

"ဟုတ်ကဲ့ ... ကောင်းပါပြီရှင်"

ပေယို့ချင်းက ခေါင်းညိတ်လိုက်၏။

တုရှောင်လည်း ခြေဖော့နင်းကာ ဆောင့်ဆောင့်အောင့်အောင့် ဖြင့် သူတို့အနီးမှ ထွက်သွားလေတော့သည်။

ပေယို့ချင်းက မလှုပ်မယှက် ရပ်နေ၏။

နန်းကုန်းသက် သက်ပြင်းချလိုက်သည်။

"ညီမ အိမ်ပြန်လိုက်ခဲ့နော်"

သူ၏အသံ ပျော့ပျောင်းနေသည်။

ပေယို့ချင်း ခေါင်းခါယမ်းလိုက်သည်။

"သည်းခံပါရှင်၊ ကျွန်မ မလိုက်နိုင်သေးပါဘူး"

နန်းကုန်းသက် အားမလိုအားမရ ဖြစ်သွားလေသည်။

"ညီမက ဝေ့ထင်းကို လိုက်ရှာနေတာလား"

"ဟုတ်တယ်"

ပေယို့ချင်းကဝန်ခံလိုက်သဖြင့် နန်းကုန်းသက် ရင်ထဲ၌ နာကျင်သွားရသည်။

"ညီမက ဝေ့ထင်းအပေါ် သံယောဇဉ်ကြီးလွန်းပါတယ်၊ ကျုပ်ဘက်ကို နည်းနည်းလေးတောင် ထည့်မတွက်တော့ဘူးလား"

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

ပေယို့ချင်းက ခေါင်းငုံ့ထားလိုက်လေ၏။

နန်းကုန်းသက် ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ညီမ ပြန်လိုက်ခဲ့တာ အကောင်းဆုံး ဖြစ်မယ်၊ အားလုံးက မျှော်နေကြပြီ"

"ကျွန်မ မပြန်ချင်သေးပါဘူးရှင်၊ ဝေ့ထင်းက အဆိပ်ဆေး



လုံး သောက်ထားရတယ်၊ ဒါကြောင့် သူ့ကိုတွေ့ရပြီးမှ ကျွန်မ ပြန်လာနိုင်မယ်"

နန်းကုန်းသက် စိတ်ပျက်သွားသည်။

"ညီမရယ် ..."

ပေယို့ချင်းက နှုတ်ဆက်လိုက်လေသည်။

"တုရှောင်က ကျွန်မကို စောင့်နေလိမ့်မယ်၊ ကျွန်မ သွားလိုက်ဦးမယ်"

စကားဆုံးလျှင် နန်းကုန်းသက်ကို ကျောခိုင်းကာ ခပ်သွက်သွက် ထွက်လာခဲ့လေသည်။

လက်ဖက်ရည်ဆိုင်လေးသို့ ရောက်လာသောအခါ တုရှောင်ကို မတွေ့ရချေ။

ပေယို့ချင်း အခက်ကြုံသွား၏။

သို့သော် ...

"သူ အပြင်ကို ခဏတစ်ဖြုတ် သွားနေတာဖြစ်မယ်၊ ငါ ထိုင်စောင့်နေလိုက်မယ်"

စားပွဲတစ်လုံး၌ ထိုင်ကာ လက်ဖက်ရည်နှင့် မုန့်များ မှာကြားစားသောက်လိုက်သည်။

ထိုစဉ် နန်းကုန်းသက်က သူမအနီးသို့ ရောက်ရှိလာလေ၏။

"ညီမ ... တုရှောင်လည်း မရှိပါလား"

နန်းကုန်းသက် လိုက်လာသဖြင့် ပေယို့ချင်းမှာ မလွတ်မလပ် ဖြစ်သွားလေသည်။

"ကိစ္စမရှိဘူး၊ ကျွန်မ ထိုင်စောင့်နေပါ့မယ်"

သူမ ထိုင်ရာမှ ထတော့မည်မဟုတ်ကြောင်း ရိပ်မိသဖြင့် နန်းကုန်းသက်လည်း ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

"ဒါဖြင့် ကျုပ်လည်း စောင့်မယ်"

မေ့ယို့ချင်း ဘာမှမပြောဘဲ နေလိုက်သည်။

နန်းကုန်းသက်ကလည်း လက်ဖက်ရည်နှင့် မုန့်များ မှာကြား စားသောက်လိုက်လေသည်။

နှစ်ယောက်သား တုရောင်အား စောင့်နေလိုက်ကြသည်။

သို့သော် အချိန်များသာ တရွေ့ရွေ့ ကုန်သွားသည်။ တုရောင်၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

ထိုစဉ် ပြတင်းပေါက်ကို မျက်နှာမူထားသော နန်းကုန်းသက်က လက်ဖက်ရည်ဆိုင် အပြင်ဘက် လမ်းမပေါ်မှ ဖြတ်လျှောက်သွားသူ တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

နန်းကုန်းသက် မျက်လုံးပြူးသွား၏။

ထိုလူမှာ ဝေထင်းဖြစ်နေသည် မဟုတ်ပါလား။

နန်းကုန်းသက် အမူအရာ ပျက်သွားခြင်းကြောင့် မေ့ယို့ချင်း မျက်မှောင်ကြုတ်သွားကာ မေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ"

နန်းကုန်းသက် ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ ညီမ ကိစ္စလေးတစ်ခုရှိလို့ အစ်ကို သွားလိုက်ဦးမယ်နော်၊ သည်မှာပဲ ထိုင်စောင့်နေပါ၊ ချက်ချင်း ပြန်လာခဲ့မယ်"

စကားဆုံးလျှင် ထိုင်ရာမှထကာ ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။



သုထင်းပါ သေဆုံးသွားသည့် သတင်းမှာ ကျောက်နဂါးဂိုဏ်းချုပ် သခင်မကြီး ချင်းစုလျှံထံသို့ ရောက်ရှိလာသည်။

ချင်းစုလျှံ အလွန်ဒေါသထွက်သွားလေသည်။

"သုထင်းပါဟာ ငါ အားကိုးအားထား ပြုရတဲ့လူ တစ်ယောက်ပါ၊ သူဟာ ငါ့အပေါ်မှာ သစ္စာလည်းရှိတယ်၊ သူ့အတွက်နဲ့ နန်းကုန်းစုကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

ကျောက်နဂါးဂိုဏ်းသားများသည် နန်းကုန်းစု၏ ရွှေဓားဂိုဏ်းအား ချက်ချင်း သွားရောက်တိုက်ခိုက်ရတော့မည်ဟု ထင်လာကြသည်။

သို့သော်...

"ခုချိန်မှာ သုထင်းပါထက် ပိုပြီး အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးတယ်၊ ဒါကြောင့် သုထင်းပါကိစ္စကို နောက်မှပဲ စာရင်းရှင်းမယ်"

ချင်းစုလျှံက ထိုသို့ပြောလာသဖြင့် ကျောက်နဂါးဂိုဏ်းနှင့် ရွှေဓားဂိုဏ်းတို့၏ တိုက်ပွဲကြီး ဖြစ်တော့မည့်အရေးမှ သီသီကလေး လွဲသွားတော့သည်။

ထိုအချိန်တွင် တစ်ဖက်က ရွှေဓားဂိုဏ်း၏ အစီအစဉ်ကို ကြည့်ပါဦး။

သန်းဖုံးအား အကြောင်းပြုကာ ကျောက်နဂါးဂိုဏ်းမှ ရန်ပြုလာမည့် အန္တရာယ်ကို နန်းကုန်းစု ကောင်းစွာနားလည်ထားသည်။

ထို့ကြောင့် ကျောက်နဂါးဂိုဏ်း၏ ရန်သူကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ကာ သတိဖြင့်စောင့်ဆိုင်းနေခဲ့သည်။

သို့သော် ကျောက်နဂါးဂိုဏ်းက တိုက်ခိုက်လာခြင်း မရှိချေ။

အခြေအနေအရပ်ရပ်သည် ပုံမှန်အတိုင်း ဘာမှမပြောင်းမလဲ ရှိနေသည်။

နန်းကုန်းစုလည်း တဖြည်းဖြည်း စိတ်အေးသွား၏။

ဤတွင် ရွှေဘိုဂိုဏ်းမှ ဝေထင်းနှင့် ပတ်သက်သော အတွေးများ ဝင်ရောက်လာပြန်တော့သည်။

ဝေထင်းက ရွှေဘိုဂိုဏ်း၏ သစ္စာဖောက်တစ်ယောက် ဖြစ်နေသည်ကို ယူကြုံးမရ ဖြစ်မိလေသည်။

သူက ဝေထင်းအကြောင်း တွေးတောနေစဉ် တိုက်တိုက်ဆိုင်ဆိုင်ပင် ဝေထင်း၏ မိဘများဖြစ်ကြသော အာဝီးနှင့် ကွေ့ရှမ်းတို့ ရောက်ရှိလာကြလေ၏။

နန်းကုန်းစု မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့ ဘာကိစ္စများ ရှိလို့လဲ"

အာဝီး ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးရယ် ... ဝေထင်းက မိုက်မဲပါတယ်၊ အခု သူ မသေသေးဘူးဆိုတဲ့ သတင်းကြားလို့ လာမေးတာပါ ခင်ဗျာ"

နန်းကုန်းစု ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ် ... သူ မသေသေးဘူး"

"သူ့ကို ..."

"သူ့ကို အပြစ်ဒဏ်ခတ်ဖို့ ကျုပ်သားကို လွှတ်ပြီး ခေါ်ခိုင်းလိုက်ပါပြီ"

"ဂိုဏ်းချုပ်ကြီး ခင်ဗျာ"

အာဝီးက တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်သောအခါ နန်းကုန်းစုက ဟန့်တားလိုက်လေသည်။

"ဂိုဏ်းရဲ့စည်းကမ်းကို ဖောက်ဖျက်ရင် ဘယ်သူမဆို အပြစ်



ပေးခံရလိမ့်မယ်၊ ဘယ်လိုအပြစ်ဒဏ် ခံရမယ်ဆိုတာတော့ သူ့ကို သေသေချာချာ စစ်ဆေးရဦးမယ်၊ ကဲ ... မင်းတို့ ပြန်ကြပေတော့"

အာဝီးနှင့် ကွေ့ရှမ်းတို့သည် နန်းကုန်းစုအား ဦးညွှတ်ကာ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

သူတို့လင်မယား ဂိုဏ်းချုပ်ကြီးရှေ့မှ ထွက်လာသည်။

ကွေ့ရှမ်း စိတ်သောက ရောက်နေပါသည်။

သူတို့၏ အခန်းသို့ ပြန်ရောက်သည်နှင့် စိတ်ပျက်စွာ ညည်းတွားလိုက်မိသည်။

"ဒုက္ခပဲ ... ဝေထင်းသာ ပြန်ရောက်လာမယ်ဆိုရင် ကျွန်မတို့ လူသတ်ခဲ့တဲ့အကြောင်းတွေ ပေါ်ပေါက်သွားတော့မှာပဲ"

အာဝီး သက်ပြင်းချလိုက်သည်။

"အေး ... ဒုက္ခရောက်မှာကို ကြောက်ရင် အစကတည်းက မဟုတ်တာ မလုပ်ရဘူးကွ၊ မင်းဟာ စိတ်ထင်ရာ တဖွတ်ထိုးလျှောက်လုပ်ခဲ့တာပဲ"

"ရှင် ... ရှင်"

ကွေ့ရှမ်း အံကြိတ်လိုက်သည်။

"ဝေထင်း ... မင်း တော်တော်ဒုက္ခပေးတာပဲ၊ မင်း သေသွားမှ အေးမယ်"

ဒေါသဖြင့် ဝေထင်းအား ကျိန်ဆဲလိုက်သည်။

ဝေထင်းသည် သူမ၏ သားဖြစ်သည်။

ကွေ့ရှမ်းက သားဖြစ်သူ ဝေထင်းအား အဘယ်ကြောင့် မုန်းတီးနေရပါသနည်း။

## အခန်း(၃၄)

# ပြန်လမ်းမဲ့လိုဏ်ဂူ

ဝေထင်းသည် မြို့တဲသို့ တိတ်တဆိတ် သွားကာ ကြူးကြူးအတွက် ဘယဆေးများ ဝယ်ယူခဲ့လေသည်။

သို့သော် သူ့အားလူနှစ်ယောက်က တွေ့ရှိသွားသည်ကို သတိမပြုမိခဲ့ချေ။

ဝေထင်းသည် ကြူးကြူးအတွက် ရေနွေးများလည်း ဝယ်ယူလာခဲ့သည်။

ကြူးကြူးသည် အပြင်းဖျားနေရာမှ သတိရလာသည်။

ထို့နောက် လိုဏ်ဂူထဲသို့ ပြန်လည်ရောက်ရှိလာသောအခါ ကြူးကြူးသည် သတိရနေသည်ကို တွေ့ရှိရသည်။

"ဟင် ... အစ်ကို ဘယ်သွားတာလဲ"

"ညီမအတွက် ဆေးသွားဝယ်တာ"

ကြူးကြူး အံ့သြသွား၏။

"အစ်ကိုက ဆေးသွားဝယ်တာကိုး"

ဟုတ်တယ် ... ညီမ"



"ဒုက္ခရှာလို့ရှင်"

မည်သို့ဆိုစေ ... ကြူးကြူးသည် သူမအပေါ်၌ ဝေထင်းက ဂရုတစိုက် ရှိနေသည်ကိုပီတိဖြစ်မိသည်။

ထိုအချိန်တွင် ဂူပေါက်ဝ၌ နောက်ယောက်ခံလိုက်လာပြီး တိတ်တဆိတ် ချောင်းကြည့်နေသော နန်းကုန်းသက်ကို သတိမထားမိလိုက်ကြချေ။

နန်းကုန်းသက်သည် အခြေအနေအရပ်ရပ်ကို အကဲခတ်ကြည့်ပြီးလျှင် တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားလေတော့သည်။

---

လက်ဖက်ရည်ဆိုင်လေးထဲ၌ လူရှင်းနေသည်။

သို့သော် မေယို့ချင်းက ထိုင်နေဆဲဖြစ်သည်။

လူထူးဆန်းတရှောင် လုံးဝပေါ်မလာချေ။

ခဏဆိုပြီး ထွက်သွားသည့် နန်းကုန်းသက်လည်း ရောက်မလာသေးပါ။

သူမထံသို့ ရောက်လာသူမှာ ဆိုင်လုလင်တစ်ယောက်သာဖြစ်သည်။

ဆိုင်လုလင်က စာတစ်စောင် ယူလာပေးခြင်းဖြစ်သည်။

"သည်က အစ်မလေးကို လူတစ်ယောက်က စာတစ်စောင်လာပေးသွားပါတယ်"

မေယို့ချင်း အံ့သြသွား၏။

"ဘယ်သူများလဲရှင်"

"မသိပါဘူး၊ သူက သည်စာလေး ပေးဖို့ပြောပြီး ချက်ချင်းပြန်ထွက်သွားတော့တာပါပဲ"

ထူးခြားသော ကိစ္စဖြစ်နေ၍ ပေ့ယို့ချင်းလည်း စာကို ချက်ချင်း ဖတ်ကြည့်လိုက်သည်။

"မင်း လိုက်ရှာနေတဲ့ ဇော်ထင်းဟာ အရှေ့ဘက်မြို့ဝင် ကျောက်တောင်ခြေက လိုဏ်ဂူထဲမှာ ရှိနေတယ်၊ အမြန်ဆုံး သွားတွေ့ပါ"

ဟု ရေးသားထားသည်မှာ ဤမျှသာဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ပေယို့ချင်း ဝမ်းသာသွားသည်။

ဘာကိုမှ စဉ်းစားမနေတော့ဘဲ ကျသင့်ငွေ ပေးချကာ ဆိုင်ထဲမှ ပြေးထွက်လာခဲ့တော့သည်။

တစ်ခဏအတွင်းမှာပင် အရှေ့ဘက် မြို့ပြင်သို့ ရောက်ရှိသွားကာ ကျောက်တောင်ခြေရင်းမှ လိုဏ်ဂူကြီးကို ရှာဖွေတွေ့ရှိသွားလေတော့သည်။

ထိုအချိန်တွင် ဇော်ထင်းက ကြူးကြူးအား ဆေးတိုက်နေ၏။

ကြူးကြူးက ကြေကွဲဖွယ် အဖြစ်အပျက်များကို တွေးတောနေရင်း မျက်ရည်များ ကျဆင်းနေလေသည်။

ဇော်ထင်းက အားပေးစကား ပြောလိုက်သည်။

"ညီမရယ် ... ဘာမှအားမငယ်ပါနဲ့၊ တစ်ချိန်ကျရင် အားလုံးအဆင်ပြေသွားမှာပါ၊ ခုတော့ နေကောင်းသွားအောင် ဆေးသောက်လိုက်ဦးနော်"

ကြူးကြူးက တရှုံ့ရှုံ့ ငိုကြွေးလိုက်မိသည်။

"ရှင်က အဆိပ်ဆေးလုံး သောက်ထားရတယ်။ ကျွန်မကို



မြှုစုနေလို့ မဖြစ်သေးဘူး၊ ဖြေဆေးရှာရဦးမယ် မဟုတ်လား၊ ထွက်သွားပါတော့ရှင်"

ဇော်ထင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အတွက် ဘာမှမပူပါနဲ့၊ ညီမ နေမကောင်းမချင်း ကျုပ် ဘယ်ကိုမှမသွားပါဘူး"

ဂူအပေါက်ဝ၌ ပေ့ယို့ချင်း ရောက်ရှိနေသည်ကို သူတို့နှစ်ဦးစလုံး မသိကြချေ။

ပေ့ယို့ချင်းသည် ဇော်ထင်းက ကြူးကြူးအား ကြင်နာစွာ မြှုစုယုယနေသည်ကို မြင်လျှင် ရင်ထဲ မချိအောင် ခံစားလိုက်ရ၏။

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြီး ရှိုက်ကာ ငိုကြွေးလိုက်လေသည်။ သူမ၏ ရှိုက်သံကြောင့် ဇော်ထင်းကို လှည့်ကြည့်လိုက်ပြီး တွေ့မြင်သွားလေတော့သည်။

"ဟင် ... ညီမလေး ယို့ချင်း ..."

ဇော်ထင်း လွှတ်ခနဲ ခေါ်လိုက်လေသည်။

ပေ့ယို့ချင်းက မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုရှိုက်ရင်း ပြေးထွက်သွားတော့သည်။

"ညီမ ... နေပါဦး"

ဇော်ထင်းလည်း ပေ့ယို့ချင်း နောက်သို့ ကပျာကယာ ပြေးလိုက်သွား၏။

သို့သော် ပေ့ယို့ချင်းကား တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ပေ့ယို့ချင်းသည် ကြေကွဲစိတ်ဖြင့် ဂမူးရှူးထိုး ပြေးလွှားလာရင်း တစ်နေရာသို့အရောက်တွင် လူတစ်ယောက်က လမ်းပိတ်ထားသည်ကို တွေ့လိုက်ရသည်။

နန်းကုန်းသက် ဖြစ်ပါသည်။

နန်းကုန်းသက်က ...

"ကျုပ် ပြန်ရောက်လာလို့ ညီမကို မတွေ့ရတော့တာနဲ့ လိုက်ရှာနေတာ၊ ညီမ ဘယ်လိုဖြစ်လာတာလဲ"

ပေယို့ချင်းက ...

"ကျွန်မ ... ကျွန်မ ဝေ့ထင်းကို တွေ့ခဲ့တယ်"

"ဟင် ... သူဘယ်မှာလဲ"

"သူ ... "

"ညီမက သူ့ကို တွေ့ချင်တယ်ဆို၊ သူရှိတဲ့နေရာကို သိပြီဆိုရင် သွားတွေ့ကြတာပေါ့"

နန်းကုန်းသက်က ဘာမှ မသိနားမလည်ဟန်ဖြင့် ပြောလိုက်ရာ ပေယို့ချင်း ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ... သူ့ကို ကျွန်မ မတွေ့ချင်တော့ဘူး"

"ညီမ ဘယ်လိုဖြစ်တာလဲ"

"သူက ... သူက တခြားမိန်းကလေးတစ်ယောက်ကို ဖြုန့်နေတာ သူ့ကို ကျွန်မ ဘယ်တော့မှ မတွေ့ချင်တော့ဘူး"

"ညီမရယ် ... "

ပေယို့ချင်းသည် နန်းကုန်းသက်၏ ရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

နန်းကုန်းသက် စိတ်ထဲမှ ပြုံးလိုက်သည်။

"ကဲ ... မင်း ဘာတတ်နိုင်သေးသလဲ"

သူ့စိတ်ထဲက အသံမထွက်ဘဲ ပြောလိုက်လေတော့သည်၊



ပေယို့ချင်း မျှော်လင့်ဘဲ ရောက်လာပြီး မိမိအပေါ် အထင်လွဲသွားပြီဖြစ်ကြောင်း ဝေ့ထင်း ရိပ်မိကာ စိတ်မကောင်းဖြစ်သွားသည်။

ကြူးကြူးကလည်း အဖြစ်အပျက်ကို သဘောပေါက်လိုက်၏။

"ရှင် ... သွားသင့်ပါပြီ"

သူမက အားယူကာ ပြောလိုက်မိ၏။

ဝေ့ထင်း ခေါင်းခါယမ်းလိုက်သည်။

"ညီမ နေကောင်းမှ ကျုပ်သွားမယ်လို့ ပြောပြီးပါပြီ"

"မဟုတ်သေးဘူး ... ကျွန်မ ... "

ကြူးကြူး စကားဆုံးအောင် မပြောလိုက်ရပါ။ ကျောက်ဂူထဲသို့ လူတစ်ယောက် ဝင်ယောက်လာခြင်းကြောင့် ဖြစ်သည်။

ထိုလူမှာ သန်းဖုံး ဖြစ်ပါတော့သည်။

"ဟား ... ဟား ... ဟား ... ဝေ့ထင်း သည်တစ်ခါတော့ မင်းပြေးလို့ မလွတ်တော့ဘူးကွ၊ ကျုပ်ရဲ့တပည့်တစ်ယောက်က ဘယဆေးဆိုင်မှာ ဆေးဝယ်နေတဲ့ မင်းကို အမှတ်မထင်တွေ့ခဲ့လို့ ကျုပ်ဆီကို အချိန်မီ သတင်းပို့ခဲ့တာပဲ၊ မင်း ဘာတတ်နိုင်သေးသလဲ"

ဝေ့ထင်း စိတ်ပျက်သွားသည်။

"ခင်ဗျားက ကျုပ်ကိုသတ်မယ် ဟုတ်လား"

သန်းဖုံး ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့၊ မင်းမရှိမှ ငါ့အတွက် စိတ်အေးရမယ်လေ"

ဝေ့ထင်းက ...

"ကျုပ်ကို သတ်ပစ်လိုက်ရင် မှားသွားမှာပေါ့ဗျာ၊ ရွှေရောင်ငှက်ရုပ်ရဲ့ လျှို့ဝှက်ချက်ကို ခင်ဗျား ဘယ်တော့မှ သိနိုင်တော့မှာ မဟုတ်ဘူး"

သန်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"ရွှေရောင်ငှက်ရုပ်ရဲ့ လျှို့ဝှက်ချက် ဟုတ်လား"

"မှန်တာပေါ့ဗျာ"

"နေပါဦး ... ရွှေရောင်ငှက်ရုပ်နဲ့ ပတ်သက်ပြီး မင်း ဘာတွေ သိထားလို့လဲ"

ဝေ့ထင်းက ခေါင်းခါယမ်းလိုက်သည်။

"သည်ကိစ္စကို မေးတိုင်း ပြောလို့ မကောင်းပါဘူးဗျာ"

သန်းဖုံး မဲ့ပြုံးပြုံးလိုက်လေသည်။

"ဝေ့ထင်း ... ငါ့ကို လှည့်စားလို့ ရမယ်မထင်နဲ့၊ သေဖို့သာ ပြင်ထားပေတော့"

ပြောရင် ရှေ့တိုးတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဝေ့ထင်းက လက်ကာပြလိုက်သည်။

"ခင်ဗျားမှ မသိသေးတာကိုး၊ ရွှေရောင်ငှက်ရုပ်မှာ ယို့ဝှား ဆိုတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်ဗျ"

"ဘာ ..."

"သည်လျှို့ဝှက်ချက်ကို ကျုပ်တစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိဘူးဆိုတာ သေချာပါတယ်၊ ကျုပ် အသေအချာ ပြောပါတယ်"

ဝေ့ထင်းက တည်ကြည်စွာ ပြောနေ၏။

သန်းဖုံး ဇဝေဇဝါဖြစ်သွားသည်။



ယို့ဝှားဆိုသော အမည်က စိတ်ဝင်စားသွားစေခဲ့သည်မဟုတ်ပါလား။

သန်းဖုံးက ဝေ့ထင်းအား စိုက်ကြည့်လိုက်သည်၊

"အေး ... လျှို့ဝှက်ချက်ကို ပြောပြရင် မင်းကို ချမ်းသာပေးမယ်၊ ဒါမှမဟုတ်ရင်တော့ ကျုပ်အဆိုးမဆိုနဲ့"

ဝေ့ထင်း ခေါင်းကုပ်လိုက်သည်။

"အင်း ... ကျုပ် ပြောပြချင်ပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ခါ သတိရတယ် မှတ်မိတယ်၊ တစ်ခါတစ်ခါ ဘာမှ သတိမရဘူး၊ မေ့နေတယ်၊ ဟော ... ခုလည်း မေ့နေပြန်ပြီဗျ"

သန်းဖုံးက ရယ်မောလိုက်လေသည်။

"ဩော် ... မင်းမှာ အခက်အခဲရှိနေတာကိုး၊ ကိစ္စမရှိဘူး၊ မင်းကို ငါ အချိန်ပေးနိုင်ပါတယ်"

ချက်ချင်းပင် ခါးစည်းကြိုးကို ဖြုတ်ကာ ရှေ့တိုးလာပြီး ဝေ့ထင်း၏ လက်နှစ်ဖက်ကို တုပ်နှောင်လိုက်လေသည်။

တစ်ခဏအတွင်းမှာပင် ဝေ့ထင်းသည် သန်းဖုံး၏ အကျဉ်းသား ဖြစ်သွားလေတော့သည်။

ဝေ့ထင်း ရယ်မောလိုက်သည်။

"ခင်ဗျားက အချိန်မပေးနိုင်မှတော့ ဘာပြောစရာ လိုဦးမှာလဲဗျာ"

ဘာမှ မတတ်သာတော့သဖြင့် သန်းဖုံးခေါ်ဆောင်ရာနောက်သို့ လိုက်သွားရတော့သည်။

ကျောက်ဂူပေါက်ဝသို့ ရောက်သောအခါ ဂူထဲသို့ အော်ပြောလိုက်သည်။

"ညီမ ကြူးကြူး ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပေတော့"

လိုဏ်ဂူအပြင်ဘက်သို့ ရောက်လျှင် သန်းဖုံးက သူနှင့်အတူ လိုက်လာသော တပည့်များအား တောအုပ်ထဲမှ နွယ်ကြိုးများ ဖြတ်ခိုင်းကာ ဇော်ထင်းအား ထပ်မံတုပ်နှောင်ပြန်သည်။

ထို့နောက် အကျဉ်းသားတစ်ယောက်ပမာ ဆွဲခေါ်သွားလေသည်။

ဇော်ထင်းက အမှုမထားဘဲ သီချင်းလေးတအေးအေးဖြင့် လိုက်ပါသွားသည်။

သန်းဖုံးက တစ်လမ်းလုံး စစ်ဆေးမေးမြန်းသွား၏။

ဇော်ထင်းကလည်း ကဖေါက်တိ ကပေါက်ချာ ပြောချင်ရာများ ပြောနေရာ ကြာသော် သန်းဖုံး စိတ်မရှည်တော့ချေ။

"သည်ကောင်ကို ဆုံးမလိုက်ကြဟေ့"

သူ၏တပည့်များကို အမိန့်ပေးလိုက်လေတော့သည်။

သန်းဖုံး၏ တပည့်များက ချက်ချင်းပင် ဝိုင်းဝန်းထိုးကြိတ်ကန်ကျောက်လိုက်ကြသည်။

"ဖုန်း ..."

"ခွပ် ..."

ဇော်ထင်း၏ မျက်နှာတစ်ခုလုံး အညိုအမည်း စွဲသွားတော့သည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ အနီရောင်ဝတ်ထားသည့် မိန်းကလေးတစ်ယောက် လာနေသည်ကို တွေ့ရ၏။

ဇော်ထင်း ဝမ်းသာသွားလေသည်။

"ဟော့ ... မိန်းမဆိုးလေး ကျုပ်ကို ကယ်ပါဦး"

သူ၏အောင်ပြောသံကြောင့် အနီရောင်ဝတ်ထားသော မာယာက တွေ့မြင်သွားလေ၏။



"ဟင် ... ဇော်ထင်း::"

ချက်ချင်း ပြေးလာလေသည်။

သန်းဖုံးက ဆီး၍ခေါက်လိုက်သည်။

"မိန်းကလေး ... ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲ ဝင်မရှုပ်ရင် ကောင်းမယ်၊ ကိုယ့်လမ်းကိုယ်သွားပါ"

မာယာက ရယ်မောလိုက်လေသည်။

"ကောင်းပါပြီရှင်"

သို့သော် သူမ ထွက်သွားခြင်းမပြုဘဲ လက်ဝှေ့ယမ်းလိုက်ကာ အဆိပ်အပ်တစ်ချောင်းဖြင့် ပိုက်ခိုက်လိုက်လေသည်။

သန်းဖုံးက ကမျာကယာ ရှောင်လိုက်ရာ ထိုအဆိပ်အပ်လေးသည် လွဲချော်သွားပြီး သန်းဖုံး၏ အနောက်ဘက်၌ ရပ်နေသော တပည့်တစ်ယောက်အား ထိမှန်သွားတော့သည်။

"အား ..."

ထိုလူ ချက်ချင်း လဲကျသေဆုံးကာ ပြင်းထန်သော အဆိပ်ကြောင့် တစ်ကိုယ်လုံး မည်းနက်ပြာနှမ်းသွားတော့သည်။

မာယာသည် သန်းဖုံးအား အဆိပ်အပ်ဖြင့် လုပ်ကြံရာ မအောင်မြင်သဖြင့် အဆိပ်မီးခိုးများ အသုံးပြုလိုက်ပြန်လေသည်။

"သည်တစ်ခါ ရှင် ရှောင်နိုင်ရင် ရှောင်ပေတော့"

မီးခိုးလုံးများ ရုတ်တရက် ထွက်ပေါ်ကာ တိုးဝင်လာခြင်းကြောင့် သန်းဖုံးနှင့် တပည့်များ နောက်ဆုပ်ကာ ရှောင်တိမ်းလိုက်ကြရသည်။

ဇော်ထင်းသည် အခွင့်အကောင်းယူကာထွက်ပြေးသွားလေ၏။

သန်းဖုံး ဒေါသထွက်သွား၏။

"မပြေးနဲ့ ..."

မိန်းမဆိုးလေး မာယာကိုပင် အမှုမထားဘဲ ဇော်ထင်းနောက်သို့ ပြေးလိုက်သွား၏။

"ရှင် ဘယ်ပြေးမလဲ"

မာယာကလည်း အော်ငေါက်ကာ ပြေးလိုက်လာလေသည်။

သို့ဖြင့် သုံးယောက်သား ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားကြရာ တစ်နေရာသို့ အရောက်တွင် ရှေ့မှ လူတစ်စု လာနေကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစုကား ကျောက်နဂါးဂိုဏ်းမှ သခင်မ ချင်းစုလျှံနှင့် မရဏဂိုဏ်းချုပ် ပုချန်းတို့ ဦးဆောင်သော လူစုဖြစ်သည်။

မာယာသည် ဆရာဖြစ်သော ပုချန်းကို မြင်လျှင် ထိတ်လန့်သွား၏။

ချက်ချင်းပင် နောက်ကြောင်းလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ဇော်ထင်းကော သန်းဖုံးပါ ခြလှမ်းရပ်လိုက်ကြ၏။

ချင်းစုလျှံတို့လူစုက လမ်းပိတ်ထားခြင်းကြောင့် ဆက်မသွားနိုင်တော့ပါ။

ချင်းစုလျှံသည် ဇော်ထင်းကို မြင်လျှင် သဘောကျစွာ ပြုံးလိုက်လေသည်။

"ဇော်ထင်း … မင်းကိုး"

သူမ ခေါင်းညိတ်လိုက်သည်၊

"ကောင်းတယ် … ခုလို တွေ့ရတာ အတော်ပဲ၊ မင်းကို ခေါ်သွားရမယ်"



သူမ၏ စကားကို သန်းဖုံး လက်မခံနိုင်အောင် ဖြစ်သွား၏။

"သူ့ကို ခေါ်သွားလို့မရဘူးဗျ"

ရှေ့သို့ လှမ်းထွက်ကာ ပြောလိုက်သည်။

ချင်းစုလျှံ မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

"ကျုပ်တစ်ယောက်လုံး ရှိနေလို့ပါဗျာ"

"ဪ …"

ချင်းစုလျှံ မဲ့ပြုံးပြုံးလိုက်လေသည်။

"ငါက မင်းကို ဂရုမစိုက်ဘဲ သူ့ကို ခေါ်သွားမယ်ဆိုရင်ကော"

သန်းဖုံး အံကြိတ်လိုက်သည်၊

"လွယ်ပါတယ် ကျုပ်ကို အနိုင်ယူနိုင်ရင် ခေါ်သွားပေါ့ဗျာ"

ချင်းစုလျှံက ဂရုမစိုက်ချေ။

"မင်းရဲ့ပညာက ဘယ်လောက်ရှိလို့လဲ"

သူမ၏ လက်ဝါးနှစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါ အေးစိမ့်သော အငွေ့အသက်များ လွှင့်ပျံသွားပြီး သန်းဖုံးထံသို့ တိုးဝင်သွားသည်။

အအေးဓာတ်အတွင်းအားဖြင့် စတင်တိုက်ခိုက်လိုက်ခြင်းဖြစ်ပါတော့သည်။

သန်းဖုံးသည် ချင်းစုလျှံ ကြောက်မက်ဖွယ်ကောင်းကြောင်း သိထားရကာ သတိကြီးစွာထားပြီး ပြန်လည်ခုခံလိုက်၏။

အတွင်းအား ထုတ်ဖော်ကာ လက်ဝါးနှစ်ဖက်ဖြင့် စုစည်းပြီး

"ယား …"

လက်ဝါးနှစ်ဖက်ကို ရှေ့သို့ တွန်းထုတ်လိုက်လေသည်။

သူတို့၏ တိုက်ပွဲကား အချိန်ကြာမြင့်လှသည် မဟုတ်ဘဲ သိုင်းကွက်တစ်ကွက်တည်းသာ ပြိုင်လိုက်ရခြင်း ဖြစ်သည်။

"ဝုန်း ..."

ကျယ်လောင်သော အသံ ထွက်ပေါ်လာကာ သန်းဖုံး ကမျှာကယာ နောက်ဆုတ်လိုက်ရလေသည်။

ချင်းစုလျှံ၏ အေးစိမ့်သော လက်ဝါးကြောင့် အတွင်းဒဏ်ရာ ရရှိသွားသည်။

သန်းဖုံး၏ တပည့်များက အခြေအနေ မဟန်မှန်း သိသောအခါ ကပျာကယာ နောက်ဆုတ်လိုက်ကြလေ၏။

ဝေ့ထင်းသည် အခွင့်အရေး ရလာသည်နှင့် အချိန်ဆွဲမနေတော့ဘဲ တစ်ဟုန်ထိုး ထွက်ပြေးသွားလေတော့သည်။

✤✤✤

ဝေ့ထင်းမှာ ကံဆိုးနေသည်ဟု ပြောရမလောက် ဖြစ်သည်။

သန်းဖုံး၏ လက်ထဲမှ လွတ်မြောက်လာခဲ့သော်လည်း ချင်းစုလျှံနှင့် ပုချန်းတို့က အလွတ်မပေးဘဲ လိုက်လာကြသဖြင့် အခက်ကြုံသွားရတော့သည်။

ပြေးရင်းလွှားရင်း တောင်တစ်လုံးပေါ်သို့ ရောက်လျှင် ပြေးပေါက်မရှိဘဲ ပိတ်မိသွားတော့သည်။

ချင်းစုလျှံနှင့် ပုချန်းကဲ့သို့ ထိပ်သီးသိုင်းသမားကြီးများ၏ လက်ထဲမှ လွတ်အောင်ပြေးဖို့ကား မလွယ်လှပါ။ လွတ်အောင် ပြေးနိုင်လျှင် သိုင်းထိပ်သီးသူရဲကောင်းတစ်ဦး ဖြစ်ရပေလိမ့်မည်။

"သေပေတော့ ..."



ချင်းစုလျှံက အော်ငေါက်ရင်း ဝေ့ထင်း၏ ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဝုန်း ..."

"အား ..."

ဝေ့ထင်းမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် လွင့်စင်သွားပြီး ပုချန်းဘက်သို့ ရောက်သွား၏။

"သေစမ်း ..."

ပုချန်းက ဝေ့ထင်း၏ ရင်ဝကို လက်ဝါးဖြင့် ဆီးကြိုရိုက်ချပစ်လိုက်လေသည်။

ဝေါ ..."

ဝေ့ထင်းသည် ပါးစပ်ထဲမှ သွေးများ အန်ထုတ်ကာ တောင်ထိပ်ပေါ်မှတစ်ဆင့် ချောက်ထဲသို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့သည်။

✤✤✤

ချင်းစုလျှံနှင့် ပုချန်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်လေသည်။

ချင်းစုလျှံက ပြော၏။

"ဝေ့ထင်းဟာ ဟိုတစ်ခါကလည်း ချောက်ထဲပြုတ်ကျသွားပြီး အားလုံးက သေပြီထင်မှတ်ခဲ့ကြပေမယ့် နောက်တော့မသေဘဲ သိုင်းလောကမှာ ပြန်ပေါ်လာခဲ့တယ် မဟုတ်လား"

ပုချန်း ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်မကြီး၊ သည်တစ်ခါတော့ အရင်လို

မဖြစ်ရလေအောင် ချောက်ထဲဆင်းပြီး တစ်ခါတည်း သုတ်သင်ရှင်းလင်းပစ်လိုက်ပါမယ်"

"ကောင်းပြီ"

ပုချန်းက ကိုယ်ဖော့ပညာအသုံးပြုကာ ချောက်ထဲသို့ လျင်မြန်စွာ ဆင်းသွားသည်။

ချင်းစုလျှံလည်း လိုက်သွား၏။

နက်ရှိုင်းသော ချောက်နက်ကြီးထဲသို့ ငှက်ကလေးများ ပျံဝဲသည့်ပမာ ပေါ့ပါးစွာ ဆင်းသွားကြခြင်း ဖြစ်သည်။

တစ်ခဏအချိန်အတွင်းမှာပင် နှစ်ယောက်သား ချောက်ထဲရောက်သွားကြ၏။

သူတို့ ကြာကြာ မရှာလိုက်ရပါ။ ချုံဖုတ်ကြီးတစ်ခုပေါ်၌ လဲကျကာ ညည်းတွားနေသော ဝေ့ထင်းအား တွေ့မြင်လိုက်ကြရလေတော့သည်။

ချင်းစုလျှံနှင့် ပုချန်းတို့ အချင်းချင်း ကြည့်ကာ ပြုံးလိုက်ကြ၏။

"သည်ကောင်က ကံကောင်းတာပဲလား၊ အသက်ပြင်းတာပဲလား မဆိုနိုင်တော့ဘူး"

ပုချန်း၏ စကားကြောင့် ချင်းစုလျှံ ခေါင်းခါယမ်းလိုက်၏။

"အသက်ပြင်းတာ ကံကောင်းတာ လောကမှာ မဖြစ်နိုင်တော့ဘူး၊ ကျုပ်တို့ ချောက်ထဲကို ရောက်လာမှတော့ သူ ဘာတတ်နိုင်တော့မှာလဲ"

ထိုစဉ် ဝေ့ထင်းသည် ပုချန်းတို့ ပြောဆိုနေကြသည့် စကားများကို ကြားသွားပြီး ချုံပုတ်ကြီးပေါ်မှ လိမ့်ချကာ ထွက်ပြေးလေတော့သည်။



ခွန်အားရှိ၍ ထွက်ပြေးခြင်းမျိုးမဟုတ်ဘဲ သွေးရူးသွေးတန်းပြေးပုံမျိုး ဖြစ်နေသည်။

ပုချန်း ဒေါပွသွားသည်။

"သည်ကောင်က ခုချိန်အထိ ထွက်ပြေးချင်သေးတယ်"

ချက်ချင်းပင် ဝေ့ထင်းနောက်သို့ လိုက်သွားရာ ချင်းစုလျှံလည်း ပြေးလိုက်သွားသည်။

ဝေ့ထင်းမှာ တစ်ကိုယ်လုံး အရိုးများ ကျိုးပဲ့ကြေမွသွားပြီဟုပင် ခံစားနေရ၏။

အသက်ရှု၍ မဝတော့ဘဲ မျက်လုံးများ ပြာဝေနေ၏။

သို့သော် ရန်သူလက်မှ လွတ်မြောက်နိုင်ရန် ကြိုးစားအားထုတ်နေဆဲ ဖြစ်သည်။

ပြေးရင်းလွှားရင်း ခြေမခိုင်တော့ဘဲ လဲကျသွားသည်။

"ဝုန်း ..."

ဝေ့ထင်း စိတ်မလျှော့ပါ။ လေးဘက်ထောက်ကာ ဆက်၍ပြေးသွားနေသည်။

ဝေ့ထင်း သွေးရူးသွေးတန်း ထွက်ပြေးနေသည်ကိုကြည့်ကာ ပုချန်းနှင့် စုချင်းလျှံမတို့ တဟားဟား ရယ်မောလိုက်ကြလေသည်။

ထို့နောက် အေးအေးဆေးဆေးပင် လက်နှစ်ဖက် နောက်ပစ်ကာ လိုက်သွားကြလေ၏။

ဝေ့ထင်းမှာ သူတို့လက်မှ လွတ်မြောက်နိုင်တော့မည် မဟုတ်၍ အေးအေးဆေးဆေး လိုက်သွားကြခြင်းလည်း ဖြစ်လေသည်။

ကျောက်တုံးကျောက်ခဲများ သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သွားကြရင်း အေးစိမ့်နေသော တောင်ကြားတစ်ခုအတွင်းသို့ ရောက်ရှိသွားကြသည်။

ဇေထင်း ပြေးသွားရာ လမ်းတစ်လျှောက်တွင် သွေးစက်များ ကျန်ရစ်ခဲ့လေသည်။

ဇေထင်းက ဒရောသောပါး ပြေးသည့်တိုင် ပုချန်းတို့က အေးအေးဆေးဆေး လိုက်လာကြသည့်တိုင် မကြာမီ ဇေထင်းအား မီလာကြလေသည်၊

ရုတ်တရက် ဇေထင်းသည် ကျောက်ဂူကြီးတစ်ခုအတွင်းသို့ တိုးဝင်သွားလေသည်။

ပုချန်းတို့၏ မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

"ဟင် ..."

ယခုမှ ပုချန်းတို့သည် ဇေထင်း လွတ်မြောက်သွားမည်ကို စိုးရိမ်လာကြသည်။ .

ကျောက်ဂူရှိရာသို့ ကပျာကယာ ပြေးသွားကြ၏။

နှစ်ယောက်သား ကျောက်ဂူရှေ့သို့ ရောက်လျှင် ချင်းစုလျံက ဝင်မည်လုပ်သည်။

"မဝင်နဲ့ ..."

ပုချန်းက အထိတ်တလန့် အော်လိုက်သည်။

ချင်းစုလျံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ပုချန်းကို ပြန်ကြည့်သည်။

"ဘာဖြစ်လို့လဲ"

"ဟိုမှာကြည့်ပါဦး"

ပုချန်းက ကျောက်ဂူနံဘေး၌ စိုက်ထူထားသော ကျောက်ပြား တစ်ခုကို ညွှန်ပြလိုက်လေသည်။

ထိုကျောက်ပြားမှာ လွန်ခဲ့သည် နှစ်ပေါင်းများစွာကပင်



စိုက်ထူထားခဲ့ဟန်ရှိသည်။ ရေညှိများတက်ကာ မည်းညစ်ညစ် ဖြစ်နေသည်။

သို့တိုင် ကျောက်ပြားပေါ်၌ ရေးထွင်းထားသော စာလုံးများကို အတိုင်းသား တွေ့မြင်နေရလေသည်။

"ပြန်လမ်းမဲ့ဂူ"

ချင်းစုလျံက စာကိုဖတ်ပြီးလျှင် ပုချန်းကို ကြည့်လိုက်လေသည်။

"ဒါက ဘာသဘောလဲ"

"ပြန်လမ်းမဲ့ဂူဆိုတာ နာမည်နဲ့လိုက်အောင် ဂူထဲဝင်သွားပြီးရင် အသက်ရှင်လျက် ပြန်ထွက်မလာနိုင်တော့ဘူး၊ ဂူထဲမှာ အဆိပ်ငွေ့တွေ ပျံ့လွင့်ဖုံးလွှမ်းထားတယ်၊ ဘယ်သူမဆို ဂူထဲရောက်တာနဲ့ အဆိပ်ငွေ့တွေ ရှူရှိုက်မိပြီး သေဆုံးသွားရလိမ့်မယ်"

ချင်းစုလျံ မျက်မှောင်ကြုတ်လိုက်သည်။

"ရှင့်ကိုကြည့်ရတာ သည်လိုက်ဂူအကြောင်း အတော့်ကလေး သိထားပုံရတယ်"

ပုချန်းက ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်တယ် ... သိုင်းလောကသားအတော်များများလည်း သိကြပါတယ်၊ သည်ဂူထဲမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က လူထူးဆန်းသိုင်းသမားနှစ်ယောက် နေထိုင်ခဲ့ကြတယ်၊ မိုးဓားနဲ့ ငရဲဓားလို့ နာမည်ကြီးတဲ့ သိုင်းသမားနှစ်ယောက်ပဲ"

ချင်းစုလျံ အံ့သြသွားလေသည်။

"မိုးဓားနဲ့ ငရဲဓား ဟုတ်လား၊ သည်နာမည်ကို ကျွန်မ ကြားဖူးပါတယ်"

ပုချန်းက ...

"သူတို့ သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တုန်းက ဖြိုင်ဘက်ကင်းခဲ့တယ်၊ သူတို့နဲ့ ယှဉ်ပြိုင်ခဲ့တဲ့သူတိုင်း တစ်ယောက်မှ အသက်မရှင်ခဲ့ကြဘူး၊ သူတို့အချင်းချင်းလည်း မတည့်ကြဘူး၊ သူသာတယ်၊ ငါသာတယ်ဆိုပြီး အမြဲတမ်း အငြင်းပွားခဲ့ကြတယ်၊ အချင်းချင်း အမြဲတမ်း ပညာပြိုင်လေ့ရှိတယ်၊ နောက်ဆုံးတော့ သိုင်းလောကက ပျောက်ကွယ်သွားခဲ့ကြတယ်"

ချင်းစုလှိုင်က မေးလိုက်သည်။

"သူတို့ဟာလည်း သည်ကျောက်ဂူနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ၊ ပြောစမ်းပါဦး"

ပုချန်းက ...

"သူတို့ဟာ သည်လိုဏ်ဂူထဲမှာ လာနေကြတယ်လို့ ပြောကြတယ်၊ သူတို့ကို တွေ့ချင်တဲ့လူတွေဟာ သည်ကျောက်ဂူထဲကို ဝင်သွားခဲ့ကြတယ်၊ ဒါပေမယ့် တစ်ယောက်မှ ပြန်ထွက်မလာခဲ့ကြတော့ဘူး"

ချင်းစုလှိုင် သက်ပြင်းချက်လိုက်လေသည်။

"ဒါဟာ သိုင်းလောကရဲ့ ပဟေဠိတစ်ခုပါပဲ"

ပုချန်းက နှာက်ဆုတ်လိုက်၏။

ဂူထဲဝင်သွားသည့် ဝေ့ထင်း ပြန်ထွက်လာနိုင်ပါဦးမည်လော၊

❖❖❖

## အခန်း(၃၅)

## မိတ်ဆွေစစ်

ပြန်းလမ်းမဲ့ လိုဏ်ဂူ။

ချင်းစုလှိုင်က ပြန်လမ်းမဲ့ဂူထဲသို့ မဝင်ဘဲနေရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ပုချန်း ဘာမှမပြောတော့ပါ။

နှစ်ယောက်သား တောင်ကြားထဲမှ ထွက်လာခဲ့ကြစဉ် လူတစ်စုက မိန်းကလေးတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။

ကျောက်နဂါးဂိုဏ်းသားများက မာယာကို ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။

ကျောက်နဂါးဂိုဏ်းသားများကို တွေ့လျှင် ပုချန်း မျက်နှာခက်ထန်သွားလေ၏။

ချင်းစုလှိုင်က ပုချန်းကို ကြည့်လိုက်သည်။

"ဝေ့ထင်း သည်တစ်ခါတော့ အသက်ရှင်စရာအကြောင်းမရှိတော့ဘူး"

ပုချန်း ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ်၊ ကျုပ်ရဲ့ အဆိပ်လက်ဝါးနဲ့ သခင်ကြီးရဲ့ အအေးလက်ဝါးဒဏ်ကို ခံရတဲ့အပြင် ပြန်လမ်းမဲ့လိုဏ်ဂူထဲ ရောက်သွားပြီဆိုတော့ ဘယ်နည်းနဲ့မှ အသက်ရှင်စရာ အကြောင်းမရှိတော့ပါဘူး"

ချင်းစုလျှံက ...

"ဆူးညှောင့်ခလုတ်တစ်ခုကို ရှင်းပစ်နိုင်လိုက်တာ ဝမ်းသာစရာပါပဲ"

ပုချန်းက ...

"ဟုတ်တယ် ... ကျုပ်ကလည်း တပည့်မိုက်ကို ဆုံးမရဦးမယ်"

ထိုစကား ကြားသောအခါ မာယာက မျက်နှာပျက်သွားလေတော့သည်။

ပုချန်းက မေးလိုက်သည်။

"ကဲ ... မင်း ဘာပြောချင်သလဲ"

မာယာက တောင်းပန်လိုက်လေသည်။

"ကျွန် ... ကျွန်မကို ခွင့်လွှတ်ပါ ဆရာရယ်"

သူမ မျက်နှာလေး ငယ်နေသလို လေသံပျော့နေ၏။

သို့သော် ပုချန်း၏ မျက်နှာ ပိုပြီးခက်ထန်သွား၏။

"ဟား ... ဟား ... ဟား ... မင်းကို ခွင့်လွှတ်ရမယ် ဟုတ်လား၊ မင်းရဲ့ အပြစ်တွေက ခွင့်လွှတ်စရာရှိလို့လား၊ မင်းကို အခုချက်ချင်း ငါကိုယ်တိုင် သတ်မယ်"

မာယာက ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"ဆရာ ... ကျွန်မကိုသတ်ရင် ဆရာမှားသွားပါလိမ့်မယ်၊ ကျွန်မက ရွှေရောင်ငှက်ရုပ်အကြောင်း သိထားပါတယ်"



"ဘာ ..."

ပုချန်းသာမက ချင်းစုလျှံပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချင်းစုလျှံက မေးလိုက်လေသည်။

"ရွှေရောင်ငှက်ရုပ်အကြောင်းကို ညည်းသိတယ် ဟုတ်လား၊ ကဲ ပြောစမ်း ... ဘယ်မှာလဲ"

မာယာက ...

"သန်းဖုံးလက်ထဲမှာ ရှိနေပါတယ်"

သူမ တောင်းပန်လိုက်သည်။

"သန်းဖုံးကို ကျွန်မ လိုက်ရှာပေးနိုင်ပါတယ်"

ချင်းစုလျှံသည် သူမလက်ချက်ကြောင့် ဒဏ်ရာရသွားသည့် သန်းဖုံးအား မြင်ယောင်လာလေသည်။

မည်သို့ဆိုစေ ရွှေရောင်ငှက်ရုပ်အကြောင်း သိလိုက်ရပြီဖြစ်ရာ ဝမ်းသာသွားပြီး ပုချန်းအား ပြောလိုက်သည်။

"သူ့ကို ချမ်းသာပေးလိုက်ပါ"

ပုချန်း ဒေါသဖြစ်နေသော်လည်း စုချင်းလျှံ၏ စကားကို မငြင်းနိုင်ချေ။

"ကောင်းပါပြီ သခင်မကြီး"

ချင်းစုလျှံသည် ရှေ့တိုးကာ မာယာ၏ မေးကို လက်ညှိုးလက်မနှစ်ချောင်းဖြင့် ဂဏန်းညှပ်သကဲ့သို့ ညှစ်ကာ ဖျစ်လိုက်လျှင် မာယာမှာ အလိုလိုပါးစပ်ဟပြီးသား ဖြစ်သွား၏။

ချင်းစုလျှံ၏ အဆိပ်ဆေးလုံးလေး တစ်လုံးသည် သူမ၏ ပါးစပ်ထဲသို့ ရောက်သွားပြီး အလိုလျောက် မျိုချပြီးသား ဖြစ်သွားသည်။

ချင်းစုလျှံက နောက်သို့ ပြန်ဆုတ်ကာ ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

"သည်တစ်ခါ ငါ့ကို လိမ်ရင် ညည်းကိုဖြေဆေးမပေးတော့ဘူး"

သူမသည် အိုရန်လေး ဘက်သို့လှည့်လာ အမိန့်ပေးလိုက်လေသည်၊

"သန်းဖုံး ဘယ်မှာရှိတယ်ဆိုတာ ရအောင်စုံစမ်းပါ"

"ကောင်းပါပြီ သခင်မကြီး"

အိုရန်လေးက ဦးညွှတ်လိုက်၏။

ချင်းစုလျှံသည် မာယာကို အမှုမထားဘဲ သွားလေတော့သည်။

ပုန်ချန်းလည်း နောက်မှ လိုက်သွားသည်။

မာယာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ဇေ့ထင်းသည် လိုဏ်ဂူထဲသို့ လေးဘက်ထောက်ကာ ဝင်ရောက်သွားသည်။

ဂူထဲရောက်သည်နှင့် မြင်ကွင်းတစ်ခုလုံး ပီပီပြင်ပြင် ထင်ထင်ရှားရှား ရှိနေသည်ကို တွေ့လိုက်ရသည်။

သစ်ပင်ပန်းမန်များဖြင့် စိုပြည်စိမ်းလန်းနေသည်။

ထို့အပြင် အလွန်ခမ်းနားထည်ဝါသော အဆောက်အဦကြီးတစ်ခု ရှိနေသည်ကိုလည်း တွေ့ရလေသည်။

ဇေ့ထင်းသည် ထူးခြားအံ့သြဖွယ်မြင်ကွင်းကြောင့် မှင်တက်မိနေတော့သည်။



မည်မျှကြာအောင် ငေးမောနေမိမှန်း မသိချေ။

"ချွမ်း ... ချွမ်း"

ဓား ဓားချင်း ထိခတ်သံများ ကြားလိုက်ရတော့မှ သတိဝင်လာမိသည်။

ဇေ့ထင်းသည် ခြေကုန်လက်ပန်းကျကာ ဝမ်းလျားမှောက်အနေအထားရှိနေရာမှ ခေါင်းထောင်ကြည့်လိုက်မိ၏။

ထိုအခါ မလှမ်းမကမ်း၌ လူနှစ်ယောက် ဓားရေးယှဉ်ပြိုင်နေကြသည်ကို တွေ့လိုက်ရလေတော့သည်။

ဇေ့ထင်းက မျက်လုံးကိုလက်ဖြင့်ပွတ်ရင်း သေသေချာချာကြည့်လိုက်ရာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိ အဘိုးအိုနှစ်ယောက်ဓားပညာယှဉ်ပြိုင်နေကြခြင်း ဖြစ်သည်ကို တွေ့ရှိလိုက်သည်။

တစ်ယောက်က အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး သူ၏ ဖြူဖွေးသော ဆံပင်များတွင် သေးငယ်သော ခေါင်းလောင်းကလေးတစ်လုံး တပ်ဆင်ထားသည်။

ကျန်တစ်ယောက်က အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

သူ၏ ဆံပင်များကိုမူ နှားပန်းဆံသဖွယ် ကြက်တောင်စည်းစည်းနှောင်ထားသည်။

ထိုအဘိုးအိုနှစ်ယောက်သည် လိုဏ်ဂူထဲသို့ ဇေ့ထင်းဝင်ရောက်လာသည်ကို သတိမပြုမိဘဲ အနိုင်ရရှိရေးအတွက် သဲကြီးမဲကြီး ယှဉ်ပြိုင်နေကြသည်။

ဇေ့ထင်းက ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေတော့သည်။

မကြာပါချေ။

"မှန်း ..."

ကျယ်လောင်သော အသံထွက်ပေါ်လာသော အဘိုးအို နှစ်ဦးစလုံး ဝေထင်းနှင့် မနီးမဝေးသို့ လွင့်စင်ကျလာသည်။

သူတို့ လူးလှိမ့်ထလိုက်ကြသောအခါ ဝေထင်းကို တွေ့မြင်သွားကြလေ၏။

သို့တိုင် ယှဉ်ပြိုင်ဖို့သာ စောကပ်နေကြသဖြင့် ဝေထင်းကို ဂရုမစိုက်နိုင်ကြပါ။

"ယား ..."

ဩသံပေးကာ နောက်တစ်ကြိမ် ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသည်။

သူတို့၏ ဓားကွက်များက ထူးဆန်းနေသည်။

တစ်ခါတစ်ရံတွင် မှန်းဆ၍မရအောင် မမျှော်လင့်သောရှုထောင့်များမှ တိုက်ခိုက်တတ်ကြသည်။

တစ်ခါတစ်ဌမှ သူတို့၏ ဓားကွက်များမှာ ကလေးဆန်လှသည် ဆိုရလောက်အောင် ရိုးစင်းနေပြန်သည်။

တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ ယှဉ်ပြိုင်ကြသည်။ သူတို့သည် သုံးခါတိုင်တိုင် နှစ်ယောက်စလုံး လွင့်စင်သွားကြသည်။

လဲကျသွားတိုင်း ဝေထင်းအား တွေ့မြင်သွားသည်ချည်းဖြစ်ပါသည်။

သို့သော် သတိမမူဘဲ ယှဉ်ပြိုင်ရန်သာ စိတ်စောနေကြပြီး တတိယအကြိမ် မြောက်လဲကျသွားရာမှ ပြန်ထမလာကြသောအခါတွင်မှ သူတို့သည် ဝေထင်းအား ဂရုစိုက်မိကြတော့သည်။

နှစ်ယောက်သား ယှဉ်ပြိုင်တိုက်ခိုက်ဖို့ မေ့လျော့သွားကြ၏။



ဝေထင်းကို မျက်လုံးပြူးကာ ကြည့်လိုက်ကြသည်။

တစ်ယောက်က လှမ်းမေးလိုက်သည်။

"ဟေ့ ... သူငယ် မင်း ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ဂူထဲကို ရောက်လာရတာလဲ"

ဝေထင်းက အားယူကာ အဖြေပေးလိုက်သည်။

"ကျွန်တော် လေးဘက်ထောက်ပြီး ဝင်လာတာပါ"

စကားဆုံးသောအခါ ဝေထင်းမှာ ရရှိထားသည့် ဒဏ်ရာများကို တောင့်မခံနိုင်တော့ဘဲ မေ့မျောသွားလေတော့၏။

✤✤✤

ပေ့ယို့ချင်းသည် ကြေကွဲစွာ ငိုကြွေးနေသည်။

နန်းကုန်းသက် အားပေးနှစ်သိမ့်လိုက်သည်။

"ညီမရယ် ... ငိုမနေပါနဲ့တော့၊ သူကမှ မကောင်းတာပဲ၊ သူ့အပေါ် သံယောဇဉ် ထားနေလို့လည်း အပိုပဲပေါ့"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မကတော့ သူ့အတွက် စိတ်ပူလိုက်ရတာ၊ သူကတော့ တခြားမိန်းမတစ်ယောက်ကို ဂရုစိုက်နေတယ်"

နန်းကုန်းသက် သက်ပြင်းချလိုက်သည်။

"ဝေထင်း သည်လောက်သစ္စာမဲ့လိမ့်မယ်လို့ အစ်ကို မထင်မိဘူး၊ အင်းလေ သူ့အကြောင်းကို စောစောသိလိုက်ရတော့လည်း ကောင်းတာပေါ့"

ထိုစဉ် ...

"ဝေထင်း ... ဟုတ်လား၊ သူ ဘယ်မှာလဲ"

မေးမြန်းသံနှင့်အတူ လူထူးဆန်းတုရှောင်ရောက်ရှိလာလေသည်။

နန်းကုန်းသက် မကျေမနပ် ဖြစ်သွားလေသည်။

"ခင်ဗျား ဘာလာရှုပ်တာလဲဗျ"

"ဘာကွ ... ငါက ဝေ့ထင်းကို လာရှာတာ၊ သူ ဘယ်မှာလဲ ပြောစမ်း"

တုရှောင် ဒေါပွကာ ပြန်လည်အော်ဟောက်လိုက်လေသည်။

ပေ့ယို့ချင်းက ကြားဝင်ပြောလိုက်သည်။

"သူဟာ မြို့ပြင်ကျောက်တောင်ခြေက လိုဏ်ဂူထဲမှာ ရှိနေပါတယ် ရှင်"

"နေပါဦး ... မင်းက ... "

"ကျွန်မ တောင်းပန်ပါတယ်၊ သူ့အကြောင်းကို ဘာမှမပြောချင်တော့ပါဘူး၊ ကြားလည်း မကြားချင်တော့ပါဘူး"

ပေ့ယို့ချင်းက ချက်ချင်းထွက်ခွာသွားလေတော့သည်။

"ညီမ ... ညီမ"

နန်းကုန်းသက် ကပျာကယာ ပြေးလိုက်သွားသည်။

ထိုအဖြစ်အပျက်ကိုကြည့်ကာ တုရှောင်သက်ပြင်းချလိုက်၏။

"မိန်းကလေးတွေ မလွယ်ပါလား၊ ဝေ့ထင်း ... ဝေ့ထင်း သူတို့လေးတွေကြောင့် တစ်နေ့မင်း ဒုက္ခရောက်မှာကို မြင်ယောင်မိပါသေးတယ်ကွာ"

ညည်းတွားပြီးလျှင် မြို့ပြင်သို့ ဦးတည်ကာ ကပျာကယာ ပြေးလွှားသွားလေတော့သည်။

တုရှောင်သည် မြို့ပြင်သို့ ရောက်ရှိသွားပြီး ရှာဖွေသောအခါ မကြာမီ ကျောက်ဂူကြီးကို ရှာဖွေတွေ့ရှိသွားသည်။



တုရှောင်က ကျောက်ဂူအနီးသို့ ချဉ်းကပ်သွားပြီး အကဲခတ်လိုက်ရာ အတွင်းဘက်မှ စကားပြောသံ၊ ရယ်မောသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေသည်။

"ဟဲ ... ဟဲ ... ကျုပ်က လွယ်လွယ်နဲ့ ဖွဲ့လျှော့မှာ မဟုတ်ဘူးဆိုတာကို သခင်မလေး သိသင့်တာပေါ့"

"ရှင် ... ရှင်"

"ခုတော့ ဘယ်သူမှ မရှိကြတော့ဘူး၊ သခင်မလေး တစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့ပြီ မဟုတ်လား၊ ဘာမှမပူပါနဲ့၊ ကျုပ် သခင်မလေးကို အဖော်လုပ်ပေးပါ့မယ်"

တုရှောင်က ချောင်းကြည့်လိုက်ရာ လောက်တနှင့် လောက်အောင့်တို့က ကြူးကြူးအား ဆွဲလွဲနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တုရှောင်ရိပ်ခနဲ ဂူထဲရောက်သွား၏။

"ဝုန်း ... "

တုရှောင်၏ ခြေတောက်ကန်ချက် ထိသွားသော လောက်တမှာ အဝေးသို့ လွင့်စင်သွားသည်။

လောက်အောင့် မျက်လုံးပြူးသွား၏။

"ခင်ဗျား ... "

သူ၏ စကားမဆုံးမီ တုရှောင်က ပါးရိုက်ချလိုက်ရာ ...

"ဖြန်း ... "

"အား ... "

မြေပေါ် ခွေခနဲ လဲကျသွားတော့သည်။

ကြူးကြူးသည် တုရှောင်ရောက်ရှိလာသည်ကို မြင်သောအခါ လွန်စွာ ဝမ်းသာအားရဖြစ်သွားလေ၏။

လောက်တနှင့် လောက်အောတို့ ကပျာကယာ လှူးလိုက်မှ ထလိုက်ကြလေသည်။

သူတို့သည် တုရှောင်အား ကောင်းစွာ သိထားကြ၏။

ထွက်ပြေးလိုကြပါသော်လည်း တုရှောင်က ဂူပေါက်ဝကို ပိတ်ကာ ရပ်နေသကဲ့သို့ ရှိနေခြင်းကြောင့် မပြေးသာကြတော့ပေ။

တုရှောင်ဝမ်းသာသွားသည်။

"ဒါဖြင့် ဆရာနဲ့ ဝေ့ထင်းတို့ တွေ့ခဲ့ကြတာဆို အခု ဘယ်မှာလဲ"

"သူ့ကို သန်းဖုံးက ဖမ်းသွားတယ်ရှင့်"

"ဘာ ..."

တုရှောင် မကျေမနပ် ဖြစ်သွားလေသည်။

ထိုစဉ် ...

"ဟား ... ဟား ... ဟား ..."

လောက်တက တဟားဟား ရယ်မောလိုက်သည်။

တုရှောင် ကျွဲမြီးတိုသွားသည်။

"မင်း, ဘာရယ်တာလဲ၊ သေချင်လို့လား"

လောက်တက ...

"ကျုပ် သေချင်လို့မဟုတ်ဘူး၊ ဝေ့ထင်းက သေသွားပြီဗျ"

"ဘာ ..."

"သူဟာ သန်းဖုံးရဲ့ လက်ထဲက ထွက်ပြေးသွားပြီး ပြန်လမ်းမဲ့တောင်ကြားထဲကို ရောက်သွားတယ်လေ"

"မင်း ... မင်း ..."

တုရှောင် မယုံနိုင်အောင် ဖြစ်သွားသည်။



"ဝေ့ထင်းဟာ မိုးတား၊ ငရဲတားနဲ့ ပြန်လမ်းမဲ့လိုဏ်ဂူထဲကို ဝင်သွားပြီးတဲ့နောက် ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်တော့မှာလဲဗျ"

တုရှောင် မျက်နှာပျက်သွားတော့၏။

ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ မြေပေါ် ထိုင်ချရင်း ညည်းတွားလိုက်မိသည်။

"ဝေ့ထင်း ... မင်း ဘာကြောင့် သည်လောက်မိုက်မဲရတာလဲ၊ ပြန်လမ်းမဲ့ တောင်ကြားထဲ ဝင်မိရင် ဘယ်သူမှ အသက်ရှင်လျက် ပြန်ထွက်မလာနိုင်ကြတော့ဘူးဆိုတာ မင်း မသိဘူးလား"

ဝေ့ထင်း သေရတော့မည်ဟု တွေးကာ တုရှောင်၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာတော့သည်။

တုရှောင်က ဘာကိုမျှ အမှုမထားတော့သည်ကို တွေ့ရလျှင် လောက်တနှင့် လောက်အောတို့သည် အချင်းချင်း, မျက်ရိပ်ပြလိုက်ပြီး လိုဏ်ဂူအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားကြလေ၏။

တုရှောင်က တွေ့မြင်နေရသော်လည်း ဂရုမစိုက်တော့ပါ။

ကြူးကြူးသည် တုရှောင်ကို ငေးကြည့်ရင်း ဝမ်းနည်းကြေကွဲနေမိသည်။

"ဝေ့ထင်း ... မင်းသေရတော့မယ်ဆိုရင် ငါလည်း အသက်မရှင်တော့ဘူး"

ကျယ်လောင်စွာ အော်ဟစ်ကာ လိုဏ်ဂူအပြင်ဘက်သို့ ပြေးထွက်သွားတော့သည်။

ကြူးကြူး ရင်ထိတ်သွားမိသည်။

"တုရှောင် ... တုရှောင်"

အော်ခေါ်ရင်း နောက်က ပြေးလိုက်သွားတော့သည်။

✤✤✤

## အခန်း(၃၆)

# အပြိုင်အဆိုင်

ညိုညာသော ကြမ်းပြင်ပေါ်ဝယ် ချောမွတ်နေသော ကျောက်ပြားဝိုင်းတစ်ချပ် ချထား၏။

ကျောက်ပြားပေါ်၌ ဝေ့ထင်းက တင်ပျဉ်ခွေ ထိုင်နေ၏။

သူ၏ရှေ့တွင် အနက်ရောင် အဘိုးအိုက ထိုင်နေပြီး သူ၏ နောက်ကျောဘက်၌ အဖြူရောင်ဝတ်ထားသော အဘိုးအိုက ထိုင်နေ၏။

အဘိုးအိုနှစ်ယောက်စလုံး၏ မျက်နှာများသည် တည်ကြည်လေးနက်နေသည်။

အဖြူရောင်အဘိုးအိုက ဝေ့ထင်း၏ ကျောပြင်ကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်၏။

"ဖုတ်"

လက်ဝါးရိုက်လိုက်သည့် အရှိန်ကြောင့် ချောမွတ်နေသော ကျောက်ပြားမှာ တစ်ပတ်လည်သွားသည်။

အနက်ရောင် အဘိုးအိုသည် ဝေ့ထင်းတစ်ယောက်လည်သွား



ပြီး သူ၏ ရှေ့သို့ မျက်နှာမူလျက် ပြန်ရောက်လာသည်နှင့် ဝေ့ထင်း၏ ရင်ဝကို လက်ဝါးဖြင့် ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်လေသည်။

"ဖုတ် ..."

ကျောက်ပြားလည်သွားသည်နှင့် ကျောက်ပြားပေါ်၌ ထိုင်နေသော ဝေ့ထင်းလည်း တစ်ပတ်လည်သွား၏။

အဖြူရောင် အဘိုးအို လက်ဝါးတစ်ချက်၊ အနက်ရောင် အဘိုးအိုက လက်ဝါးတစ်ချက် မှန်မှန်ရိုက်ချနေကြရာ လက်ဝါးငါးချက်စီ ရိုက်ပြီးလျှင် ...

"အား ..."

စူးရှသော အော်ဟစ်သံနှင့်အတူ ဝေ့ထင်း သတိရလာလေသည်။

"ဟေး ..."

အဘိုးအိုနှစ်ယောက်က ဝမ်းသာအားရဖြင့် ပြိုင်တူ ဟစ်ကြွေးလိုက်ကြလေသည်။

သူတို့အသံသည် တဟေးဟေးဖြင့် ပဲ့တင်ထပ်ကာ ထွက်ပေါ်လာသည်။

အဖြူရောင် အဘိုးအိုက ရင်ကော့ကာ ဝင့်ကြွားစွာ ပြောလေသည်။

"တွေ့လား ... ငါ့ကြောင့် သူသတိရလာတာ"

အနက်ရောင်အဘိုးအို၏ မျက်နှာ ရှုံ့မဲ့သွားလေသည်။

"မိုးမား မင်း မရှက်ဘူးလား၊ ငါ့ကြောင့် သူသတိရလာတာ"

ဘာကွ ... ရေဲမား၊ မင်းက ငါ့ကို အတိုက်အခံလုပ်နေတုန်းပဲလား၊ မင်း ရှုံးတာကို ဝန်မခံဘူးလား"

"ဟာ ... ဘာကြောင့် ဝန်ခံရမှာလဲ၊ ငါ့ကြောင့် သတိရလာတာပဲ"

"ဘာဆိုင်လို့လဲ၊ ငါ့ကြောင့်ကွ"

"အမယ် ... ငါ့ကြောင့်ပါ"

ထိုအဘိုးအိုနှစ်ယောက်ကား လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကပင် သူ၏ သိုင်းပညာသာသည် ငါ၏ သိုင်းပညာသာသည်ဟု ငြင်းခုန်ရင်း အဆက်မပြတ် ယှဉ်ပြိုင်လာခဲ့ကြသော မိုးဓားနှင့် ငရဲဓားတို့ ဖြစ်နေပါတော့သည်။

ဝေ့ထင်းမှာ မိုးဓားနှင့် ငရဲဓားတို့က သူ့အား အဖြည့်ခံသဘောထားကာ သိုင်းပညာယှဉ်ပြိုင်နေကြခြင်း ဖြစ်ကြောင်း သိလိုက်ရလျှင် စိတ်ပျက်သွားသည်။

"ဒုက္ခပဲ၊ ငါ့ကို သိုင်းပညာပြိုင်တဲ့ အရာဝတ္ထုတစ်ခုလို အသုံးပြုနေကြတာကိုး၊ သည်အတိုင်းဆို ငါ ဒဏ်ရာနဲ့မသေသေ သူတို့လက်ချက်နဲ့ သေရလိမ့်မယ် ထင်ပါရဲ့"

မိုးဓားနှင့် ငရဲဓားကား ငြင်းခုန်ရင်း ဒေါသကြောင့် သူတို့၏ ငြင်းခုန်သံများ ကျယ်လောင်လာလေတော့သည်။

မိုးဓားက အော်ပြောလိုက်သည်။

"ဟိတ် ... သူ့ကိုထိမှန်ထားတဲ့ အအေးလက်ဝါးဒဏ်ဟာ ငါ့ကြောင့် ပျောက်ကင်းသွားတာကွ"

ငရဲဓားကလည်း အားကျမခံ အော်ပြောလိုက်သည်။

"အေး ... သူ့ကို ထိမှန်ထားတဲ့ အဆိပ်လက်ဝါးဒဏ်ဟာ ငါ့ကြောင့် ပျောက်ကင်းသွားရတာ၊ မင်း ဘာပြောမလဲ"

သူတစ်ပြန် ကိုယ်တစ်ပြန်ငြင်းခုန်ရင်း မိုးဓားက အကြံပြုလိုက်လေသည်။



"သည်လိုလုပ် ... သူ့ သတိရနေတာကို သတိမေ့သွားအောင် ပြန်လုပ်မယ်"

ငရဲဓားက သဘောတူလိုက်လေသည်။

"ကောင်းတယ် ... ငါ သဘောတူတယ်"

သူတို့နှစ်ယောက်၏ စကားကြောင့် ဝေ့ထင်း မျက်လုံးပြူးသွားလေသည်။

"ဟာ ... ခဏနေကြပါဦးဗျာ"

ကမျာကယာ ဟန့်တားလိုက်လေသည်။

မိုးဓားနှင့် ငရဲဓားက သူ့အား မျက်မှောင်ကြုတ်ကာ ကြည့်လာကြလေသည်။

"မင်း ဘာပြောချင်လို့လဲ"

ဝေ့ထင်းက အကျိုးအကြောင်း ပြောရန် ဟန်ပြင်ပြီးမှ သူ၏ စကားကို လက်ခံကြမည်မဟုတ်ကြောင်း ဆင်ခြင်မိကာ နောက်ဆုံး ပြောခြင်းဖြင့် သူ့လိုအပ်ချက်ကို ပြောလိုက်မိတော့သည်။

"ဘာမှ မပြောချင်တော့ပါဘူးဗျာ၊ ဦးဇင်းမှာ အရက်ရှိရင်သာ ကျွန်တော့်ကို တစ်ခွက်လောက် တိုက်ကြပါ"

နန်းကုန်းသက်သည် သစ်ပင်ရိပ်အောက်၌ ထိုင်ကာ ငိုကြွေးနေသော ပေ့ယိုချင်းကိုကြည့်ကာ လွန်စွာ စိတ်ပျက်မိသည်။

ပေ့ယိုချင်းက ဝေ့ထင်းအပေါ် စိတ်ပျက်သွားပြီဆိုသော်လည်း သူမ ကြေကွဲမဆုံး ဖြစ်နေခြင်းကြောင့် ဝေ့ထင်းအပေါ် ထားရှိသည့် သူမ၏ မေတ္တာတရား မည်မျှနက်ရှိုင်းပြီး ကြီးမားကြောင်း ပေါ်လွင်နေ၏။

မည်သို့ဆိုစေ သူမအား စိတ်ရှည်လက်ရှည် ဖျောင်းဖျကာ ရွှေခါးကိုဏ်းသို့ ပြန်ခေါ်သွားရန် နန်းကုန်းသက် ဆုံးဖြတ်ထားသည်။

"ညီမရယ်၊ သူမှ မကောင်းတာ ဝမ်းနည်းမနေပါနဲ့တော့၊ အစ်ကိုတို့ အိမ်ပြန်ကြပါစို့နော်၊ ညီမရဲ့ ဖေဖေကလည်း မျှော်နေရောမယ်"

ဖခင်ဖြစ်သူအကြောင်း ကြားလိုက်ရသောအခါ မေယို့ချင်း အငိုတိတ်သွားသည်။

မော့ကြည့်လာသော သူမ၏ မျက်လုံးများတွင် အိမ်ပြန်လိုစိတ် ပေါ်ပေါက်လာကြောင်း နန်းကုန်းသက် အခိပ္ပာယ် ကောက်မိလိုက်သဖြင့် ဝမ်းသာသွား၏။

"အိမ်ပြန်ကြပါစို့နော်၊ ညီမကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပြီး စောင့်ရှောက်သွားမယ်လို့ အစ်ကို ကတိပြုပါတယ်"

ထိုစဉ်

"ဟင်း ... ဟင်း ... ဟင်း"

အေးစိမ့်သော ရယ်မောသံက နောက်ကျောဘက်မှ ထွက်ပေါ်လာရာ နန်းကုန်းသက် ရင်ထိတ်ကာ ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ မာယာ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

မာယာက လှောင်ပြုံး ပြုံးလိုက်သည်၊

"ရှင်က အတော်ကို ကြင်နာတတ်တာကိုး"

"မင်း ... "



နန်းကုန်းသက် မကျေမနပ် ဖြစ်သွားလေသည်။

မာယာက အမှုမထားဘဲ မေယို့ချင်းအား လှမ်းပြောလိုက်လေသည်။

"ညည်း ဘာမှ ဒေါ်ဖြစ်မနေပါနဲ့တော့၊ ဝေ့ထင်းက သေသွားပါပြီ"

"ဘာ ... "

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် မေယို့ချင်း အထိတ်တလန့် ဖြစ်သွားမိသည်။

"ဘယ်လိုပြောလိုက်တာလဲရှင်၊ အစ်ကိုဝေ့ထင်း သေဆုံးသွားပြီ ... ဟုတ်လား"

မာယာ ခေါင်းညိတ်လိုက်သည်၊

"သေချာတာပေါ့"

ဝေ့ထင်းအား ချင်းစုလျှံနှင့် သူမ၏ဆရာ ပုချန်းတို့က တိုက်ခိုက်ခဲ့သဖြင့် ဒဏ်ရာများဖြင့် ထွက်ပြေးသွားပြီး ပြန်လမ်းမဲ့တောင်ကြားအတွင်းသို့ ကျသွားခဲ့ပုံကို ပြောပြလိုက်လေတော့သည်။

ဝေ့ယို့ချင်းမှာ ဝေ့ထင်းအပေါ် စိတ်နာနေသော်လည်း ကြီးမားသော သံယောဇဉ်ကြောင့် သေဆုံးသွားပြီဟု သိရသောအခါ မှုးမေ့လဲကျမလို ဖြစ်သွားရ၏။

ကိုယ့်ကိုကိုယ် အနိုင်နိုင်ထိန်းရင်း နန်းကုန်းသက်အား ပြောလိုက်လေသည်။

"ပြန်လမ်းမဲ့တောင်ကြားကို ကျွန်မတို့ လိုက်သွားကြရင် ကောင်းမယ်ထင်တယ်"

နန်းကုန်းသက်က ဟန့်တားလိုက်သော်လည်း ဝေ့ထင်း

အမှန်တကယ် သေဆုံးသွားခြင်း ရှိမရှိ သူကိုယ်တိုင်လည်း သိလိုသဖြင့် သဘောတူလိုက်သည်။

"ကောင်းပြီလေ၊ လိုက်သွားကြတာပေါ့"

မာယာက သူတို့နှစ်ယောက်ကိုကြည့်ကာ မဲ့ပြုံးပြုံးပြီး လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

❖❖❖

ပြန်လမ်းမဲ့တောင်ကြား။

ပြန်လမ်းမဲ့တောင်ကြားသည် အမည်နှင့်လိုက်အောင်ပင် ဝင်သွားသူများ ပြန်မထွက်လာနိုင်ချေ။

လူထူးဆန်း တုရှောင်သည် ကြူးကြူးနှင့်အတူ ပြန်လမ်းမဲ့ ဝှမ်းတွင် ထိုင်နေ၏။

ကြူးကြူးမှာ တွေဝေငေးငိုင်နေ၏။

လူထူးဆန်း တုရှောင်ကမူ အသံကျယ်လောင်စွာဖြင့် အော်ဟစ်ငိုကြွေးလေ၏။

"ကြွက်ကလေးရေ… လောကမှာ လူတွေအားလုံး ငါ့ကို ပစ်ပယ်ထားကြတယ်၊ ဒါကြောင့် ငါ အသက်ရှည်နေတာ အဓိပ္ပာယ်ကင်းမဲ့နေပါတယ်၊ မင်းနဲ့တွေ့တော့မှ သည်လောကထဲမှာ ငါ့အဖို့ အဖော်တစ်ယောက် ရှိနေပါသေးလားဆိုပြီး ဝမ်းသာခဲ့ရပါတယ်၊ မင်း အခုလို သေသွားတော့ ငါတစ်ယောက်တည်း လောကမှာ ဘယ်လိုနေရမှာလဲ၊ မျက်နှာငယ်ငယ်နဲ့ မနေချင်တော့ဘူး၊ မင်းနောက်ကို ငါ လိုက်ခဲ့မယ်ဟေ့"

တုရှောင်သည် အော်ဟစ်ပြောဆိုရင်း လိုဏ်ဂူထဲသို့ ပြေးဝင်သွားရန် ဟန်ပြင်လိုက်သည်။



ထိုအခါ တွေဝေငေးငိုင်နေသော ကြူးကြူးမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်၊

"တုရှောင်"

သူမက တုရှောင်၏လက်ကို ကမန်းကတန်း ဖမ်းဆွဲထားလိုက်သည်။

သူမက တုရှောင်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

"ရှင်… ဘာလုပ်မလို့လဲ"

တုရှောင်က စိတ်ပျက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"သွားသေမလို့"

ကြူးကြူး ခေါင်းခါယမ်းလိုက်သည်။

"ရှင် မသေရဘူး"

"သေမယ်"

တုရှောင်က ခေါင်းမာစွာဖြင့် ပြောလာသည်။

ကြူးကြူးက တုရှောင်၏မျက်နှာအား စေ့စေ့ကြည့်လိုက်သည်။

"ရှင်… ကျွန်မစကားကို နားမထောင်ရင် ဘယ်တော့မှ ကျွန်မကို ဆရာလို့ မခေါ်နဲ့တော့"

သူမ၏ ပြတ်သားသောစကားကြောင့် တုရှောင်မှာ မလှုပ်ဝံ့တော့ချေ။

သူက ခေါင်းကို တဖျင်းဖျင်းကုပ်လိုက်ပြီး စိတ်ပျက်လက်ပျက်ဖြင့် မြေပေါ်ထိုင်ချလိုက်မိသည်။

ထိုစဉ်မှာပင် ပေ့ယို့ချင်းနှင့် နန်းကုန်းသက်တို့ ရောက်လာကြလေတော့သည်။

ပေ့ယို့ချင်းသည် ကြူးကြူးနှင့် တုရှောင်တို့ ရှိနေသည်ကို တွေ့မြင်လိုက်ရသဖြင့် မာယာ၏ စကား မှန်ကန်သည်ဟု ယုံကြည်သွားသည်။

သို့သော် ပိုသေချာစေရန် ကြူးကြူးထံသို့ ချဉ်းကပ်သွားပြီး မေးမြန်းလိုက်လေ၏။

"သခင်မလေး ... ဝေ့ထင်း သေဆုံးသွားပြီဆိုတာ သေချာရဲ့လား"

ကြူးကြူးက ခေါင်းညိတ်လိုက်သည်၊

"ဟုတ်ပါတယ်ရှင်"

ကြူးကြူးသည် ပြောရင်း မျက်ရည်ကျလာလေသည်။

တုရှောင်သည် ပေ့ယို့ချင်း ရောက်ရှိလာသည်ကို တွေ့ရသဖြင့် ရင်ဘတ်ကို ထု၍ ငိုကြွေးလိုက်လေသည်၊

"ဝေ့ထင်း ... မင်းသာ မသေဘူးဆိုရင် ယို့ချင်းတစ်ယောက် ရောက်လာတာကို မင်းတွေ့သွားချင်တယ်ကွာ"

ဝေ့ထင်း အမှန်တကယ် သေဆုံးသွားပေပြီ။

ပေ့ယို့ချင်းသည် ခေါင်းကိုငုံ့၍ ငိုကြွေးလိုက်လေသည်။

နန်းကုန်းသက်မှာ မခံမရပ်နိုင်အောင် ဖြစ်လာလေသည်၊

"ဝေ့ထင်း သေတာဟာ သေသင့် သေထိုက်လို့ သေတာဘာဖြစ်လို့ သည်လောက်တောင် ငိုနေရတာလဲ"

ကြူးကြူးက သူ့အား ဆတ်ခနဲ မော့ကြည့်လိုက်သည်၊

"ဝေ့ထင်းကို မစော်ကားနဲ့"

နန်းကုန်းသက် မဲ့ပြုံးပြုံးလိုက်သည်။

"ဝေ့ထင်းဟာ မင်းတို့ ကျောက်နဂါးဂိုဏ်းက လူတွေပေါင်းလို့ အခုလို ကိုယ့်အဖွဲ့ကို ကိုယ်သစ္စာဖောက်သွားရတာ



ကြူးကြူး နှာခေါင်းရှုံ့လိုက်သည်။

သူမက နန်းကုန်းသက်အား စေ့စေ့ကြည့်လိုက်ပြီး ...

"ကျွန်မဟာ ကျောက်နဂါးဂိုဏ်းကလူ မဟုတ်တော့ပါဘူး၊ ရှင်က ရွှေဓားဂိုဏ်းက သခင်လေးဆိုပေမယ့် ဝေ့ထင်းလို ယောကျ်ားမပီသဘူး"

သူမသည် ပေ့ယို့ချင်းဘက်သို့ လှည့်လိုက်သည်။

"ဝေ့ထင်းကို အထင်မလွဲပါနဲ့၊ ကျွန်မမှာ သိုင်းပညာမရှိတော့လို့ ဖျားနာဒုက္ခရောက်နေတုန်း ကျွန်မကို ကူညီတာပါ၊ သူ တကယ် သံယောဇဉ်ရှိတာက ညီမကိုပါ"

ပေ့ယို့ချင်းမှာ အံ့သြသွားလေ၏။

သူမ မျှော်လင့်သော စကားများကို ကြားလိုက်ရသည် မဟုတ်ပါလော။

နန်းကုန်းသက် မကျေမနပ် ဖြစ်သွားသည်။

သူက ကြူးကြူးအား ကြည့်လိုက်ပြီး ...

"မင်း လိမ်ပြောနေတာ"

ကြူးကြူးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ယုံချင်ယုံ မယုံချင်နေပေါ့၊ ဝေ့ထင်းလည်း သေသွားပါပြီ၊ သူ့အတွက် ကျွန်မ လိမ်ပြောစရာအကြောင်း မရှိပါဘူး"

ပေ့ယို့ချင်းသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ငိုကြွေးလိုက်လေသည်။

"ကျွန်မ သူ့ကို အထင်လွဲတာ မှားပြီ၊ ကျွန်မ ... ကျွန်မ"

ပေ့ယို့ချင်းမှာ ကြေကွဲစွာ ငိုကြွေးနေမိလေတော့၏။

❖❖❖

မိုးခါးအမည်ရှိ ဝတ်စုံဖြူနှင့် အဘိုးအိုသည် ဝေ့ထင်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မင်း ဘာဖြစ်လို့ အရက်သောက်ချင်ရတာလဲ"

ဝေ့ထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် သိုင်းယှဉ်ပြိုင်တာ ရိုးရိုးမယှဉ်ပြိုင်ဘဲ ကျုပ်ကို ယှဉ်ပြိုင်တဲ့ပစ္စည်းတစ်ခုလို သဘောထားပြီး ယှဉ်ပြိုင်နေတာပဲ၊ ဒါကြောင့် တစ်လောကလုံး မေ့သွားအောင် အရက်သောက်ရင် ကောင်းမလားလို့"

ငရဲခါးက ရယ်မောလိုက်သည်။

"ဟုတ်တယ် ... အရက်သောက်တာ ကောင်းတယ်၊ ငါ့မှာပဲ အရက်ရှိတယ်"

မိုးခါးက ခေါင်းခါယမ်းလိုက်သည်။

"အရက်မသောက်ရဘူး၊ ငါက အရက်ကြိုက်တဲ့ကောင် မဟုတ်ဘူး"

ငရဲခါးသည် ယှဉ်ပြိုင်ခွင့် တစ်ကွက်ရထားသဖြင့် ပြုံးပြလိုက်လေသည်။

"အရက်မသောက်ရင် မင်းရှုံးသွားမှာပေါ့"

မိုးခါး မျက်မှောင်ကြုတ်သွား၏။

သူက ငရဲခါးအား ကြည့်ပြီး နားမလည်နိုင်ဟန်ဖြင့် မေးလိုက်လေသည်။

"နေပါဦး၊ ငါက ဘာဖြစ်လို့ ရှုံးရမှာလဲ"

"အရက်မသောက်ရင် ရှုံးတယ်"

သူ၏စကားကြောင့် မိုးခါး မကျေမနပ် ဖြစ်သွား၏။

"အရက်မသောက်တာနဲ့ ရှုံးရမှာလားကွ"



"အရက်မသောက်တတ်ရင် လိပ်ကြီးကွ"

မိုးခါး ဒေါသူသွားသည်။

"ဘာကွ ... ငါ့ကို လိပ်ကြီးလို့ ပြောနေတာလား"

ငရဲခါး ပြုံးလိုက်သည်။

"ငါက အရက်မသောက်တတ်တဲ့လူကို ပြောနေတာ"

မိုးခါး ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ဟေ့ ... သတ္တိရှိရင် အပြင်ထွက်ခဲ့"

ငရဲခါးက ရယ်မောလိုက်သည်။

"ထွက်တယ် ... မင်းကို ကြောက်နေရမှာလား"

သူတို့နှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် အပြင်သို့ ထွက်သွားကြသည်။

ဝေ့ထင်းသည် လဲလျောင်းနေရာမှ ထရပ်လိုက်လေသည်။

"သူတို့အချင်းချင်း ယှဉ်ပြိုင်နေတုန်း ငါပြေးမှဖြစ်မယ်"

သူသည် ယင်းသို့တွေးရင်း အပြင်သို့ ထွက်လိုက်သွားမိသည်။

"ဟေ့ ... မင်း သည့်သိုင်းကွက်က ရိုးနေပြီကွ"

မိုးခါး တိုက်ခိုက်လာသည်ကို ငရဲခါးက လှောင်ပြောင်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

မိုးခါးက မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းရဲ့သိုင်းကွက်ကော ထူးမခြားနားပါပဲကွာ"

သူတို့သည် အပြန်အလှန် လှောင်ပြောင်သရော်ရင်း ဆက်လက် တိုက်ခိုက်ကြသည်။

ထိုစဉ် ဝေ့ထင်းက တိတ်ဆိတ်ထွက်ခွာသွားလေသည်။

မိုးခါးနှင့် ငရဲခါးတို့သည် တိုက်ခိုက်နေရာမှ ဝေ့ထင်း

ထွက်ပြေးသွားသည်ကို တွေ့ရသောအခါ သွားရောက်ဟန့်တား လိုက်ကြသည်။

ငရဲမားက ခေါင်းခါယမ်းရင်း ...

"မင်း ဘယ်သွားမလို့လဲ"

ဝေထင်းက ခပ်တည်တည်ဖြင့် ...

"ကျုပ် ပြန်မလို့"

"မင်း ပြန်လို့ ဘယ်ရမလဲ၊ ဘယ်လိုပြန်မလဲ"

ဝေထင်း ပခုံးတွန့်လိုက်သည်။

"ကျုပ်လာတဲ့လမ်းအတိုင်း ပြန်မှာပေါ့"

ငရဲမားက ခေါင်းခါယမ်းလိုက်သည်။

"လိုဏ်ဂူပေါက်ဟာ အဆိပ်ငွေ့တွေ ပျံ့လွှင့်နေတယ်၊ မင်း ထွက်လို့ ဘယ်ရမလဲ"

ဝေထင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို လိမ်မနေပါနဲ့၊ ကျုပ်လာတုန်းက ဘာမှမဖြစ် ပါလား"

မိုးမားက ငှက်တစ်ကောင် ဖမ်း၍ လိုဏ်ဂူဝသို့ပစ်လွှင့်လိုက် သည်။

"ဖုတ် ..."

ငှက်ကလေးသည် အဆိပ်ငွေ့နှင့်ထိကာ အောက်သို့ပြန်ကျ၍ သေဆုံးသွားလေသည်။

"ဟောဒီမှာ ကြည့် ... ငှက်ကလေးတောင် အဆိပ်သင့်ပြီး သေသွားတာ၊ မင်း ခံနိုင်ပါ့မလား"

ဝေထင်း မျက်မှောင်ကြုတ်သွားသည်။



"ဒီလိုဆိုရင် ကျုပ်က တစ်သက်လုံး သည်လိုဏ်ဂူထဲက မထွက်နိုင်တော့ဘူးပေါ့"

ငရဲမားက ရယ်မောလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ငါတို့ဆီက ဖြေဆေးရရင် မင်း ထွက် သွားလို့ ရပါတယ်"

ဝေထင်းက လက်ဝါးဖြန့်လိုက်သည်။

"ဒါဖြင့် ဖြေဆေးပေးပါ"

ငရဲမားက ခေါင်းခါယမ်းလိုက်သည်။

"မပေးနိုင်ဘူး"

ဝေထင်း မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ ..."

ငရဲမားက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ဟေ့ ... မင်းရဲ့ အရိုးအဆစ်ကြည့်ရတာ သိုင်းပညာ လေ့ ကျင့်မယ်ဆိုရင် အလွန်ထူးချွန်တဲ့ လူတစ်ယောက် ဖြစ်နိုင်တယ် ကွ"

မိုးမားကလည်း ဝေထင်းကို တစ်ကိုယ်လုံး ရှု၍ကြည့်လိုက် သည်။

"ဟုတ်တယ် ... မင်းရဲ့ အရိုးအဆန်ကြည့်ရတာ သိုင်းပညာ လေ့ကျင့်မယ်ဆိုရင် ထူးချွန်လာနိုင်တယ်"

သူတို့နှစ်ယောက်သည် ဝေထင်းကို ခြေဆုံးခေါင်းဆုံး အပြန် ပြန် အလှန်လှန် ကြည့်နေ၏။

ဝေထင်းမှာ စိတ်ရှုပ်လာလေတော့သည်။

"တော်စမ်းပါဗျာ၊ ကျုပ်က သိုင်းပညာ သင်ကြားဖို့ စိတ် မဝင်စားဘူးဗျ"

သူသည် စိတ်ရှုပ်လာသဖြင့် လိုဏ်ဂူအတွင်းခန်းထဲသို့ ပြန်လည် ဝင်သွားမိလေ၏။

"ကျုပ် အိပ်ချင်တယ်၊ သွားအိပ်လိုက်ဦးမယ်"

ငရဲစားက မိုးစားအား ပြုံးပြလိုက်၏။

"ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ဖို့ အကြံတစ်ခုရပြီဗျ"

မိုးစား ခေါင်းညိတ်လိုက်သည်။

"မင်းအကြံ ငါသိပါတယ်၊ တို့နှစ်ယောက်ထဲက သူ့ကို တပည့်အဖြစ် သိမ်းသွင်းနိုင်တဲ့လူကို အနိုင်ရတယ်လို့ မင်းက အကြံပြုမလို့ မဟုတ်လား"

ငရဲစားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်း သဘောတူလား"

မိုးစားက ခေါင်းညိတ်လိုက်သည်။

"သဘောတူတယ်"

သူတို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြလေ၏။

"ဟား ... ဟား ... ဟား ..."

မိုးစားနှင့် ငရဲစားတို့၏ ရယ်မောသံသည် လိုဏ်ဂူထဲ၌ ပဲ့တင်ရိုက်ခတ်သွားလေတော့သည်။

◆◆◆

# အခန်း(၃၇)

## အလွမ်း

ဝေ့ထင်းသည် လိုဏ်ဂူထဲ၌ တစ်ယောက်တည်း အိပ်နေသည်။

သူသည် ယင်းသို့ အိပ်နေရာမှ ခြေသံကြားသဖြင့် ခေါင်းထောင်ကြည့်ရာ မိုးစားက သူ့ထံသို့ တိတ်တဆိတ် လျှောက်လာသည်ကို တွေ့လိုက်ရသည်။

ဝေ့ထင်းက လဲလျောင်းနေရာမှ ငေါက်ခနဲ ထလိုက်မိ၏။

"ခင်ဗျား ဘာလုပ်မလို့လဲ"

မိုးစားက သူ့အား ပြုံးပြလိုက်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဝေ့ထင်းပါ"

မိုးစားက ခေါင်းညိတ်လိုက်သည်။

"မင်းနာမည် မဆိုးဘူး"

ဝေ့ထင်းက သူ့အား ပြုံး၍ကြည့်လိုက်သည်။

"ဒါနဲ့ ခင်ဗျားနာမည်ကော"

မိုးဓားက ရင်ကော့လိုက်သည်။

"ငါ့နာမည် မခေါ်ရတာကြာလို့ မေ့တောင် မေ့နေပြီ၊ သိုင်းလောကသားတွေကတော့ ငါ့ကို မိုးဓားလို့ ခေါ်ကြတယ်၊ မင်းကြားဖူးတယ် မဟုတ်လား"

ဇေ့ထင်း ခေါင်းခါယမ်းလိုက်သည်။

"မိုးဓားကို မကြားဖူးပါလား၊ သိုင်းလောကမှာ ခင်ဗျားလည်း နာမည်မရှိဘူးနဲ့ တူတယ်"

ဇေ့ထင်း၏ စကားကို ကြားရသော် မိုးဓားမှာ မခံမရပ်နိုင်ဖြစ်သွားသည်။

"ငါ့ကို ဒီလိုမပြောနဲ့ကွ၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်တုန်းက မိုးဓားဆိုရင် မသိတဲ့လူ မရှိသလောက်ပဲကွ"

ဇေ့ထင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားကိုယ် ခင်ဗျား အထင်ကြီးနေတာပါ၊ ကျုပ်ဖြင့် ခင်ဗျားနာမည် ကြားတောင် မကြားဖူးဘူး"

မိုးဓားအမည်ရှိ အဘိုးအိုသည် ထိုကိစ္စနှင့် စပ်လျဉ်း၍ ဆက်လက် ပြောဆိုခြင်း မပြုတော့ဘဲ စကားဦးလှည့်လိုက်သည်။

"ဇေ့ထင်း ငါ မင်းကို သတင်းကောင်းတစ်ခု ပြောရဦးမယ်"

ဇေ့ထင်း မျက်မှောင်ကြုတ်သွား၏။

သူက မိုးဓားအား ကြည့်လိုက်ပြီး ...

"ဘာများလဲ ... ခင်ဗျားရဲ့ သိုင်းပညာအကြောင်း ကြွားဦးမလို့လား"

မိုးဓား ပြုံးလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ မင်းကို ငါ မြင်မြင်ချင်း တူလိုသား



လို ခင်မိတယ်၊ ဒါကြောင့် ငါ့တပည့်အဖြစ် လက်ခံဖို့ ဆုံးဖြတ်ထားတယ်"

"ဟာ ... "

ဇေ့ထင်း၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။ သူသည် ခေါင်းကို တွင်တွင် ခါယမ်းလိုက်၏။

"မလုပ်ပါနဲ့ဗျာ၊ ကျုပ် ဝါသနာမပါဘူး"

မိုးဓားက မျက်မှောင်ကြုတ်သွားလေသည်။

"ငါ သိုင်းပညာ သင်ပေးမယ်ဆိုတာ မင်းအဖို့ ကံကောင်းတယ်လို့ မှတ်ပါ၊ တချို့ဆိုရင် ဒူးထောက်တောင်းပန်လာတာတောင် လက်မခံခဲ့ဘူး"

ဇေ့ထင်းက ရယ်မောလိုက်သည်။

"ဒါဖြင့်ဗျာ ... သင်ချင်တဲ့လူကို သင်ပေးလိုက်ပေါ့"

မိုးဓား မျက်မှောင်ကြုတ်ကာ ဇေ့ထင်းအား စေ့စေ့ကြည့်လိုက်သည်။

ထို့နောက် စိတ်မရှည်နိုင်တော့ဟန်ဖြင့် ဇေ့ထင်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဘာလဲ ... မင်း တကယ်မသင်ချင်ဘူးလား"

"မသင်ချင်ဘူး"

ဇေ့ထင်းက ခေါင်းမာစွာဖြင့် ငြင်းပယ်လိုက်သည်။

မိုးဓားသည် မည်သို့မျှ ပြောမရသည့်အဆုံး စိတ်ပျက်စွာပင် ဒူးထောက်လိုက်လေသည်။

"ဒါဖြင့် ငါကပဲ မင်းဆရာအဖြစ် လုပ်ပါရစေလို့ တောင်းပန်ပါတယ်ကွာ"

ဇေ့ထင်းမှာ မျက်လုံးမျက်ဆန်ပြူး ဖြစ်သွားသည်။

"ဟောဗျာ ... လောကမှာ တပည့်ကသာ ဆရာကို ဒူးထောက်တာ တွေ့ဖူးတယ်၊ ပညာသင်ချင်လို့ တပည့်ကို ဒူးထောက်တဲ့ ဆရာမျိုး အခုမှပဲ တွေ့ဖူးတော့တယ်"

မိုးစားက ဒူးထောက်လျက် ...

"မင်း လက်မခံချင် ငါ မထတော့ဘူး"

ဇော်ထင်းက နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျား ဒူးထောက်ချင် ထောက် မထောက်ချင်နေ၊ ကျုပ်သွားမယ်"

သူသည် ရပ်ပြာရင်း တစ်နေရာသို့ ထွက်ခွာရန် ခြေလှမ်းလှမ်းလိုက်လေသည်။

မိုးစားမှာ ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။

ဒူးထောက်တာမှ ဆတ်ခနဲ ထလိုက်ပြီး ...

"မင်း တကယ် လက်မခံဘူးလား"

သူ၏အသံသည် ဒေါသများ လွှမ်းမိုးနေသောကြောင့် ခက်ထန်နေ၏။

သို့သော် ဇော်ထင်းသည် ပြတ်သားစွာပင် ငြင်းပယ်လိုက်လေသည်။

"မသင်ဘူး ... လုံးဝ လက်မခံဘူး"

မိုးစားမှာ မခံမရပ်နိုင် ဖြစ်လာလေသည်။

သူသည် ထခုန်လိုက်ပြီး ဇော်ထင်းအား တုတ်ဖြင့် အချက်ပေါင်းများစွာ ရိုက်လေတော့သည်။

မိုးစားက သူ့အား ရိုက်နှက်နေသောကြောင့် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေခြင်း ဖြစ်သည်။



မခံမရပ်နိုင်အောင် နာကျင်လာသောအခါ ဇော်ထင်းသည် သည်းမခံနိုင်တော့ချေ။

မိုးစားကို ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ... ပညာချင်းက မိုးနှင့်မြေပမာ ကွာခြားလှသောကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ ရှိနေသည်။

ထို့ကြောင့် သူသည် မကျေမနပ်ဖြင့် ထွက်ပြေးသွားရာ ငရဲစားနှင့် ရင်ဆိုင်တွေ့ဆုံမိလေတော့သည်။

ငရဲစားက သူ့အား လှမ်းခေါ်လိုက်သည်။

"သူငယ် လာစမ်း"

ဇော်ထင်းက မတတ်နိုင်တော့ဘဲ သူ့ထံသို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားလေ၏။

"ဘာလဲဗျ ... ကျုပ်ကို သိုင်းပညာသင်ပေးဦးမလို့လား"

ငရဲစား ပြုံးလိုက်သည်။

"မင်းကော သိုင်းပညာ မသင်ချင်ဘူးလား"

ဇော်ထင်းက ခေါင်းခါယမ်းလိုက်သည်။

"မသင်ချင်ဘူး၊ သိုင်းပညာတတ်ရင် ဒုက္ခရောက်တာပဲဗျ"

ငရဲစားအမည်ရှိ အဘိုးအို မျက်မှောင်ကြုတ်သွားသည်။

"မင်းသာ ငါ့ရဲ့သိုင်းပညာကို တတ်ထားရင် လောကမှာ ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူးကွ"

ဇော်ထင်း ခေါင်းခါယမ်းလိုက်သည်။

"မသင်ချင်ပါဘူးဗျာ"

ဇော်ထင်းက ခေါင်းမာစွာပင် ငြင်းဆန်နေလိုက်သည်။

ထိုအခါ ငရဲစားမှာ ဒေါသချောင်းချောင်း ထွက်လာလေသည်။

မင်း မသင်ချင်ရင် သင်ချင်လာအောင် ငါက ရိုက်ရလိမ့်မယ်"

သူသည် ပြောပြီးသည်နှင့် တုတ်ဖြင့် ဝေထင်းအား အဆက်မပြတ် ရိုက်နေလေတော့သည်။

❖❖❖

မိုးပြာဂိုဏ်းချုပ် ဝါးမေသည် သူမ၏ အမည်ဖြစ်သော ရောင်လန်းနှင့်အတူ ရောင်လင်ကျောင်းသို့ ထွက်လာခဲ့ကြ၏။

သို့သော် လမ်းခရီးမှာပင် ကျောက်နဂါးဂိုဏ်းမှ လူများ၏ ဝိုင်းရံတိုက်ခိုက်မှုကို ခံလိုက်ကြရသည်။

ဝါးမေနှင့် ရောင်လန်းတို့မှာ ခေသူများ မဟုတ်ကြပါ။

ထိပ်တန်းသိုင်းပညာများ ထုတ်အသုံးပြုကြသည်။

ကျောက်နဂါးဂိုဏ်းသားများ အရေးနိမ့်သွား၏။

သို့သော် အဆိပ်ငွေ့များ အသုံးပြုကာ ပြန်လည်တိုက်ခိုက်လာကြရာ ဝါးမေတို့ အခက်ကြုံသွားကြသည်။

ထိုအချိန်မှာပင် လူတစ်ယောက် ရောက်ရှိလာပြီး ကူညီခဲ့လေသည်။

သူရဲကောင်း ချူးတ၏သား ချူးစန်းဖြစ်သည်။

ချူးစန်း၏ သိုင်းပညာမှာ ထိပ်တန်းသိုင်းပညာဖြစ်၍ ကျောက်နဂါးဂိုဏ်းသားများ မတတ်နိုင်ကြတော့ဘဲ ထွက်ပြေးသွားကြလေတော့သည်။

ဝါးမေနှင့် ရောင်လန်းတို့က ကျေးဇူးတင်စကား ပြောသွားကြသည်။

ရောင်လန်းက မေးလိုက်သည်။



"ကျွန်မတို့ကို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါထက်ရှင် ဘယ်သွားမလို့လဲဆိုတာ ပြောပြနိုင်မလား"

ချူးစန်းသည် အရေးတကြီး ခရီးထွက်လာဟန် ရှိနေသဖြင့် ရောင်လန်းက 'မေးလိုက်ခြင်း ဖြစ်သည်။

ချူးစန်းက ...

"ရောင်လင်ကျောင်းကို သွားမလို့ပါ"

"ဟင် ... ရောင်လင်ကျောင်းကို ဟုတ်လား၊ ဘာကိစ္စများရှိလို့လဲရှင်"

"သတင်းထူး တစ်ခုရှိလို့ပါ၊ သန်းဖုံးကို ကျောက်နဂါးဂိုဏ်းက လူတွေ သဲကြီးမဲကြီး လိုက်ရှာနေကြတယ်"

ရောင်လန်း ရင်ထိတ်သွားသည်။

"ဒါဆိုရင် ဝေထင်း ပြောသလို ချူရောင်ငှက်ရုပ်ဟာ သန်းဖုံးဆီမှာ ရှိနေလို့ ဖြစ်နိုင်တယ်"

ချူးစန်း ခေါင်းညိတ်လိုက်လေသည်။

"ဖြစ်နိုင်တယ်၊ ကျုပ်က သန်းဖုံးကို တွေ့အောင်ရှာမှာပါ၊ သူနဲ့တွေ့ရင် သည်ကိစ္စ ရှင်းရှင်းလင်းလင်း ဖြစ်သွားလိမ့်မယ်"

ရောင်လန်း စိတ်လှုပ်ရှားနေသည်။

ဝေထင်း၏ ပြောစကားများ မှန်နေလျှင် အခြေအနေ အရပ်ရပ်မှ အပြောင်းလဲကြီး ပြောင်းလဲသွားတော့မည်ဖြစ်ကြောင်း နားလည်မိခြင်းကြောင့် ဖြစ်ပေတော့သည်။

❖❖❖

သီးသန့် စာဖတ်ခန်းတွင်း၌ အပ်ကျသံကြားလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ရွှေစားဂိုဏ်းချုပ် နန်းကုန်းစုတစ်ယောက်တည်း ထိုင်ကာ တွေးတောစဉ်းစားနေသည်။

သူ၏ဦးခေါင်းထဲ၌ ဝေထင်းနှင့် ပတ်သက်သော အကြောင်းအရာများက နေရာယူထားသည်။

အမှန်တော့ သူက အစေခံများဖြစ်သော အာဝီးနှင့် ကွေ့ရှမ်းတို့၏ သား ဝေထင်းကို ထူးထူးခြားခြား သံယောဇဉ် ဖြစ်မိခဲ့လေသည်။

ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် အစေခံတစ်ယောက်၏ သားကို အရေးပေးစဉ်းစားစရာ အကြောင်းမရှိပေ။

သို့သော် အဘယ်ကြောင့်မှန်း မသိ ဝေထင်းကို အလိုလို သံယောဇဉ် ဖြစ်နေခဲ့သည်။

အပြစ်များ ထင်ရှား၍ မောင်းထုတ်ခံခဲ့ရသော်လည်း တစ်စက်ကလေးမှ စိတ်မချမ်းသာခဲ့ချေ။

သွေးချင်းဆက်နေသည့် သားအဖသံယောဇဉ်ပေတည်း။

သွေးက စကားပြောနေခြင်းပေတည်း။

ဝေထင်းက သူ၏ စိတ်အစဉ်ကို စိုးမိုးထားသည်မှာလည်း အံ့သြစရာ ဖြစ်နေပါတော့သည်။

နန်းကုန်းစု မည်မျှကြာအောင် တွေးတောစဉ်းစားနေမိမှန်း မသိ တံခါးခေါက်သံ ထွက်ပေါ်လာတော့မှ သတိဝင်လာသည်။

"ဘယ်သူလဲ … ဝင်ခဲ့"

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် တံခါးပွင့်ထွက်သွားပြီး လူသုံးယောက် အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။

နန်းကုန်းသက်၊ ပေ့ယို့ချင်းနှင့် ပေ့ဝမ်းတို့ ဖြစ်ပါသည်။

နန်းကုန်းစု အံ့သြသွားသည်။



"ဪ … မင်း ပြန်ရောက်လာပြီလား"

"ဟုတ်ပါတယ်ရှင်"

ပေ့ယို့ချင်းက ဦးညွှတ်လိုက်၏။

ပေ့ဝမ်းက တောင်းပန်လိုက်သည်။

"ကျုပ်ရဲ့ သမီးမိုက်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ဂိုဏ်းချုပ်ကြီး"

နန်းကုန်းစု လက်ကာပြလိုက်သည်။

"ကိစ္စမရှိဘူးလေ၊ ဒါထက် ဟူမကြီးက ဝေထင်းကို လိုက်ရှာနေတာဆို၊ တွေ့ခဲ့သလား"

ပေ့ယို့ချင်း၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာ၏။

"သူ သေဆုံးသွားပါပြီရှင်"

"ဘာ … "

သူဟာ ကျောက်နဂါးဂိုဏ်းသခင် ချင်းစုလျှံနဲ့ မရဏ ချန်းဖုံးတို့ရဲ့ လက်ချက်မိပြီး ပြန်လမ်းမဲ့တောင်ကြားထဲကို ရောက်သွားပါတယ်"

ပေ့ယို့ချင်းသည် သူမ သိထားသမျှ ဝေထင်း၏ အဖြစ်အပျက်များကို ပြောပြလိုက်သည်။

ဝေထင်း သေဆုံးသွားပြီဟု သိရသောအခါ နန်းကုန်းစု၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

နန်းကုန်းစု သက်ပြင်းချလိုက်သည်။

"ပြန်လမ်းမဲ့ ဝင်သွားပြီးမှတော့ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်တော့မှာလဲ၊ အင်းလေ … သူ သေသွားပြီဆိုတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ"

မေယို့ချင်းက ...

"အစ်ကိုဇေထင်း သေသွားပြီဆိုပေမယ့် သူ့မှာ ဘာအပြစ်မှ မရှိပါဘူးရှင်"

နန်းကုန်းစု လက်ကာပြလိုက်လေသည်။

"သူ သေသွားပြီ မဟုတ်လား၊ ဘာမှ ထပ်ပြောနေစရာ အကြောင်းမရှိတော့ပါဘူးလေ"

မေယို့ချင်းက လက်မခံပါချေ။

"မဟုတ်ပါဘူးရှင်၊ လူတစ်ယောက် သေဆုံးသွားတာက အရေးမကြီးပေမယ့် နာမည်ပျက်နေတာက အရေးကြီးတယ် မဟုတ်လား၊ ဒါကြောင့် အစ်ကိုဇေထင်းမှာ အပြစ်မရှိဘူးဆိုတာ သိုင်းလောကတစ်ခုလုံး သိအောင် ရွှေဓားဂိုဏ်းက ကျေညာသင့်ပါတယ်"

"သမီး ..."

မေဝမ်းက ဟန့်လိုက်၏။

နန်းကုန်းစု လက်ကာပြလိုက်သည်။

"နေပါစေ ... သူက အကြောင်းရှိလို့ ပြောနေတာ ဖြစ်ပါလိမ့်မယ်"

မေယို့ချင်း ဦးညွှတ်လိုက်လေသည်။

"ဟုတ်ပါတယ်ရှင် ... ကျွန်မဟာ ကျောက်နဂါးဂိုဏ်းသခင်မလေး ကြူးကြူးနဲ့ တွေ့ခဲ့ပါတယ်၊ သူက အစ်ကိုရဲ့ အကြောင်းကို သေသေချာချာ ရှင်းပြလိုက်ပါတယ်"

"နေဦး ... ကြူးကြူးဟာ"

"သူဟာ အစ်ကိုဇေထင်းကို ကူညီခဲ့လို့ ကျောက်နဂါးဂိုဏ်းက မောင်းထုတ်ခံလိုက်ရပါပြီ"



မေယို့ချင်းက သူမ သိထားသမျှ ရှင်းလင်းပြောပြလိုက်လေသည်။

နန်းကုန်းစုကော မေဝမ်းပါ အံ့ဩသွားကြသည်၊

မေဝမ်းက မှတ်ချက်ချလေ၏။

"လက်စသတ်တော့ ဇေထင်းကို သန်းဖုံးတို့က ဗိုင်းပြီး တိုက်ခိုက်ခဲ့ကြတာကိုး၊ ဒါကြောင့်လည်း ရွှေရောင်ငှက်ရုပ် ပျောက်ဆုံးသွားတာကိုး"

နန်းကုန်းစုက ...

"ကျောက်နဂါးဂိုဏ်းကလူတွေ သန်းဖုံးကို သဲကြီးမဲကြီး လိုက်ရှာနေကြတယ်လို့ သတင်းကြားတယ်၊ ရွှေရောင်ငှက်ရုပ်ကြောင့်ပဲ ဖြစ်မယ်၊ လက်စသတ်တော့ ဇေထင်းဟာ အကောက်ကြံ ခံခဲ့ရတာကိုး၊ စိတ်မကောင်းစရာပါပဲ၊ သူဟာ ရိုးသားဖြူစင်ပြီး တည်ကြည်ဖြောင့်မတ်တဲ့ လူငယ်လေးတစ်ယောက်လို့ ကျုပ်ယုံကြည်ထားခဲ့တယ်၊ ဒါပေမယ့် မရှင်းတာက အဖွဲ့သားသုံးယောက်ကို သတ်သွားတဲ့ ကိစ္စပါပဲ"

မေယို့ချင်းက သူမ၏ ယုံကြည်ချက်ကို ပြောပြလိုက်သည်၊

"သူက ဝန်ခံခဲ့ပေမယ့် သူ့ရဲ့လက်ချက် မဟုတ်ပါဘူး၊ တခြားတစ်ယောက်ကို အကာအကွယ်ပေးချင်လို့ပဲ ဖြစ်ပါလိမ့်မယ်"

ထိုစကား ကြားလျှင် နန်းကုန်းစု၏ မျက်လုံးများ ဝင်းလက်သွားကာ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေတော့သည်။

ပေ့ယို့ချင်း ပြန်လည်ရောက်ရှိလာပြီဆိုသော သတင်းသည် ရွှေစားဂိုဏ်းတွင် ပျံ့နှံ့သွားသည်။

ဤအတွင်း အာဝီးနှင့် ကျွေ့ရှမ်းတို့သည် ဂိုဏ်းချုပ် နန်းကုန်းစု၏ စာဖတ်ခန်းအနီးသို့ မယောင်မလည်ဖြင့် ရောက်ရှိလာကြပြီး တိတ်တဆိတ် ချောင်းမြောင်းနားထောင်ကြသည်။

နန်းကုန်းစု သက်ပြင်းချလိုက်သည်။

"သူက ဘယ်သူ့တွေကို အကာအကွယ်ပေးနေတယ်ဆိုတာကို တူမကြီး သိသလား"

အာဝီးနှင့် ကျွေ့ရှမ်းတို့သည် ပေ့ယို့ချင်း ပြောလာမည့် စကားကို ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေကြသည်။

ပေ့ယို့ချင်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ မသိသေးဘူး၊ ဒါပေမယ့် ကျွန်မ စုံစမ်းဖော်ထုတ်ပြီး အမှန်တရားအတိုင်းဖြစ်အောင် ဆောင်ရွက်သွားပါ့မယ်"

ထိုစကားကြားလျှင် အာဝီးတို့၏ ရင်ထဲမှ အပူလုံးကြီး ကျသွားကာ သက်ပြင်းချနိုင်ခဲ့ကြလေတော့သည်။

အာဝီးနှင့် ကျွေ့ရှမ်းတို့သည် သူတို့၏ အခန်းသို့ ပြန်လည်ရောက်ရှိလာကြသည်။

အာဝီးက ရင်လေးနေသော်လည်း ကျွေ့ရှမ်းက တခစ်ခစ် ရယ်မောလိုက်သည်။

"ဝေ့ထင်းက သေသွားပြီး ပေ့ယို့ချင်း ဘယ်လိုလုပ်ပြီး အမှန်တရားကို ဖော်ထုတ်နိုင်တော့မှာလဲ၊ ဝေ့ထင်း သေသွားတာကို ဝမ်းသာစရာ ကောင်းနေပြီ"

အာဝီးသည် သူ၏ဇနီးသည်အပေါ် စိတ်ပျက်သွားမိသည်၊ သူ့ဇနီးသည် မိခင်စိတ်ရှိသူတစ်ယောက် မဟုတ်ပေ။



"မင်း တော်တော် ရက်စက်ပါလား"

ကျွေ့ရှမ်းက . . .

"ရက်စက်ရမယ်လေ၊ ဒီကောင်လေး သေမှ အေးမယ် မဟုတ်လား"

အာဝီး ခေါင်းခါယမ်းလိုက်သည်။

"ကျွေ့ရှမ်း သူဟာ တို့ရဲ့သားအရင်း မဟုတ်ပေမယ့် ငါ့ကို အဖေလို့ ခေါ်တယ်၊ မင်းကို အမေလို့ခေါ်တယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ လက်ပေါ်မှာ ကြီးပြင်းလာလို့ သူဟာ ငါ့ရဲ့သားအရင်းလို ဖြစ်နေပြီ"

ကျွေ့ရှမ်းက လက်မခံချေ။

"တော်စမ်းပါ၊ ကျွန်မကတော့ ကျွန်မသားကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး"

အာဝီး ဒေါသဖြစ်သွားသည်။

"ကျွေ့ရှမ်း မင်း တော်တော်အတ္တကြီးတာပဲ၊ တို့က သူ့နေရာကိုလည်း လုယူထားသေးတယ်၊ သူ့ကိုလည်း ရက်ရက်စက်စက် လုပ်သေးတယ်၊ ဘယ်တရားပါ့မလဲ"

ပြောရင်း အတိတ်မှ ဖြစ်ရပ်များကို ပြန်လည်မြင်ယောင်လာလေသည်။

ကျောက်နဂါးဂိုဏ်းအကြောင်း စုံစမ်းလိုသည့် သိုင်းသမားများအား ကျွေ့ရှမ်းက ငွေမက်ပြီး လက်ခံဖို့ တိုက်တွန်းခဲ့ရာမှ အစပြုသည်။

သခင်မကြီး ချင်းစုလျှံသည် သူတို့ သစ္စာဖောက်ကြောင်း သိသွားပြီး သေဒဏ်ပေးသဖြင့် ထွက်ပြေးခဲ့ကြရသည်။

လမ်းတွင် လူတစ်စုနှင့် တွေ့ဆုံခဲ့ရပြီး ထိုလူစုမှာ ကျောက်နဂါးဂိုဏ်းသားများကို ဟန့်တားပေးရင်း အသတ်ခံလိုက်ရ၏။

အာဝီးနှင့် ကွေ့ရှမ်းအား သုတ်သင်ရန် လိုက်လာသည့် သုထင်းပါ ဦးဆောင်သော ကျောက်နဂါးဂိုဏ်းသားများ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသူများမှာ ရွှေဓားဂိုဏ်းချုပ် နန်းကုန်းစု၏ ဇနီးသည်နှင့် သက်တော်စောင့်များ ဖြစ်ကြသည်။

နန်းကုန်းစု၏ ဇနီးသည်သည် မိဘရပ်ထံ အလည်အပတ်ပြန်ရင်း သားယောကျ်ားလေး မွေးဖွားပြီးမှ ရွှေဓားဂိုဏ်းသို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။

သုတင်းပါ၏ လက်ချက်ကြောင့် မသေဆုံးမီ သူမ၏ သားအား ဖခင် နန်းကုန်းစုထံသို့ ပို့ဆောင်ပေးရန် အာဝီးနှင့် ကွေ့ရှမ်းတို့အား မှာကြားခဲ့သည်။

ဤတွင် အတွေ့ကြီးသော ကွေ့ရှမ်းက သူမ၏ သားကို နန်းကုန်းစု၏ သားအဖြစ် လဲကာ နန်းကုန်းစုထံသို့ ပို့ဆောင်ပေးလိုက်သည်။

နန်းကုန်းစု၏ သားကိုမူ သူမ၏သားအဖြစ် မွေးစားလိုက်သည်။

ဝေထင်းမှာ နန်းကုန်းစု၏ သားအစစ်ဖြစ်ပြီး နန်းကုန်းစု၏ သားမှာ အိမ်ဖော် ထမင်းချက် အာဝီးနှင့် ကွေ့ရှမ်းတို့၏ သားအရင်း ဖြစ်ပါတော့သည်။

ကွေ့ရှမ်းက ကလေးချင်း လဲလှယ်ထားသည့် ကိစ္စကို မည်သူမျှမသိကြချေ။

နန်းကုန်းသက်နှင့် အာဝီးတို့၏ ဘဝသည်လည်း အခြေအနေခြင်း ပြောင်းပြန်ဖြစ်အောင် ကွာခြားသွားခဲ့လေတော့သည်၊



ကွေ့ရှမ်းသည် ထိုကိစ္စနှင့်ပတ်သက်ပြီး ဘယ်သောအခါမှ အလျော့ပေးလိမ့်မည် မဟုတ်ချေ။

"လောကကြီးမှာ ရက်စက်မှ တန်ကာကျမယ်၊ ရှင် အခုပဲ ကြည့်ပါဦး၊ ကျွန်မ ရက်ရက်စက်စက် ကြံစည်ခဲ့လို့ ကျွန်မတို့ သားမက ကျွန်မသားပါ ကောင်းစားနေပြီ မဟုတ်လား"

အာဝီးက ရယ်မောလိုက်လသည်။

"ကောင်းစားနေပြီ ဟုတ်လား၊ အေး မင်းသားက ဘာမှန်းညာမှန်းမသိဘဲ ဂိုဏ်းချုပ်ကြီး တစ်ယောက်ရဲ့ သားလို ကောင်းစားနေတာ မှန်ပါတယ်၊ ဒါကလည်း ဘဝမှန်ကို မသိသေးလို့ပါ၊ သူ့က မင်းကို အမေလို့ခေါ်လို့လား၊ မင်းကသာ သူ့ကို သခင်လေး သခင်လေးဆိုပြီး ကျွန်လုပ်ပေးနေရတာ မဟုတ်လား"

"ရှင် ... ရှင်"

ကွေ့ရှမ်း ဒေါသထွက်သွားသည်။

အာဝီးက ရယ်မောရာမှ ရပ်တန့်သွားပြီး မျက်နှာတည်သွား၏။

"ကွေ့ရှမ်း တစ်နေ့ မင်း ကောင်းကောင်းကြီး ဒုက္ခရောက်လိမ့်မယ်လို့ ငါ ပြောရဲတယ်"

ထို့နောက် အရက်အိုးကို ဆွဲယူကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

ကွေ့ရှမ်းသည် ကျိတ်မနိုင် ခဲမရဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း(၃၈)

## လုပ်ငန်းစခြင်း

"ဝေထင်း ... ဝေထင်း"

ခေါ်သံများ ထွက်ပေါ်လာသည်။

ဝေထင်းသည် ကွပ်ပျစ်ပေါ်တွင် လဲလျောင်းနေ၏။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံး ဆေးဖယောင်းချက်များပြည့်လျက် ရှိသည်။

သူသည် အဘိုးအိုနှစ်ယောက်အား မည်သို့ ပြန်လည်တိုက်ခိုက်ရမည်ကို စဉ်းစားနေ၏။

ထိုစဉ် ... ခေါ်သံနှင့်အတူ မိုးဓား ရောက်ရှိလာ၏။

"ဘယ်လိုလဲ ဝေထင်း"

ဝေထင်း ပင်ပန်းကြီးစွာ ထိုင်နေလေ၏။

သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည် မဟုတ်ပါလား။

သူက မိုးဓားအား စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

"ခင်ဗျားတို့ ပညာတွေကို ကျုပ်ဘယ်တော့မှ မသင်ဘူးဗျ၊ ခင်ဗျားတို့ ကြိုးစားမနေနဲ့ ... အလကားပဲ"

ဝေထင်း၏ စကားကြောင့် မိုးဓားက မဲ့ပြုံး ပြုံးလိုက်၏။

"ဒီလိုဆိုရင် မင်း သင်ချင်လာတဲ့အထိ ငါက ရိုက်ရဦးမှာပေါ့"

သူသည် စကားဆုံးလျှင် ဝေထင်းအား ရိုက်နှက်ရန် ဟန်ပြင်လိုက်သည်။

ဝေထင်းမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေတော့သည်။

"မရိုက်ပါနဲ့ဗျာ ... ဒီတစ်ခါတော့ ကျုပ်က ငြိမ်ခံနေမှာ မဟုတ်ဘူး"

သူသည် ပြောရင်း အပြင်ဘက်သို့ ဒယီးဒယိုင်ဖြင့် ထပြေးသွားလေတော့၏။

"ဟေ့ ... နေဦး"

မိုးဓားက ဟန့်တားရင်း နောက်မှ ပြေးလိုက်လာသည်။

ဝေထင်း အံတင်းတင်း ကြိတ်လိုက်သည်။

သူက ပြေး၍မလွတ်မှန်း သိသောအခါ မိုးဓားအား ရင်ဆိုင်ရန် ရှာခနဲ ပြန်လှည့်လိုက်သည်။

မိုးဓားက ရယ်မောလိုက်သည်။

"ယောကျ်ားဆိုတာ ဒီလိုမှပေါ့"

ဝေထင်းက အနီးရှိ သစ်ကိုင်းတစ်ကိုင်းကို ချိုးလိုက်ပြီး မိုးဓားအား တိုက်ခိုက်လိုက်လေသည်။

မိုးဓား ခေါင်းခါယမ်းလိုက်သည်။

"အဲဒီလို မတိုက်ရဘူးကွ၊ ဒီမှာကြည့်"

သူက ပြောရင်း ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ရှေ့သို့ တိုးသွားလိုက်သည်။

တစ်ဖန် ...

ကျန်လက်တစ်ဘက်က ခေါင်မိုးပေါ်သို့ မြှောက်ထားလိုက်သည်။

ဝေ့ထင်းက ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသည်။

မိုးခားက အသံတိုးတိုးဖြင့် …

"ဟော့ ဝေ့ထင်း … ငရဲခားက မင်းကို အတင်းလာသင်ခိုင်းရင် အခု ငါပြထားတဲ့ သိုင်းကွက်နဲ့ ပြန်ချစမ်း၊ မင်း နိုင်မှာ သေချာတယ်ကွ"

ထိုစဉ်မှာပင် …

ငရဲ၏အသံ ထွက်ပေါ်လာသည်။

"ဝေ့ထင်း … ဝေ့ထင်း"

ဝေ့ထင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထိုစဉ်

မိုးခားက အသံတိုးတိုးဖြင့် လှမ်းပြောလိုက်၏။

"ဟော … ငရဲခား လာပြီ၊ ခုနက ငါသင်ပေးတဲ့ သိုင်းကွက်နဲ့ ပြန်ချဖို့ မမေ့နဲ့"

သူသည် စကားဆုံးသည်နှင့် အနီးမှ ထွက်ပြေးသွားလေတော့၏။

"ဝေ့ထင်း … ဝေ့ထင်း"

ငရဲခားသည် ဝေ့ထင်းကို လိုက်ရှာရင်း အော်၍ခေါ်နေရာမှ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် …

သူ့ရှေ့တွင် ဝေ့ထင်းက ရင်ကော့၍ ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

သူ၏လက်ထဲတွင် သစ်ကိုင်းတစ်ကိုင်းကို ကိုင်ထားသည်။



"ဟင် …"

ငရဲခား အံ့အားသင့်သွားသည်။

သူက ကြောင်အမ်းအမ်းဖြင့် ဝေ့ထင်းအား ကြည့်လိုက်၏။

"ဝေ့ထင်း … မင်း ကနေ့ ဘာဖြစ်နေတာလဲ"

ဝေ့ထင်းက မျက်နှာတင်းတင်းဖြင့် ငရဲခားအား စိုက်ကြည့်လိုက်သည်။

ထို့နောက် အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားကို ပြန်ချမလို့"

"ဟင် …"

ငရဲခား၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"ငါ့ကို ပြန်ချမလို့ … ဟုတ်လား"

သူက တအံ့တဩဖြင့် ပြန်မေးလိုက်သည်။

ဝေ့ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဟား … ဟား … ဟား"

ငရဲခား ရယ်မောလိုက်သည်။

သူက ဝေ့ထင်းအား ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မင်း ဘယ်ဆိုးလို့တုန်း"

သူ၏ စကားမဆုံးမီ …"

"ယား …"

ဝေ့ထင်းက ညာသံပေးရင်း ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ငရဲစားက အသာအယာ ရှောင်တိမ်းလိုက်၏။

ထို့နောက် သူက တအံ့တသြဖြင့် ပြောလိုက်မိသည်။

"မင်းရဲ့သိုင်းကွက်က မိုးစားရဲ့ သိုင်းကွက်ဖြစ်နေပါလား"

ရုတ်တရက် သူ၏ မျက်လုံးအစုံ ဝင်းလက်သွားသည်။

သူက ချက်ချင်းပင် အားတက်သရောဖြင့် ပြောလိုက်သည်။

"မိုးစားသိုင်းကွက်ကို မသင်နဲ့၊ သူ့သိုင်းကွက်က ဘာမှ သုံးလို့ရတာမဟုတ်ဘူး"

သူက ဝေ့ထင်း၏လက်ထဲသို့ ဓားကို ထည့်ပေးလိုက်သည်။

ထို့နောက် ဝေ့ထင်း၏ လက်ကိုကိုင်၍ သူ၏ဓားကွက်ကို သင်ပေးလိုက်လေတော့သည်။

"ဟောဒါက သည်းထိတ်ရင်ဖိုဓားကွက်ကွ"

သူသည် ပြောရင်း ဝေ့ထင်း၏ လက်ကို ကိုင်ပေး၍ ဓားသိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် သင်ပြလိုက်လေသည်။

ဝေ့ထင်းမှာ ကြောင်အမ်းအမ်းဖြစ်ကာ ငရဲစား သင်ပြပေးသည့် ဓားကွက်အတိုင်း လိုက်ပါလှုပ်ရှားနေမိလေတော့သည်။

အချိန်သည် တဖြည်းဖြည်း ကုန်လွန်သွားသည်။

ဝေ့ထင်းသည် နေ့စဉ်နှင့်အမျှ ငရဲစားသိုင်းကွက်နှင့် မိုးစား၏ သိုင်းကွက်များကို လေ့ကျင့်နေရသည်။

နောက်ဆုံး သူသည် မိုးစားနှင့် ငရဲစားတို့၏ သိုင်းကွက်များကို ခွဲ၍မရတော့ဘဲ ရောယှက်ကာ ထက်မြောက်သွားတော့သည်။



သိုင်းကွက်များသည် တသီးတခြားမရှိတော့ဘဲ နှစ်ယောက်ပေါင်း သိုင်းကွက်ကို တစ်မျိုးအဖြစ် ရောနှောပေါင်းစပ်လိုက်မိ၏။

သူ၏ ကိုယ်ပေါ်တွင်လည်း ဒဏ်ရာဒဏ်ချက်ပေါင်းများစွာ ရရှိခဲ့ပြီး ဖြစ်သည်။

ဝေ့ထင်းသည် နွမ်းနယ်မောဟိုက်နေ၏။

ဤသို့ဖြင့် သုံးလခန့် ကြာမြင့်သွားသည့်အခါ မိုးစားနှင့် ငရဲစားတို့၏ သိုင်းကွက်များကို အားလုံးလောက်နီးနီး ရရှိလာလေတော့၏။

သို့ဖြင့် သူသည် ထွက်ပြေးရန် ကြံစည်နေမိတော့သည်။

သူသည် အချိန်ကောင်းကို စောင့်နေ၏။

လမိုက်ညတစ်ည ဖြစ်သည်။

မိုးစားနှင့် ငရဲစားတို့သည် အိပ်မောကျလျက် ရှိနေကြသည်။

ဝေ့ထင်းသည် ထွက်ပြေးရန် ကြံစည်နေသဖြင့် အိပ်၍ မပျော်ချေ။

သူသည် ငရဲစား အိပ်ပျော်နေသည်ကို တွေ့ရသောအခါ အိပ်ရာမှ အသာအယာ ထင်းလာပြီး ငရဲစားထံ ချဉ်းကပ်သွားသည်။

ငရဲစားမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် ခါးတွင် ချိတ်ထားသော မြေဆေးအိတ်ကလေးကို ထုတ်ယူလိုက်လေသည်။

မြေဆေးအထုပ်ကလေး လက်ဝယ်သို့ ရောက်ရှိလာသောအခါ ငရဲစား၏ လက်သည် ဝေ့ထင်း၏ လက်ကို ရုတ်တရက် ဖမ်းဆုပ်ထားလိုက်လေသည်။

"မင်း ဒီလိုခိုးလို့ ဘယ်ရမလဲ"

ဝေ့ထင်းသည် စိတ်ပျက်စွာ ထိုင်ချလိုက်သည်။

ငရဲခါးက သူ့အား တစ်ချက်ကြည့်လိုက်ပြီး လက်လွှတ်ပေးလိုက်သည်။

"မင်း ဖြေဆေးလိုချင်ရင် ငါ့ကို ဆရာလို့ခေါ်ရမယ်"

ဇော်ထင်း ခေါင်းခါယမ်းလိုက်သည်။

"မခေါ်ဘူး"

သူသည်ပြောပြီး အပြင်သို့ ထွက်ပြေးသွားတော့သည်။

ငရဲခါးက သူ့နောက်မှ ပြေးလိုက်လာ၏။

ဇော်ထင်းသည် ပြန်လည်တိုက်ခိုက်လိုက်လေ၏။

ငရဲခါးသည် ဇော်ထင်း ပြန်လည်တိုက်ခိုက်လာသည်ကို တွေ့ရသောအခါ မျက်လုံးများ ဝင်းလက်သွား၏။

"ဟော ... မင်းရဲ့သိုင်းကွက် ဘယ်ဆိုးလို့တုန်း၊ ငါ့ကိုတောင် မီလုပြီကွ"

သူသည် ပြောပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

နောက်ဆုံး ဇော်ထင်းမှာ မတတ်နိုင်တော့ဘဲ အိမ်ခန်းထဲသို့ ပြန်လည်ဝင်ရောက်သွားရလေ၏။

တောင်ကုန်းပေါ်၌ ချင်းစုလှုံနှင့် ပုချန်းတို့ ထိုင်၍ ဆွေးနွေးတိုင်ပင်နေကြသည်။

သူတို့ရှေ့တွင် အရက်အိုးနှင့် ခွက် နှစ်ခွက်ရှိသည်။

ပုချန်းက သူ၏အကြံကို တင်ပြသည်။

"သခင်မကြီး ... ကျုပ်တို့ ဒီအတိုင်း ထိုင်နေမယ်ဆိုရင် အချိန်ကုန်သွားလိမ့်မယ် ထင်တယ်"

ချင်းစုလှုံက ပြုံးလိုက်သည်။



ပုချန်းက ဆက်ပြောသည်။

"ကျုပ်သဘောကတော့ ရှောင်လင်ကျောင်းကို အရင်တိုက်မယ်"

ချင်းစုလှုံက အနည်းငယ် စဉ်းစားလိုက်၏။

ပြီးနောက် ခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။

"ဒီလိုဆိုရင် ကျွန်မတို့က လူအင်အားအလုံးအရင်းနဲ့ တိုက်ရမယ့်သဘော ရှိနေတယ်"

ပုချန်း မျက်မှောင်ကြုတ်သွားသည်။

"သခင်မကြီးရဲ့ သဘောကရော"

ချင်းစုလှုံက ပြုံးပြလိုက်သည်။

"ကျွန်မသဘောကတော့ သိုင်းအဖွဲ့အစည်း ကိုးဖွဲ့ကို တစ်ခုချင်း တိုက်ခိုက်ချင်တယ်"

ပုချန်း ခေါင်းညိတ်လိုက်သည်။

"ဒါလည်း မဆိုးဘူး၊ ဘယ်အဖွဲ့ကို အရင်တိုက်ရင် ကောင်းမလဲ"

"သွေးခြသေ့်ဂိုဏ်းဟာ လက်ရှိ သိုင်းအဖွဲ့တွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက် အရင်တိုက်ချင်တယ်၊ သူ ပြိုသွားရင် ကျန်တဲ့အဖွဲ့တွေ စိတ်ပျက်သွားကြလိမ့်မယ်"

ချင်းစုလှုံက သူမ၏ အကြံကို ရှင်းပြလိုက်သည်။

ပုချန်းက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ သွေးခြသေ့်ဂိုဏ်းကို စပြီး တိုက်ခိုက်ကြတာပေါ့"

သူတို့သည် အရက်ခွက်ကို မြှောက်လိုက်ကြပြီး ပြိုင်တူရယ်မောလိုက်ကြလေသည်။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ရယ်မောသံများသည် အဝေးသို့ လွင့်ပျံ့သွားပြီးနောက် အဝေးမှ ရယ်မောသံလည်း ပျံ့လွင့်လာသည်။

"ဟား ... ဟား ... ဟား"

ချင်းစုလျှံနှင့် ပုချန်းတို့က ရယ်မောရာမှ ရပ်လိုက်ကြသည်။

ရယ်မောသံလာရာသို့ ငြိုငြင်တွေလှည့်ကြည့်မိကြသည်။

"တုရှောင် ..."

ချင်းစုလျှံနှင့် ပုချန်းတို့နှစ်ယောက်စလုံး ငြိုငြင်တွေလိုပင် ရေရွတ်လိုက်မိကြသည်။

အသံတစ်သံသည် သူတို့နောက်မှ ပေါ်ထွက်လာလေ၏။

တုရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ်ပါ"

ချင်းစုလျှံက ရယ်မောလိုက်သည်။

"ရှင် ဘာလာလုပ်တာလဲ"

တုရှောင် ပြုံးလိုက်သည်။

ကျုပ်က မင်းကိုဆုံးမဖို့ ရောက်လာတာပဲ"

ချင်းစုလျှံ ဆတ်ခနဲ ထလိုက်သည်။

ပုချန်းက လက်ကာပြ၍ ဟန့်တားထားသည်။

"နေပါ သခင်မကြီး၊ ဒီလိုလူစားကို သခင်မကြီးကိုယ်တိုင် ရင်ဆိုင်စရာ မလိုပါဘူး"

သူသည် ပြောပြီးသည်နှင့် တုရှောင်ထံသို့ လျှောက်သွားလေသည်။



"တုရှောင် ... သေဖို့သာပြင်ပေတော့"

သူသည် ပြောရင်း တုရှောင်အား စတင်တိုက်ခိုက်လိုက်လေသည်။

တုရှောင်က ရယ်မောလိုက်၏။

"ဒီမှာ ပုချန်း ... ခင်ဗျားက ယောကျ်ားတန်မဲ့ မိန်းမကို ခေါင်းပေါ်တင်ထားတဲ့ အကောင်၊ ခင်ဗျားအစား ကျုပ်ရှက်တယ်"

သူသည် ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သို့သော် မကြာပါချေ။

တိုက်ပွဲက မကြာပါချေ။

လူထူးဆန်း တုရှောင် ရှုံးနိမ့်သွားသည်။

တုရှောင်သည် ထိုနေရာ၌ ဆက်မနေတော့ဘဲ ပြေးလွှားထွက်ခွာသွားသည်။

"ချင်းစုလျှံ မင်းသတိထားနေပါ၊ တစ်နေ့ မင်းတို့နှစ်ယောက်ကို ငါကိုယ်တိုင် လာသတ်မယ်"

တုရှောင်သည် ပြေးလွှားနေရာမှ နောက်ပြန်လှည့်၍ ရေရွတ်ကြုံးဝါးလိုက်သည်။

ထို့နောက် တချိုးတည်း ပြေးထွက်သွားလေတော့သည်။

❖❖❖

အခန်းထဲ၌ သန်းဖုံး ထိုင်နေ၏။

သူသည် စိတ်ချလက်ချဖြင့် ထိုင်နေခြင်း ဖြစ်သည်။

ဇေထင်းတစ်ယောက် သေဆုံးသွားပြီဖြစ်သောကြောင့် သူ၏ ယုတ်မာသော အကြံအစည်များကို ဖော်ထုတ်မည့်သူ မရှိတော့ဟု တွေးမိကာ စိတ်ချလက်ချ ထိုင်နေခြင်း ဖြစ်၏။

သူသည် တွေးရင်း ကျေနပ်စွာ ပြုံးနေမိသည်။

ရုတ်တရက် ...

"ဝုန်း ... "

ကျယ်လောင်သော အသံနှင့်အတူ သခန်းတံခါး ပွင့်သွား၏။

လူတစ်ယောက် အခန်းထဲသို့ လွင့်စင်လာပြီး ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားလေ၏။

သန်းဖုံး လှမ်းကြည့်လိုက်ရာ အံ့ဩထိတ်လန့်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော် အခန်းထဲ လွင့်စင်လဲကျလာသူမှာ သူ၏တပည့်ဖြစ်နေသောကြောင့်ပေတည်း။

ရန်သူ တစ်စုံတစ်ယောက် ရောက်လာပြီဟုလည်း သန်းဖုံး ချက်ချင်း သိလိုက်သည်။

ထိုစဉ်မှာပင် အခန်းထဲသို့ မိန်းကလေးတစ်ယောက် အေးဆေးစွာ ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

သန်းဖုံး ထိတ်လန့်တုန်လှုပ်သွားသည်။

တိုအမျိုးသမီးကား

"မာယာ"

မှန်ပါသည်။

အခန်းထဲ ဝင်ရောက်လာသူမှာ မာယာပင် ဖြစ်ပါသည်။

မာယာက ပြုံး၍နေ၏။

"ဟုတ်ပါတယ်ရှင် ... ကျွန်မပါ"

သန်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"မင်းဘာလာလုပ်တာလဲ"

မာယာက သန်းဖုံးကို စူးစိုက်ကြည့်ရင်း အဓိပ္ပာယ်ပါပါ ပြုံးလိုက်သည်။



"ရွှေရောင်ငှက်ရုပ်ပေးပါ"

သန်းဖုံး၏ မျက်လုံးအစုံသည် ရုတ်တရက်ပြူးကျယ်သွား၏။

"ရွှေရောင်ငှက်ရုပ် ငါ့ဆီမှာ ရှိတယ်လို့ ဘယ်သူက ပြောတာလဲ"

"ဝေ့ထင်းက ပြောတာ"

သန်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ဝေ့ထင်းရဲ့စကားကို ယုံကြည်နေတာကိုး"

မာယာသည် ခပ်ယဲ့ယဲ့ ပြုံးပြရင်း လက်ဝါးဖြန့်လိုက်သည်။

"ရွှေရောင်ငှက်ရုပ် ပေးပါ"

ပြောပြောဆိုဆိုဖြင့် မာယာသည် ပါးစပ်မှုတ်လိုက်ရာ အဆိပ်အပ်တစ်ချောင်းသည် သန်းဖုံး၏ မျက်နှာဆီသို့ တည့်မတ်စွာ ပစ်လွင့်သွားသည်။

"ဟာ ... "

သန်းဖုံး ထိတ်လန့်သွားသည်။

သူက ကပျာကယာ အင်္ကျီလက်ဖြင့် ကာကွယ်လိုက်၏။

"ဖောက် ... "

အဆိပ်အပ်ကလေးသည် သူ၏အင်္ကျီလက်သို့ စိုက်ဝင်သွားသည်။

သန်းဖုံး ရင်ထိတ်သွားသည်။

သူသည် မာယာနှင့် မယှဉ်ပြိုင်ဝံ့လောက်အောင် ဖြစ်သွား၏။

သိုင်းပညာအနေဖြင့် သူသည် မာယာထက်များစွာသာလွန်သည်။

သို့သော် မာယာ၏ ထောင်ပေါင်းများစွာသော လက်နက်ပုန်းများကို သူ့အနေဖြင့် သတိထားရန် ခက်ခဲလှသည်။

ထို့ကြောင့် သူသည် ပြန်လည်တိုက်ခြင်းမပြုတော့ဘဲ မြတင်းပေါက်မှ ခုန်ထွက်ကာ ပြေးလွှားသွားသည်။

"မပြေးနဲ့ ..."

မာယာက ပြောရင်း သူ့နောက်မှ ပြေးလိုက်သွားလေသည်။

✦✦✦

ဇော်ထင်းသည် ငရဲခါး၏ နှိပ်စက်ခြင်းကို မခံမရပ်နိုင်အောင် ဖြစ်လာသောကြောင့် ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်လိုက်သည်။

ယင်းသို့ ပြန်လည်တိုက်ခိုက်သည့်အတွက် ငရဲခါးသည် စိတ်မဆိုးသည့်အပြင် ဝမ်းပင်သာသွားသည်။

"ဟုတ်ပြီ ... ဟုတ်ပြီ ... မင်းရဲ့ သိုင်းကွက်တွေ အတော်ကို မှန်လာပြီကွ"

သို့သော် ချက်ချင်းပင် ခါးထောက်လိုက်ကာ ဦးခေါင်းခါယမ်းလိုက်မိပြန်၏။

"ဒါပေမယ့် မင်း တိုက်ခိုက်နေတဲ့နေရာမှာ အားပျော့နေသေးတယ်"

သူသည် စိတ်ရှည်စွာဖြင့် ထပ်မံရှင်းပြလိုက်သည်။

"ငရဲခါးဆိုတာ ရက်စက်ကြမ်းကြုတ်ရမယ်၊ တစ်ချက်ခုတ်လိုက်တိုင်းမှာ အားမာန်ပါရမယ် မင်းနဲ့ ယှဉ်ပြိုင်တဲ့လူကို မဟာရန်သူတစ်ယောက်လို သဘောထားပြီး တိုက်ခိုက်မှသာ ငရဲခါးရဲ့ အစွမ်း ထက်မြက်လာမှာကွ၊ စိတ်ကြမ်းကြမ်းရှိတဲ့လူမှသာ ငရဲခါးပညာကို အစွမ်းထက်အောင် အသုံးပြုနိုင်တာ"

ဇော်ထင်းက မဲ့ပြုံး ပြုံးလိုက်သည်။



"ကောင်းပြီ ... ကျုပ် အခု ခင်ဗျားကို မဟာရန်သူတစ်ယောက်အနေနဲ့ တိုက်ခိုက်မယ်"

သူသည် ပြောပြီး ငရဲခါးအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

✦✦✦

မှုစင်းတို့ ပထမအကြိမ် အစည်းအဝေးပြုလုပ်စဉ်က တုရှောင် လာရောက်နှောင့်ယှက်သဖြင့် အထမြောက်အောင်မြင်ခြင်း မရှိခဲ့ပေ။

ယင်းကိစ္စနှင့်ပတ်သက်ပြီး မှုစင်းသည် စိတ်မကျေပွဲ အပြစ် ဒုတိယအကြိမ် အစည်းအဝေး ခေါ်ရန် စိုင်းပြင်းခဲ့သည်။

သူသည် အစည်းအဝေးခေါ်ရန် အားလုံးနှင့် တိုင်ပင်ဆွေးနွေးနေစဉ်မှာပင် ချင်းစုလျှံနှင့် ပုချန်းတို့လူစု ရောက်ရှိလာသည်။

ချင်းစုလျှံက လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လေရာ မှုစင်း ဦးဆောင်သော သွေးခြသေ့အဖွဲ့ဝင်များသည် ကြိုတင်ပြင်ဆင်မှု လုံးဝမထားသည့်အတွက် ဖရိုဖရဲ ကစင့်ကလျား ဖြစ်သွားကြလေသည်။

ရှောင်လန်းသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် မှုစင်း၏လက်ကိုဆွဲကာ ပြေးလွှားသွားသည်။

ကျောက်နဂါးဂိုဏ်းသားများသည် သွေးခြသေ့ဌာနချုပ်တစ်ခုလုံးအား တိုက်ခိုက်ဖျက်ဆီးလိုက်သည်။

ရှောင်လန်းနှင့် မှုစင်းတို့သည် ခြေဦးတည့်ရာသို့ ထွက်ပြေးသွားကြလေ၏။

သို့သော် ကျောက်နဂါးဂိုဏ်းသားများက သူတို့အား ဝိုင်းရံမိသွားကြသည်။

ပုချန်းက သဘောကျစွာဖြင့် ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား"

မုစင်းသည် ပြေး၍ မလွတ်မှန်း သိသောအခါ ရှောင်လန်းကို တွန်းလွှတ်လိုက်သည်။

"ရှောင်လန်း မင်းလွတ်အောင်ပြေးပါ"

ရှောင်လန်း ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း ... မပြေးဘူး"

မုစင်း ခြေတောက်တစ်ချက် ဆောင့်လိုက်သည်။

"မငိုက်ချင်စမ်းပါနဲ့ ရှောင်လန်း၊ ငါအမိန့်ပေးနေတယ်၊ မင်း လွတ်အောင်ပြေးရမယ်"

သူသည် ပြောရင်း ဝင်ရောက်လာသော ပုချန်းအား တိုက်ခိုက်လိုက်သည်။

ရှောင်လန်းသည် မတတ်နိုင်တော့ဘဲ ပြေးလွှားထွက်ခွာသွားရလေတော့သည်။

ထိုစဉ်မှာပင် ပုချန်းက အဆိပ်မှုန့်များဖြင့် မုစင်းအား မှုတ်လိုက်သည်။

မုစင်း မျက်လုံးဖွင့်မရဘဲ ဖြစ်သွားသည်။

ပုချန်းက ထိုအခြေအနေကို အခွင့်ကောင်းယူ၍ မုစင်း၏ ရင်ဝကို ဓားဖြင့် ထိုးသွင်းလိုက်လေသည်။

"အား ..."

မုစင်းမှာ စူးရှစွာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသေဆုံးသွားတော့သည်။



ရှောင်လန်းသည် မုစင်းသေဆုံးသွားသည်ကို တွေ့ရသောအခါ ခြေကုန်သုတ်ပြေးလေတော့သည်။

ကျောက်နဂါးအဖွဲ့သားများသည် သေဆုံးသွားသော ဂိုဏ်းအား သုတ်သင်ချေမှုန်းနေ၏။

ကျန်ရှိနေသော အဖွဲ့သားတချို့က ရှောင်လန်းနောက်သို့ ပြေးလိုက်ကြသည်။

သို့သော် ရှောင်လန်းမှာ နယ်မြေကျွမ်းသူ ဖြစ်သောကြောင့် နောက်မှလိုက်လာသူများကို မျက်ခြည်ပြတ်အောင် ခြေရာဖျောက်နိုင်ခဲ့သည်။

ရှောင်လန်းသည် ကျောက်နဂါးဂိုဏ်းမှ လူများကို မျက်ခြည်ပြတ်ထားခဲ့ပြီးနောက် ချူစန်းထံသို့ ရောက်ရှိသွားလေ၏။

ချူစန်းက ရှောင်လန်းတစ်ယောက်တည်း ရောက်လာသည်ကို တွေ့ရသောအခါ အံ့အားသင့်သွားသည်။

"ဟင် ... ရှောင်လန်း တစ်ယောက်တည်းပါလား"

ရှောင်လန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတစ်ယောက်တည်း ပြေးလို့လွတ်လာတာ"

ချူစန်း အံ့အားသင့်သွားသည်။

"ဘယ်လို ... ပြေးလာတယ် ဟုတ်လား"

ချူစန်း၏ မျက်လုံးအစုံသည် အံ့ဩသည့် အရိပ်အယောင်များ ယှက်သန်းနေသည်။

ရှောင်လန်းမှာလည်း ပြေးလာရသောကြောင့် မောဟိုက်နေသည်။

"ဟုတ်တယ် ... ကျောက်နဂါးဂိုဏ်းက သွေးခြသေ့ဂိုဏ်းကို ချေမှုန်းလိုက်ပြီ"

"ဟောဗျာ"

ချူစန်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

သူက ရှောင်လန်းအား မျက်လုံးပြူး၍ ကြည့်ကာ မေးလိုက်သည်။

"မုစန်းတို့က မခုခံဘူးလား"

"ချင်းစုလျှံက အလစ်ဝင်တိုက်တဲ့အတွက် သွေးခြသေ့ဂိုဏ်း တစ်ခုလုံး အငိုက်မိသွားပြီး မုစင်းပါ သေဆုံးသွားပါပြီ"

ချူစန်းသည် ထိုစကားကို ကြားရသောအခါ စိတ်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။

သူသည် ရင်ထုမနာ တောက်ခေါက်လိုက်မိ၏။

"တောက် ... ကျုပ် အတန်တန် သတိပေးလျက်သားနဲ့ အခုလို ဖြစ်သွားတာ ရင်နာဖို့ကောင်းလိုက်တာဗျာ"

ရှောင်လန်းသည် စိတ်မကောင်းစွာဖြင့် မျက်ရည်ကျလာ၏။

ချူစန်းက ခေါင်းမော့လိုက်၏။

"ဒါနဲ့ ရှောင်လန်းရဲ့ ဆရာကော ဒီကိစ္စ သိပြီးပြီလား"

ရှောင်လန်း ခေါင်းခါယမ်းလိုက်သည်။

"မသိသေးပါဘူး၊ ကျွန်မ အစ်ကိုဆီ အရင်ဆုံး လာပြီး သတင်းပို့တာပါ"

"ဒါဖြင့် ညီမအရင်ပြန်နှင့်ပါ၊ ဂိုဏ်းချုပ်ကြီး အပါအဝင် နီးစပ်ရာလူတွေကိုလည်း အကြောင်းကြားပါ၊ ကျောက်နဂါးဂိုဏ်းက လာပြီး တိုက်ခိုက်မှာကိုလည်း ကြိုတင်သတိပေးကြဖို့ ပြောလိုက်ပါ"



ရှောင်လန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်မ ပြောပြပါ့မယ်"

သူမသည် ချာခနဲ လှည့်ကာ ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

"ရှောင်လန်း ခဏ"

ချူစန်းက ဟန့်တားလိုက်၏။

ရှောင်လန်း၏ လှမ်းလက်စ ခြေလှမ်းများ ရပ်သွားသည်။

ချူစန်းက သူမထံ လျှောက်လာ၏။

ထို့နောက် လွန်စွာ ကြင်နာယုယသော လေသံဖြင့် ...

"လမ်းမှာ သတိဝီရိယနဲ့ သွားပါနော်"

"ဟုတ်ကဲ့ ... "

ရှောင်လန်းက ခေါင်းညိတ်လိုက်ပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

## အခန်း (၃၉)

### သားကောင်

သွေးခြွသော့ဂိုဏ်းအား ကျောက်နဂါးဂိုဏ်းမှ ချေမှုန်းလိုက်သည့် သတင်းသည် သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

သိုင်းလောကရှိ ဂိုဏ်းအသီးသီးမှ ထိုသတင်းကြောင့် တုန်လှုပ်ချောက်ချားသွားကြရသည်။

တစ်ဆက်တည်းပင် သူတို့သည် ကျောက်နဂါးဂိုဏ်းမှ လာရောက်တိုက်ခိုက်လျှင် ပြန်လည်ခုခံနိုင်စရန် ကြိုတင်ပြင်ဆင်ထားကြတော့သည်။

ဂိုဏ်းအဖွဲ့တိုင်း၏ ပြင်ဆင်မှုများမှာ ထိတ်လန့်ကြောက်ရွံ့စရာပင်။

ဤသို့ဖြင့် သိုင်းလောက၏ အခြေအနေသည် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားလေတော့သည်။

❖❖❖

နန်းကုန်းစုသည် လက်နှစ်ဖက်နောက်ပစ်၍ ခန်းမအလယ်တွင် ရပ်နေ၏။



စားပွဲပေါ်တွင် တင်ထားသော ဓားကို တည်ကြည်လေးနက်စွာ စိုက်ကြည့်နေ၏။

ထိုဓားသည် ရွှေဓားဂိုဏ်း၏ အမြတ်တနိုးထားရှိသော ဓားတစ်လက်ဖြစ်သည်။

ထို့အပြင် ထိုဓားသည် ရွှေဓားဂိုဏ်းကို ကိုယ်စားပြုသော ဓားတစ်လက်လည်း ဖြစ်သည်။

သူသည် အတန်ကြာ တွေဝေငေးမောပြီးမှ အော်ဟစ်ခေါ်လိုက်လေ၏။

"လူတစ်ယောက် လာစမ်းဟေ့"

အခန်းဝတွင် အသင့်စောင့်နေသော အဖွဲ့သားတစ်ဦးက ပြေးဝင်လာသည်။

သူက ချက်ချင်းပင် ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

နန်းကုန်းစုက တည်ကြည်သော မျက်နှာထားဖြင့် ...

"ပေ့ဝမ်းကို သွားခေါ်စမ်း"

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"

အဖွဲ့သားက ပြန်လည်ထွက်ခွာသွားသည်၊

မကြာမီ ပေ့ဝမ်းနှင့် နန်းကုန်းသက်တို့သည် အလျင်စလိုဖြင့် ရောက်လာကြသည်။

ပေ့ဝမ်းက အရိုအသေပြုလိုက်သည်။

"အစ်ကိုကြီး ဘာများ အရေးကြီးတဲ့ကိစ္စ ရှိလို့လဲ"

နန်းကုန်းစုက နန်းကုန်းသက်ဘက်သို့ လှည့်လိုက်လေသည်။

"နန်းကုန်းသက် မင်း အပြင်မှာ သွားနေစမ်း"

"ဟုတ်ကဲ့"

နန်းကုန်းသက်က ဦးညွှတ်လိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

သို့သော် သူသည် ဝေးဝေးမသွားပေ။

နန်းကုန်းစုတို့သည် မည်သည့်စကားများ ပြောကြမည်ကို သိချင်သဖြင့် အခန်းဝ၌ ရပ်၍ ချောင်းနားထောင်နေလေတော့သည်။

နန်းကုန်းစုသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားလျက်ရှိ၏။

အတန်ကြာမှ နန်းကုန်းစုသည် ပေ့ဝမ်းအား လှမ်းကြည့်ကာ

"ကျုပ်တို့ဂိုဏ်းမှာ ကြီးမားတဲ့ အန္တရာယ်တွေကို ရင်ဆိုင်ရဖို့ အကြောင်းရှိနေတယ်"

ပေ့ဝမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒါကို ကျုပ်လည်း နည်းနည်းပါးပါး ရိပ်မိထားပါတယ်"

နန်းကုန်းစု သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျောက်နဂါးဂိုဏ်းဟာ သွေးခြသေ့ဂိုဏ်းကို ချေမှုန်းပစ်လိုက်ပြီ"

"ဟင် ..."

နန်းကုန်းစုထံမှ လုံးဝမမျှော်လင့်သော စကားကို ကြားလိုက်ရသည့်အတွက် ပေ့ဝမ်းမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဗျာ ... သွေးခြသေ့ဂိုဏ်း ချေမှုန်းခံလိုက်ရပြီ ဟုတ်လား"

နန်းကုန်းစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မုစင်းလည်း အသတ်ခံရတယ်"



ပေ့ဝမ်းသည် ထိတ်လန့်အံ့ဩလွန်းသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေလေတော့၏။

အတန်ကြာမှ သတိပြန်ဝင်လာကာ သက်ပြင်းယဲ့ယဲ့ ချလိုက်မိသည်။

"အင်း ... ကျောက်နဂါးဂိုဏ်းဟာ စတင်လှုပ်ရှားနေပြီပဲ"

နန်းကုန်းသက်က ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ကျောက်နဂါးဂိုဏ်းဟာ နောက်တစ်ကြိမ်မှာ ကျုပ်တို့ကို မတိုက်ခိုက်ဘူးလို့ မပြောနိုင်ဘူး၊ ဒုတိယအကြိမ် အတိုက်ခံရတဲ့ ဂိုဏ်းဟာ ဘယ်လိုဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"

ပေ့ဝမ်းက အံကို တင်းတင်းကြိတ်လိုက်သည်။

"လာစမ်းပါစေ ... ကျုပ်တို့ဘက်က နောက်ဆုံးတစ်ယောက်ကျန်တဲ့အထိ ခုခံမယ်"

နန်းကုန်းစုက သူ၏ ပခုံးကို အသာအယာ ပုတ်လိုက်သည်။

"ဒါကြောင့် ကျုပ်က ခင်ဗျားကို အားကိုးတာဗျ"

နန်းကုန်းစုသည် ကျေနပ်စွာပြုံးရင်း စကားဆက်လိုက်လေသည်။

"ဒါနဲ့ ခင်ဗျားကို ကျုပ် စကားတစ်ခွန်း ပြောရဦးမယ်ဗျာ"

"ပြောပါ အစ်ကိုကြီး"

နန်းကုန်းစုက အနည်းငယ် စဉ်းစားလိုက်ပြီးမှ ...

"ဒီလိုပါ ... သိုင်းလောကနဲ့ အခြေအနေက ရှုပ်ထွေးလာပြီ၊ ဒါကြောင့် ကျုပ်သားနဲ့ ခင်ဗျားသမီးကို အမြန်ဆုံး လက်ထပ်ပေးစေချင်တယ်ဗျာ"

ပေ့ဝမ်းမှာ နန်းကုန်းစု၏ သား နန်းကုန်းသက်နှင့် မိမိ၏

သမီး ပေ့ယို့ချင်းကို လက်ဆက်ပေးချင်သည်မှာ ကြာပြီ။ နန်းကုန်းစုအား စကားမစရဲသောကြောင့် ငြိမ်နေရသူဖြစ်သည်။

ယခု နန်းကုန်းစု၏ စကား ကြားရသောအခါ ချက်ချင်းပင် လက်ခံလိုက်လေသည်။

"ပြောစရာလိုသေးလား၊ အစ်ကိုကြီးပဲ ကြည့်ပြီး စီစဉ်ပါဗျာ"

နန်းကုန်းစု ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျား သမီးကိုလည်း မေးမြန်းတီးခေါက် စမ်းပါဦး"

အပြင်ဘက်၌ ချောင်း၍နားထောင်နေသော နန်းကုန်းသက်သည် ထခုန်မိမတတ် ဝမ်းသာပီတိဖြစ်သွားလေတော့သည်။

"သမီး ... ဖေဖေ ပြောတာကို ဘယ်လိုသဘောရသလဲ"

ပေ့ဝမ်းသည် သမီးဖြစ်သူ ပေ့ယို့ချင်းအား နားချလျက်ရှိနေ၏။

ထိုစဉ် ကျေ့ရှမ်းက လာရောက်၍ ချောင်းနားထောင်နေ၏။

ပေ့ယို့ချင်းက ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို နန်းကုန်းသက်ကို ကျွန်မ အစ်ကိုတစ်ယောက်အနေနဲ့ ချစ်တာပါ၊ သူ့ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး ဖေဖေ"

ပေ့ဝမ်းမှာ ပေ့ယို့ချင်း၏ စကားကြောင့် ဒေါသခြောင်းခြောင်း ထွက်လာသည်။

"သမီး နန်းကုန်းသက်ကို မယူနိုင်တာ ဝေ့ထင်းကြောင့် မဟုတ်လား"



ပေ့ယို့ချင်း ခေါင်းငုံ့လိုက်၏။

"ဝေ့ထင်းလည်း သေသွားပါပြီ၊ သူ့ကြောင့်လို့ မပြောပါနဲ့ ရှင်"

ပေ့ဝမ်း မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် သူက ခေါင်းတွင်တွင်ခါယမ်းကာ ...

"သမီး အခုထိ ဝေ့ထင်းအပေါ် စိတ်မကုန်သေးဘူးဆိုတာ ငါမသိဘူးများ မှတ်နေသလား"

ပေ့ယို့ချင်း စကားဆက်လိုက်သည်။

"ဝေ့ထင်းဟာ အဖွဲ့ကို သစ္စာဖောက်တယ်၊ ကိုယ့်အချင်းချင်းကို သတ်သွားတယ်၊ သူ့အကြောင်း ပြောရင် ငါ အတော်ခံပြင်းတယ်"

ဝေ့ထင်းကို မဟုတ်တရား စွပ်စွဲလာသောအခါ ပေ့ယို့ချင်းမဟာ မခံမရပ်နိုင် ဖြစ်လာလေသည်။

"ဝေ့ထင်း လူမသတ်ပါဘူး"

"ဒါဖြင့် လူသုံးယောက်ကို ဘယ်သူသတ်သွားတာလဲ"

ပေ့ယို့ချင်း၏ မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ဘယ်သူသတ်သွားတယ်ဆိုတာ ကျွန်မ စုံစမ်းနေပါတယ်"

ပေ့ယို့ချင်း၏ စကားကြောင့် ချောင်း၍နားထောင်နေသော ကျေ့ရှမ်းမှာ မျက်စိမျက်နှာ ပျက်သွား၏။

ပေ့ဝမ်း စိတ်မရှည်နိုင်တော့ပါ။

"တော်စမ်းပါကွာ ... သူက သေသွားပြီပဲ၊ စုံစမ်းလို့ ဘာအကြောင်းထူးမှာလဲ"

"ထူးတာပေါ့၊ ဖေဖေ ဝေ့ထင်းဟာ သစ္စာဖောက် လူသတ်တရားခံ မဟုတ်ဘူးဆိုတာ ရှင်းသွားတာပေါ့"

"နေပါဦး ... သူက လူသုံးယောက်ကို မသတ်ဘူးဆိုရင် ဘာကြောင့် ဂိုဏ်းချုပ်ကြီးရှေ့မှာ သူသတ်ပါတယ်လို့ ဝန်ခံသွားတာလဲ"

ပေ့ဝမ်းက မကျေမနပ် ပြန်မေးလိုက်၏။

ပေ့ယိုချင်းက စိတ်မသက်သာစွာဖြင့် သက်ပြင်းချလိုက်မိသည်။

"ဒါကတော့ တစ်ယောက်ယောက်ကို အကာအကွယ်ပေးတာ ဖြစ်ရမယ်"

ပေ့ဝမ်း မျက်မှောင်ကြုတ်လိုက်သည်။

"သမီးက အာဝ်းကို သံသယဖြစ်နေလို့လား"

ပေ့ယိုချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ..."

ပေ့ဝမ်းက ခေါင်းညိတ်လိုက်သည်။

"အင်း ... ဇော်ထင်း ကာကွယ်မယ်ဆိုရင် သူ့အဖေနဲ့ အမေပဲ ရှိတယ်၊ ဒါလည်း သံသယဖြစ်စရာပဲ"

ပေ့ဝမ်းသည် ထိုသို့တွေးလိုက်မိသော်လည်း ထိုအတွေးကို ချက်ချင်းပင် ပယ်ချလိုက်သည်။

"မဖြစ်နိုင်ဘူး ... ဒါ လုံးဝမဖြစ်နိုင်ဘူး"

အပြင်ဘက်၌ ချောင်း၍နားထောင်နေသော ကွေ့ရှမ်းမှာ ပေ့ယိုချင်းတို့ သားအဖစကားကို နားထောင်ရင်း တုန်လှုပ်ချောက်ချားသွားမိလေတော့၏။



ဇော်ထင်းသည် လက်နှစ်ဘက်တွင် ဓားနှစ်လက်ကိုင်ထား၏။

သူသည် ဓားနှစ်လက်ဖြင့် မိုးဓားအား သဲသဲမဲမဲ တိုက်ခိုက်လိုက်သည်။

မိုးဓားသည် ဇော်ထင်း၏ တိုက်ကွက်ကို မယှဉ်နိုင်တော့ဘဲ နောက်သို့ဆုတ်သွားရသည်။

ဇော်ထင်းသည် တစ်ချိန်လုံး အနိုင်မခံ အရှုံးမခံ အရိုက်ခံဘဝနှင့် နေခဲ့ရသောကြောင့် မိုးဓား နောက်ဆုတ်သွားသည့်တိုင် အလျှော့မပေးဘဲ တရစပ် ဖိ၍ တိုက်ခိုက်လေတော့သည်။

မိုးဓားသည် မနည်းရှောင်တိမ်း၍ ထွက်ပြေးသွားပြီးလျှင် အိမ်ရှေ့ လှေကားထိပ်ပေါ်၌ လက်မှိုင်ချ၍ ထိုင်နေလေ၏။

ထိုနေရာတွင် သူ့ထက်ဦးသူတစ်ဦး ရောက်နေသည်။

ငရဲဓားကလည်း ထိုနေရာတွင် လက်မှိုင်ချ၍ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ဟင် ..."

မိုးဓား ရောက်လာသည်ကို တွေ့သောအခါ အံ့ဩသွားလေသည်။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

ငရဲဓား၏ မျက်နှာပေါ်တွင် ယခုကဲ့သို့ စိတ်ပျက်လက်ပျက်ဖြစ်နေသည့် အရိပ်အယောင်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးပေ။

"မင်း ဘယ်လိုဖြစ်နေတာလဲ"

မိုးဓားက လှမ်းမေးလိုက်သည်။

ငရဲဓားက သူ့ကိုပြန်ကြည့်လျက် ပြောလေ၏။

"မင်းလိုပဲပေါ့ကွာ"

မိုးစား မျက်လုံးပြူးသွားသည်။

"အား … မင်းရှုံးသွားတယ် ဟုတ်လား"

ငရဲစား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မိုးစားက စားကို အနီး၌ ချထားလိုက်သည်။

"ငါလည်း ရှုံးသွားတယ်ကွ"

ငရဲစားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူ့ရဲ့သိုင်းကွက်က ငါသင်ပေးတဲ့ သိုင်းကွက်နဲ့ ဆင်တယ်၊ ဒါပေမယ့် ဘာကြောင့် မတူမှန်းလည်း မသိဘူး"

မိုးစားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် … သူ့ရဲ့သိုင်းကွက်တချို့က ငါသင်ပေးလိုက်တဲ့ တီမ်ဖောက်စားသိုင်းနဲ့တော့ ခပ်ဆင်ဆင်ပဲ၊ ဒါပေမယ့် တူတော့ မတူဘူး"

ထိုစဉ် ဇေထင်းသည် သူတို့အနီးသို့ ရောက်ရှိလာပြီး ရယ်မောလိုက်သည်။

"ဘယ်လိုလဲဗျ … ခင်ဗျားတို့က သိုင်းပညာသင်ပေးချင်တယ်ဆို၊ လာကြစမ်းပါ"

မိုးစားက ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ ငါတို့ကို ဆရာခေါ်ဖို့သင့်တယ်"

ငရဲစားကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သူငယ် … ငါ့ကို ဆရာခေါ်ရမယ်"

ဇေထင်းက စားနှစ်လက်ကို ဇေယမ်းလိုက်သည်။

"ကြည့်ပါ … ကျုပ်သုံးတဲ့ သိုင်းကွက်တွေဟာ ခင်ဗျားတို့ သိုင်းကွက်တွေ တစ်ကွက်ပါလား"



မိုးစားနှင့် ငရဲစားတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဇေထင်း၏ သိုင်းကွက်များကား သူတို့သိုင်းကွက်နှင့် ဆင်သလို ရှိသော်လည်း သူတို့သိုင်းကွက် မဟုတ်ချေတကား။

"ဒေါင် … ဒေါင် …"

အုန်းမောင်းခေါက်သံ နှစ်ချက်တိတိ ထွက်ပေါ်လာသည်။

ပေ့ယို့ချင်းမှာ အိပ်မရ၍ ထိုင်နေသည်။

သူမသည် ရွှေစားဂိုဏ်းသား သုံးယောက်အား သတ်သွားသော လူသတ်တရားခံ အစစ်ကို မည်သို့ဖော်ထုတ်စုံစမ်းရမည်ကို စဉ်းစားနေ၏။

"ဒေါက် … ဒေါက်"

ရုတ်တရက် တံခါးခေါက်သံ ကြားလိုက်ရသည်။

"ဘယ်သူလဲ …"

ပေ့ယို့ချင်းက လှမ်းမေးလိုက်၏။

"ကျွေ့ရှမ်းပါ"

ပေ့ယို့ချင်း မျက်မှောင်ကြုတ်လိုက်သည်၊

ကျွေ့ရှမ်းသည် မည်မျှအရေးကြီးသော ကိစ္စရှိနေ၍ ယခုကဲ့သို့ ညဉ့်နက်သန်းခေါင်အချိန်တွင် လာရောက်ရပါသနည်း။

သူမသည် စိတ်ထဲ၌ သံသယဖြစ်မိသော်လည်း အခန်းတံခါးဖွင့်ပေးလိုက်သည်။

"ကျွေ့ရှမ်း အချိန်မတော် ဘာများအရေးကြီးတဲ့ကိစ္စ ရှိလို့လဲ"

ကျွေ့ရှမ်းက ဘေးဘီသို့ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ဟုတ်တယ် သခင်မလေး … ကျွန်မှာ အရေးကြီးတဲ့ ကိစ္စရှိလို့ပါ"

"ဒါဖြင့် အထဲဝင်လေ"

"မဝင်တော့ဘူး … တခြားနေရာသွားပြောရင် ကောင်းမယ်"

ပေယို့ချင်း မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး … ဘာပြောမလို့လဲ"

"အဖွဲ့သားသုံးယောက်ကို သတ်သွားတဲ့ ကိစ္စပြောမလို့ပါ"

ပေယို့ချင်း စိတ်ဝင်စားလာသည်။

"ပြောပါ ကျွေ့ရှမ်း"

ကျွေ့ရှမ်းသည် ဘေးဘီသို့ တစ်ချက်ကြည့်လိုက်ပြန်သည်။

"အဲဒီ လူသုံးယောက်ကို ဝေ့ထင်းသတ်တာ မဟုတ်ဘူး"

ပေယို့ချင်း၏ မျက်လုံးအစုံတွင် ဝင်းလက်တောက်ပလာလေသည်။

"ဒါဖြင့် ဘယ်သူလဲ … မြန်မြန်ပြောစမ်းပါ"

ကျွေ့ရှမ်း ခေါင်းခါယမ်းလိုက်သည်။

"ဟိုမှာလဲ မလုံခြုံဘူး"

"ဒါဖြင့် ဘယ်မှာသွားပြောမှာလဲ"

"အပြင်မှာ လူသူမရှိတဲ့နေရာမှာ ပြောပြပါ့မယ်"

ပေယို့ချင်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် … ကျွန်မ လိုက်ခဲ့မယ်"

ကျွေ့ရှမ်းသည် ပေယို့ချင်းအား ရှေ့မှလမ်းပြ၍ ခေါ်ဆောင်သွားသည်။



သူတို့သည် ရွာအားကိုက်းဌာနချုပ် အဆောက်အအုံနောက်ဘက်ရှိ ချောက်ကမ်းပါးရှိရာသို့ ရောက်ရှိသွားသည်။

ချောက်ကမ်းပါးအစွန်းသို့ ရောက်သောအခါ ရှေ့၌ လမ်းမရှိတော့ချေ။

နက်ရှိုင်းသော ချောက်ကြီးသာ ရှိနေလေတော့သည်။

ပေယို့ချင်းက ခြေလှမ်းရပ်တန့်လိုက်သည်။

"ကဲ … ကျွေ့ရှမ်း ဒီနေရာမှာ ဘယ်သူမှမရှိတော့ဘူး၊ ပြောစရာရှိတာ ပြောပါ"

ကျွေ့ရှမ်းသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်လေသည်။

ထို့နောက် ဝေ့ထင်းအနီးသို့ ချဉ်းကပ်သွားသည်။

"ပြောပြပါ့မယ် သခင်မလေး၊ အကောင်းဆုံးကတော့ သခင်မလေးရဲ့ နားနားကို ကပ်ပြီး တိုးတိုးပြောမှ ကျွန်မအတွက် စိတ်ချရမှာပါ"

ပေယို့ချင်းသည် စိတ်ဝင်စားစွာဖြင့် နားစွင့်နေ၏။

ကျွေ့ရှမ်းသည် ပတ်ဝန်းကျင်ကို တစချက်ဆော့၍ အကဲခတ်ပြီး ပေယို့ချင်းနားသို့ တိုးကပ်သွားလေ၏။

ပေယို့ချင်းမှာ သတင်းကို လွန်စွာ စိတ်ဝင်စားနေသဖြင့် ရှေ့သို့ပင် ခါးကိုင်းပေးလိုက်သေးသည်။

လက်တစ်ကမ်းအကွာသို့ ရောက်သော်လည်း ကျွေ့ရှမ်းသည် တစ်စုံတစ်ရာပြောမည့်ဟန်ဖြင့် ကိုယ်ကို ရှေ့သို့ကိုင်းကာ လက်နှစ်ဖက်ဖြင့် ပေယို့ချင်းကို အားကုန်တွန်းချလိုက်လေတော့သည်။

"ဟင် …"

ပေယို့ချင်း၏ မျက်လုံးအစုံ ပြူးကျယ်သွားသည်။

ကွေ့ရှမ်းအနေဖြင့် ဤမျှ ရက်စက်ယုတ်မာလိမ့်မည်ဟု ပေ့ယို့ချင်း လုံးဝမထင်မှတ်ခဲ့ချေ။

ထို့ကြောင့် ကွေ့ရှမ်း၏ ရုတ်တရက် လှုပ်ရှားမှုကို မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ။

အံ့အားသင့်ပြီးသော ငေးကြောင်ရင်း ချောက်ကမ်းပါးထဲသို့ ထိုးကျသွားရလေသည်။

ကွေ့ရှမ်းက အားရပါးရ ရယ်မောလိုက်သည်။

"မှတ်ထား ... ငါ့ကို အန္တရာယ်ပြုမယ့်လူ မှန်သမျှ ငါ ဘယ်နည်းနဲ့မှ အရှင်မထားနိုင်ဘူး"

နံနက် မိုးလင်းလင်းချင်းပင် ပေ့ဝမ်းသည် ခန်းမဆောင်ထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ရောက်ရှိလာသည်။

နံနက်စောစော မလာစဖူး အလာထူးသော ပေ့ဝမ်းအား ကြည့်ကာ နန်းကုန်းစု မျက်မှောင်ကြုတ်သွားသည်။

"စောစောစီးစီး ဘာကိစ္စများ အကြောင်းထူးလို့လဲ"

ပေ့ဝမ်းက စိုးရိမ်ပူပန်သော လေသံဖြင့် ...

"ပေ့ယို့ချင်းကို ရှာမတွေ့ဘူး"

နန်းကုန်းစု မျက်မှောင်ကြုတ်သွားရပြန်သည်။

"အပြင်များ ထွက်သွားသလား"

ပေ့ဝမ်း ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ပါဘူးဗျာ၊ ကျုပ် လိုက်ရှာနေတာ နံ့နေပြီ"

ထိုစဉ် နန်းကုန်းသက် ရောက်ရှိလာသည်။



နန်းကုန်းစုနှင့် ပေ့ဝမ်းတို့ မျက်စိမျက်နှာမကောင်းသည်ကို မြင်လိုက်ရသဖြင့် ...

"ဖေဖေ ဘာတွေဖြစ်နေတာလဲ"

"ပေ့ယို့ချင်းကို ရှာမတွေ့လို့"

ပေ့ဝမ်းက လှမ်းပြောလိုက်ခြင်း ဖြစ်၏။

နန်းကုန်းသက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဒါဆို ကျွန်တော် သွားရှာလိုက်ဦးမယ်"

နန်းကုန်းသက်သည် ပျာပျာသလဲဖြင့် ပြန်လည်ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ကွေ့ရှမ်းရောက်ရှိလာလေသည်။

"သွားမရှာနဲ့တော့ ... ကျွန်မ ယို့ချင်းကို တွေ့ခဲ့တယ်"

အပြင်ထွက်ရန် ပြင်နေသော နန်းကုန်းသက်၏ ခြေလှမ်းမှာ ရပ်တန့်သွားသည်။

"ပြောစမ်း ... သူဘယ်မှာလဲ"

"သူ မနက်အစောကြီးကတည်းက တစ်ယောက်တည်း တောင်အောက်ကို ဆင်းသွားတာ မြင်လိုက်ပါတယ်"

ပေ့ဝမ်း အံ့သြသွားသည်။

"သူ ဘာကိစ္စနဲ့ တောင်အောက် ဆင်းသွားရတာလဲ"

"ကျွန်မ မသိဘူး"

ထိုသို့ပြောရင်း သူမသည် တစ်စုံတစ်ခုကို သတိရလာသည့်အလား ပြောလိုက်သည်။

"သူက သခင်လေးကို လက်မထပ်ချင်ဘူးဆိုလား တစ်ယောက်တည်း ပြောသွားတာကို ကြားလိုက်ရတယ်"

သူမ၏ စကားကြောင့် ပေ့ဝမ်းမှာ ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

နန်းကုန်းသက်မှာလည်း မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

နန်းကုန်းစုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ့သား ပေ့ယို့ချင်းက သဘောမတူရင်တော့ မင်းကို အတင်းအဓမ္မ မယူစေချင်ဘူး"

နန်းကုန်းသက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဖေဖေ"

နန်းကုန်းသက်က ထိုသို့ပြောလိုက်ရသော်လည်း ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာများကို ခံစားလိုက်ရသည်။

တခဏ်မျှ ပြန်လည်ဘိတ်ဆိတ်သွားသည်။

သူတို့အားလုံး အတွေးကိုယ်စီဖြင့် တွေဝေနေကြသည်။

တွေ့ရှမ်း၏ မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ပေါ်လွှင်နေသည်ကို မည်သူမျှ သတိမပြုမိချေ။

◆◆◆

# အခန်း(၄၀)

## ပညာပြည့်ဝနှလုံးလှ

မိုးခါးနှင့် ငရဲခါးတို့သည် ကျောက်လှေကားထစ်ပေါ်၌ ထိုင်နေကြသည်။

သူတို့သည် ဒူးခေါင်းပေါ်၌ တံတောင်ဆစ်တင်၍ မေးထောက်ထိုင်နေကြခြင်း ဖြစ်သည်။

နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက် ဖြစ်နေကြပုံရ၏။

သူတို့သည် ဝေ့ထင်းအား မိမိတို့ တတ်ထားသမျှ သိုင်းပညာရပ်များကို နည်းပရိယာယ်အမျိုးမျိုးသုံး၍ သင်ကြားပေးခဲ့သည်။

သို့သော် ဝေ့ထင်းက သူတို့သင်ကြားပေးလိုက်သော ပညာရပ်များကို ပေါင်းစပ်ရောယှက်လိုက်သဖြင့် ဝေ့ထင်း၏ သိုင်းပညာရပ်များသည် တစ်မူထူးခြားလာသည့်အပြင် သူတို့ထက်ပင် ပို၍ သိုင်းကွက်များ ဆန်းပြားလာသည်ကို တွေ့ရသည်။

ယခု သူတို့နှစ်ယောက်သည် ဝေ့ထင်းအား တိုက်ခိုက်ရာ၌ အနိုင်မရရှိတော့သည့်အပြင် အရှုံးပင် ပေါ်နေပေပြီပင်။

ထို့ကြောင့် သူတို့သည် ယခုကဲ့သို့ လက်မှိုင်ချ၍ ထိုင်နေကြခြင်း ဖြစ်သည်။

ဝေထင်းမှာမူကား ဓားနှစ်လက်ကို ဝေ့ယမ်း၍ သိုင်းကွက်များ တစ်ကွက်ပြီးတစ်ကွက် လေ့ကျင့်နေ၏။

မိုးဓားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"တို့ရှုံးတာက အရေးမကြီးဘူး၊ ဝေထင်း တို့ကို ဆရာလို့ မခေါ်တာက ခက်တယ်"

ဝေထင်း မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျားတို့ကို ဆရာလို့ ခေါ်ရအောင် ကျုပ်အသုံးပြုတဲ့ သိုင်းကွက်တွေက ခင်ဗျားတို့ သင်ပေးတဲ့ သိုင်းကွက်တွေလား"

မိုးဓား ပါးစပ်ပိတ်ထားလိုက်သည်။

ငရဲဓားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူပြောမယ်ဆိုလည်း ပြောစရာပါပဲ"

"သူအသုံးပြုနေတဲ့ သိုင်းကွက်ထဲက ငါသင်ပေးတဲ့ သိုင်းကွက်နဲ့ တူတာပဲရှိတယ်၊ ဒါပေမယ့် သေသေချာချာကြည့်တဲ့အခါ ကွဲပြားနေတယ်၊ ဘယ်လိုဖြစ်သွားတာလည်း မသိပါဘူးကွာ"

မိုးဓား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ငါ သင်ပေးလိုက်တဲ့ သိုင်းကွက်တချို့ဟာလည်း သူ့လက်ထဲ ရောက်သွားတော့ တစ်မျိုးဖြစ်သွားတယ်၊ ဒါကြောင့် တို့အတွက် ပြောရတာ အားမရှိဘူး"

အမှန်မှာ ဝေထင်းသည် မိုးဓားသင်ပေးလိုက်သော သိုင်းကွက်ကို ယာလက်၌ အသုံးပြုပြီး ငရဲဓားသင်ပေးလိုက်သော သိုင်းကွက်ကို ဝဲဘက်လက်က အသုံးပြုလိုက်သောကြောင့် မူလသိုင်းကွက် အနေအထား ပြောင်းလဲသွားပြီး သိုင်းပညာရပ်နှစ်မျိုးကို ပေါင်းစည်းရောယှက်ထားသော သိုင်းကွက်တစ်မျိုး ဖြစ်လာခြင်းပင်။



ဤသည်ကို မိုးဓားနှင့် ငရဲဓားလည်းသိသည်။

သို့သော် သိုင်းကွက်ပြောင်းလဲသွားသဖြင့် မိမိတို့၏ သိုင်းကွက်ဟု ပြောရန်မှာ အထောက်အထား ခိုင်လုံမှုမရှိဘဲ ဖြစ်နေသည်။

ဝေထင်းကလည်း သူတတ်မြောက်ထားသော သိုင်းပညာရပ်များမှာ မိုးဓားနှင့် ငရဲဓားတို့၏ သိုင်းကွက်ဖြစ်သည်ကို သိထားသည်။

သို့သော် ... သူသည် တမင်သက်သက် လက်မခံဘဲ ငြင်းဆိုလိုက်ခြင်းသာ ဖြစ်သည်။

မိုးဓားက ငရဲဓားအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ဝေထင်းအား ကြည့်လိုက်ပြန်သည်။

အတန်ကြာမှ သူ၏ မျက်နှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလာသည်။

"ဘာပဲဖြစ်ဖြစ် ငါတော့ ကျေနပ်မိပါတယ်"

သူက အဆက်အစပ်မရှိ ပြောလိုက်၏။

သို့သော် ငရဲဓားက နားလည်သည့်ဟန်မူရာဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ငါလည်း ကျေနပ်တယ်"

ပြောရင်း သူ၏ မျက်နှာလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

မိုးဓားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် တို့အနေနဲ့ အကောင်းဆုံး နည်းလမ်းကို ရွေးချယ်ကြရမှာပဲ၊ တို့အသက်တွေလည်း ကြီးလှပါပြီ"

ငရဲဓားက ခေါင်းညိတ်လိုက်၏။

"ကျုပ်လည်း မင်းလို ခံယူထားပါတယ်"

သူတို့နှစ်ယောက်သည် စိတ်ပျက်စွာဖြင့် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် ကျောက်လှေကားပေါ်မှ ဆင်းလာကြသည်။

ဝေ့ထင်းမှာမူ သူတို့နှစ်ယောက် ထပ်မံယှဉ်ဖြိုင်ကြသည်ကို စောင့်ကြည့်ရန် ဟန်ပြင်လိုက်သည်။

မိုးဓားနှင့် ငရဲဓားတို့သည် ဝေ့ထင်းအနီးသို့ ရောက်ရှိလာသောအခါ သူတို့သည် လျှပ်တစ်ပြက်ပင် လက်ဝါးကို ပြိုင်တူဆန့်ထုတ်လိုက်ကြ၏။

သူတို့သည် ဝေ့ထင်း၏ ဝဲယာ ပခုံးနှစ်ဖက်ကို လက်ဝါးဖြင့် ဖိကပ်လိုက်ခြင်း ဖြစ်သည်။

"ဟင် ..."

ဝေ့ထင်း ထိတ်လန့်သွားသည်။

သူသည် ရှောင်တိမ်း၍ပင် မေ့လျော့ကာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုစဉ် မိုးဓားနှင့် ငရဲဓားတို့၏ လက်ဝါးအတွင်းမှ အားများသည် သူ၏ပခုံးမှတစ်ဆင့် ကိုယ်လုံးသို့ တိုးဖောက်ဝင်ရောက်သွားလေတော့သည်။

တစ်ခဏအကြာတွင် ဝေ့ထင်းသည် တဖြည်းဖြည်း သတိမေ့လျော့သွားလေတော့သည်။

မည်မျှကြာသွားမှန်း မသိ။

ဝေ့ထင်းသည် သတိရလာသောအခါ သူ၏တစ်ကိုယ်လုံးမှ သွေးကြောများ လှုပ်ပက်ထိုးဖောက်သွားနေသည်ကို ခံစားလိုက်ရသည်

သူသည် ကမန်းကတန်း ထထိုင်လိုက်သည်။



သူ၏ ခန္ဓာကိုယ်သည် ခါတိုင်းနှင့်မတူ အင်အားပြည့်ဖြိုးလာပြီး ပေါ့ပါးသွက်လက်နေသည်ကို ခံစားလိုက်ရသည်

"ဟင် ..."

ဝေ့ထင်း အံ့ဩသွားသည်။

ပြီးခဲ့သော အကြောင်းများကို ပြန်လည်တွေးတောမိလေသည်။

နောက်ဆုံးတွင် မိုးဓားနှင့် ငရဲဓားတို့က မိမိ၏ ကိုယ်ခန္ဓာထဲသို့ အတွင်းအားများကို ပို့ဆောင်ပေးနေသည်ကို သတိရလာလေသည်။

သူသည် မိုးဓားနှင့် ငရဲဓားတို့အပေါ် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်မိသည်။

မိုးဓားနှင့် ငရဲဓားအား သတိရလိုက်သည်နှင့် ဝန်းကျင်သို့ လှည့်ကြည့်လိုက်ရာ သူတို့ကို မတွေ့ရတော့ချေ။

နှစ်ယောက်စလုံး ပျောက်ချက်သားကောင်းနေလေသည်။

"မိုးဓား ..."

သူသည် အသံကျယ်လောင်စွာဖြင့် အော်ခေါ်လိုက်သည်။

ပြန်ထူးသံ မကြားရချေ။

"ငရဲဓား ..."

ဝေ့ထင်းက ဆက်၍ ခေါ်ပြန်သည်။

မိမိ၏ အသံမှအပ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

မည်သည့် တုံ့ပြန်သံမျှ မကြားရချေ။

အဘယ်ကြောင့်မှန်းမသိ သူ၏စိတ်ထဲ၌ မကောင်းသောနိမိတ်များ ထင်မြင်လာသည်။

"မိုးဓား ... ငရဲဓား"

သူသည် အော်ခေါ်ရင်း မိုးဓားနှင့် ငရဲဓားတို့၏ အိပ်ခန်း ထဲသို့ ပြေးဝင်သွားမိသည်။

အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားသည်။

"ဟာ ..."

သူ၏ မျက်လုံးအစုံမှာလည်း ဝိုင်းစက်ပြူးကျယ်သွားလေ တော့၏။

ကွပ်ပျစ်ပေါ်၌ မိုးဓားနှင့် ငရဲဓားတို့ ထိုင်နေကြသည်။

သို့သော် သူတို့နှစ်ယောက်စလုံး ငြိမ်သက်နေကြ၏။

အသက်မရှိတော့ပေ။

မိုးဓား၏ လက်ထဲတွင် စာတမ်းတစ်ခု ချိတ်ထားသည်ကို တွေ့ရသည်။

"မငိုနဲ့ ... စိတ်မကောင်းမဖြစ်နဲ့"

စာတမ်းမှာ ဤမျှသာဖြစ်သည်။

ဇော်ထင်းအတွက် နောက်ဆုံး မှာထားခဲ့သော စာတမ်းပ ဖြစ်သည်။

ငရဲဓား၏ လက်တစ်ဖက်သည် မိုးဓား၏ လည်ပင်းကို သိုင်းဖက်ထားသည်။

ကျန်လက်တစ်ဖက်မှာ ရှေ့သို့ညွှန်ပြထားသည်ကို တွေ့ရ၏

ဇော်ထင်းသည် ငရဲဓား ညွှန်ပြထားသည့်အတိုင်း လိုက်၍ ကြည့်လိုက်သောအခါ စားပွဲပေါ်၌ မိုးဓား၏ အမှတ်အသား အဝတ်အစားများ၊ ပုတီးတစ်ကုံးနှင့် ငရဲသား၏ အမှတ်အသား တံဆိပ်ဖြစ်သော အဝတ်အစားများနှင့် ခေါင်းလောင်းကလေးမျာ ကို တွေ့ရသည်။



အဝတ်အစားများ ဘေးတွင် ငရဲဓားနှင့် မိုးဓားတို့၏ ဓား တို့လည်း ပါဝင်နေသည်။

ထို့အပြင် စာတစ်စောင် ရေးထားသည်ကိုလည်း တွေ့ရ လေသည်။

ဇော်ထင်းက စာကိုယူ၍ ဖတ်ကြည့်လိုက်သည်။

စာထဲ၌

*ဇော်ထင်း ...*

*မင်း စိတ်မကောင်း မဖြစ်ပါနဲ့၊ ငါတို့ပညာ အားလုံး မင်းကို လက်ဆင့်ကမ်းနိုင်ခဲ့ရလို့ ငါတို့အဖို့ သေ ပျော်ပါပြီ၊ ငါတို့ရဲ့ သိုင်းပညာဟာ ဖြိုင်ဘက်ကင်း တယ်လို့ ယူဆလို့လည်း ရတယ်၊ မယူဆချင်လည်း ရတယ်၊ ဒါပေမယ့် သေချာတာကတော့ ဒီပညာနဲ့ သိုင်းလောကကို ဝင်ဆန့်နိုင်ပြီလို့ ငါတို့ ပြောရဲတယ်၊ တစ်ခုတော့ မှာသွားပါရစေ၊ တတ်ထားတဲ့ပညာကို အလွဲသုံးစား မလုပ်ပါနဲ့၊ ထစ်ခနဲရှိ သိုင်းပညာအား ကိုးနဲ့ လူသတ်တာလည်း မလုပ်ပါနဲ့၊ ငါတို့ကိုချစ် ရင် ငါတို့မှာတဲ့ စကားကို လိုက်နာပါ၊ ထားခဲ့တဲ့ ဓားနဲ့ အဝတ်အစားများဟာ ငရဲဓားနဲ့ မိုးဓားတို့ရဲ့ အမှတ်အသား ဖြစ်ပါတယ်၊ မင်းကို အမွေအနှစ် အဖြစ် ပေးလိုက်ပါတယ်၊ တို့လည်း မရှိတော့တဲ့ အတွက် မင်း ဒီလိုဏ်ဂူထဲက ထွက်သွားပါတော့၊ ထွက်သွားတဲ့အခါမှာလည်း ဖြေဆေးသောက်ဖို့ မမေ့ နဲ့၊ တို့ သေပျော်ပါပြီ၊ ဒါပေမယ့် မင်းက ငါတို့ကို ဆရာလို့ မခေါ်ခဲ့တာကို ဝမ်းနည်းတယ်၊ ဒါပါပဲ ... မင်းခေါ်မယ်ဆိုလည်း ငါတို့ တမလွန်ဘဝကနေ ဝမ်းသာနေရမှာပါ ...။*

ငရဲဓားနှင့် မိုးဓား

ဟူ၍ ရေးသားထားလေသည်။

ဝေထင်းသည် ဒီစာကို ဆုံးအောင်ဖတ်ပြီးသွားသည်နှင့် မိုးစားနှင့် ငရဲစားတို့ရှေ့တွင် ဒူးထောက်ချလိုက်ပြီး ...

"ဆရာ ..."

တုန်ယင်လှိုက်လှဲစွာ ခေါ်လိုက်မိ၏။

မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာလေတော့သည်။

မိုးစားနှင့် ငရဲစားတို့သည် မိမိ၏ ဒဏ်ရာများကို ကုသပေးခြင်း၊ မိမိအား သိုင်းပညာရပ်များကို နည်းအမျိုးမျိုးဖြင့် သင်ကြားပေးခဲ့ခြင်းများကို တရေးရေး မြင်ယောင်လာတော့ကာ ပို၍ ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ရလေသည်။

မြူခိုးမြူငွေ့များ ဝေနေ၏။

မြူခိုးမြူငွေ့များကြားတွင် မြေပုံနှစ်ခုတန်းစီ၍ ရှိနေသည်ကို တွေ့မြင်ရသည်။

မြေပုံများရှေ့တွင် ဝေထင်းက ဒူးထောက်လျက်ရှိနေသည်။

သူသည် မိုးစားနှင့် ငရဲစားတို့၏ အမှတ်တံဆိပ်ပါရှိသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။

သူ့လည်ပင်းတွင် စိပ်ပုတီးတစ်ကုံးဆွဲထား၏။

သူ၏ဦးခေါင်း၌ ခေါင်းလောင်းကလေးနှစ်လုံးကို ချည်နှောင်ထားသည်။

သူ၏လက်ထဲတွင် မိုးစားနှင့် ငရဲစားတို့၏ ဓားကို ကိုင်ဆောင်ထားသည်။



သူသည် ရင်နင့်စွာဖြင့် ခေါင်းငုံ့ထားသည်။

"ဆရာတို့ အေးချမ်းစွာ အနားယူပါတော့၊ ဆရာတို့ရဲ့ နာမည်ကို သိုင်းလောကမှာ တစ်ခေတ်ပြန်ပြီး ဆန်းသစ်လာအောင် ကြိုးစားဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်"

သူသည် ရင်ထဲ၌ ကြိတ်၍ဆုတောင်းလိုက်ပြီးနောက် ဒူးထောက်ရာမှ ထလိုက်သည်။

ဖြေဆေးကိုသောက်ချလိုက်ပြီး လိုဏ်ဂူထဲမှ ထွက်လာသောအခါ မြင်ကွင်းတစ်ခုလုံးသည် ရှင်းရှင်းလင်းလင်းဖြင့် ပို၍ ကျယ်ပြန့်သွားသည်ဟု ခံစားလိုက်ရ၏။

လောကတစ်ခုလုံး ပကတိသာယာလှပသည်ဟု ခံစားလိုက်ရသည်။

သူသည် လေကောင်းလေသန့်များကို တဝကြီး ရှူရှိုက်ပြီးနောက် ခြေလှမ်းကျဲကျဲဖြင့် ပြန်လမ်းမဲ့တောင်ကြားမှ ထွက်ခွာသွားလေတော့သည်။

စားသောက်ဆိုင်တစ်ဆိုင်။

ထိုစားသောက်ဆိုင်သည် လမ်းဆုံလမ်းခွ၌ တည်ရှိနေ၏။

ဝေထင်းသည် ထိုနေရာသို့ရောက်ရှိလာသောအခါ ဗိုက်ဆာလာသဖြင့် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ဆိုင်ထဲ၌ စားသောက်နေသူများဖြင့် ပြည့်လျက်ရှိနေသည်။

သူသည် ချောင်ကျသော စားပွဲတစ်ခုသို့ သွားရောက်ထိုင်ချလိုက်သည်။

ထို့နောက် ...

စားသောက်ဖွယ်ရာများမှာကြား၍ စားသောက်နေလေသည်။

သူထိုင်နေသောစားပွဲနှင့်ကပ်လျက်ရှိ စားပွဲတစ်ခု၌ သိုင်းသမားသုံးယောက်က ဝိုင်းဖွဲ့၍ စားသောက်နေ၏။

သူတို့သည် စားသောက်နေရင်း ဝေထင်းအပေါ် အခဲမကျေသောစကားများကို ပြောဆိုနေကြသည်ကို ကြားလိုက်ရသည်။

ဝေထင်းက လှည့်ကြည့်လိုက်ရာ သွေးခြသေ့ဂိုဏ်းမှ အဖွဲ့သားများဖြစ်ကြောင်း သိလိုက်ရလေသည်။

ထိုအဖွဲ့သားသုံးယောက်အနက် ချွန်ယီဆိုသောလူပြောသောစကားမှာ အပြင်းထန်ဆုံးဖြစ်သည်။

"ဝေထင်း သေသွားတာ ငါလုံးဝမကျေနပ်ဘူး"

"ဘာဖြစ်လို့လဲ ချွန်ယီ"

အခြားအဖွဲ့သားတစ်ဦးက လှမ်းမေးလိုက်သည်။

ချွန်ယီက အံကိုတင်းတင်းကြိတ်ရင်း ပြောသည်။

"စဉ်းစားကြည့်ပေါ့ ကောင်းဝေရယ်၊ သူ့ကိုငါက ကောင်းကောင်းကြီး အခုလိုဆုံးမလို့ မရတော့ဘူးပေါ့"

ကောင်းဝေသည် သူ၏အဖော်ဘက်သို့လှည့်၍ ရယ်လိုက်သည်။

"ကြားလား လုံဝူ … ချွန်ယီကတော့ စံပဲဟေ့"

လုံဝူဆိုသူက ပြုံးလိုက်သည်။

"သေတဲ့လူက သေသွားပြီပဲ၊ ချွန်ယီကဘာဖြစ်လို့ ဒီလောက်တောင် နာကျည်းနေရတာလဲ"

ချွန်ယီက ဒေါသကြီးစွာဖြင့် …

"သူက ငါ့ဆရာဝူးမိန်ကို သတ်သွားတာကို ငါဘယ်ကျေနိုင်ပါ့မလဲ"



ကောင်းဝေ လက်ကာပြလိုက်သည်။

"ကဲ … ကဲ ထားလိုက်ပါတော့၊ မြန်မြန်စားကြကွာ၊ တော်ကြာ ခရီးဖင့်နေဦးမယ်"

ကောင်းဝေ၏ လောဆော်မှုကြောင့် သူတို့သုံးဦးသည် ကမျာအယာ စားသောက်လိုက်ကြ၏။

စားသောက်ပြီးလျှင်ပြီးချင်း ငွေတုံးကလေးများ စားပွဲပေါ်သို့ ချ၍ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားကြလေတော့သည်။

ကောင်းဝေ၊ လုံဝူနှင့် ချွန်ယီတို့သည် အတန်အသင့်ခရီးထွက်ပြီးသည်နှင့် မကြာမီသူတို့သည် မြေဝါတောင်ကုန်းအမည်ရှိ တောင်ကုန်းတစ်ခုဆီသို့ ရောက်ရှိသွားကြသည်။

သူတို့သည် စကားတပြောပြောဖြင့် လျှောက်လာကြရာ မကြာမီမှာပင် လူတစ်စုက သူတို့အား ရုတ်တရက် ဝိုင်းရံထားလိုက်ကြလေသည်။

ဝိုင်းရံထားသူများကို ချွန်ယီက တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုလူများမှာ ကျောက်နဂါးဂိုဏ်းမှ လူများဖြစ်ကြောင်း သိရှိလိုက်ရသည်။

"ယား"

ကျောက်နဂါးဂိုဏ်းမှလူများသည် ယင်းသို့အချက်ပြအော်ဟစ်ပြီး ချွန်ယီတို့လူစုအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

ချွန်ယီတို့သုံးယောက်ကလည်း ပြန်လည်ခုခံကြလေ၏။

ကျောက်နဂါးဂိုဏ်းမှလူများ ရှုံးနိမ့်သွားကြလေတော့သည်။

ချွန်ယီတို့လူစုသည် အနိုင်ရရှိ၍ ဝမ်းသာနေစဉ်မှာပင် ရယ်မောသံတစ်ခု ကြားလိုက်ရလေသည်။

"ဟား ဟား ဟား"

ချွန်ယီတို့က လှည့်ကြည့်လိုက်ရာ လူတစ်ယောက်သည် သူတို့အား မထိမဲ့မြင်ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုံရူး အံ့အားသင့်သွားသည်။

"ဟင် တောင်ပင်လယ်ဂိုဏ်း"

သူ၏နှုတ်မှလွှတ်ခနဲ ထွက်သွားသည်။

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က တောင်ပင်လယ်ဂိုဏ်းကပါ"

ချွန်ယီ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ"

ထိုလူ ပြုံးလိုက်သည်။

"ကျုပ်က တောင်ပင်လယ်ဂိုဏ်းချုပ် စုထုံးပါ"

"ဟင်"

"ဟာ"

စုထုံးဟူသောအမည်ကို ကြားလိုက်သည်နှင့် ချွန်ယီတို့ သုံးယောက်သည် ထိတ်လန့် တုန်လှုပ်သွားကြသည်။

စုထုံး၏အမည်ကို သူတို့ကြားခဲ့သည်မှာ အချိန်အတော် ကြာပြီဖြစ်သည်။

စုထုံး၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းသည့်အပြင် ရေကူးရေငုပ်ပညာတွင်လည်း သိုင်းလောကၡ ပြိုင်ဘက်ကင်းသူ ဖြစ်၏။

ထို့ကြောင့်...

တောင်ပင်လယ်တစ်လျှောက်တွင် သူ၏အမည်မှာ လျှမ်းလျှမ်းတောက် ကျော်ကြားထင်ရှားနေခြင်းပင်ဖြစ်သည်။



ကောင်းဝေသည် ကြောက်ရွံ့သောစိတ်များကို အနိုင်နိုင် ချေဖျက်နေရသည်။

ဒူကာ ပြောလိုက်သည်။

"သြော်...တောင်ပင်လယ်ဂိုဏ်းက ကျောက်နဂါးဂိုဏ်းနဲ့ ပူးပေါင်းလိုက်ပြီကိုး"

စုထုံးက စကားမပြောဘဲ ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ချွန်ယီတို့သုံးယောက်ကလည်း အနိုင်မခံ အရှုံးမပေးဘဲ ပြန်လည်တိုက်ခိုက်သည်။

သို့သော်...

သူတို့သုံးယောက်သည် စုထုံးအား မနိုင်သည့်အပြင် ကျောက်နဂါးဂိုဏ်းသားများ၏ ဝိုင်းရံတိုက်ခိုက်ခြင်းကို ခံလိုက်ရသောကြောင့် အရှုံးမီးဝိုင်းသလို မရှုမလှ အရေးနိမ့်လျက်ရှိ၏။

ထိုစဉ်မှာပင်...

လူတစ်ယောက် ရုတ်တရက်ရောက်ရှိလာပြီး ကျောက်နဂါးဂိုဏ်းမှ လူများကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ကျောက်နဂါးဂိုဏ်းသား တစ်ယောက် အဝေးသို့ လွင့်စင်သွားသည်။

ထိုလူသည် ကျောက်နဂါးအဖွဲ့သားကို လက်ဝါးဖြင့်တစ်ချက် ရိုက်ရုံမျှဖြင့် လွင့်စဉ်သွားရာ ထိုလူ၏လက်ဝါးရိုက်ချက်သည် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပြင်းထန်လှကြောင်း သိသာနိုင်သည်။

ကျန်ရှိသောအဖွဲ့သားများသည် အံ့အားသင့်သွားကြပြီး

ကြောင်အမ်းအမ်းဖြင့် ဝင်ရောက်တိုက်ခိုက်လာသူကို ငေး၍ကြည့်မိကြလေသည်။

သူတို့သည် ထိုလူအား အံ့ဩစွာဖြင့် အကဲခတ်ကြည့်နေ၏။

စုထုံးသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ဟော့…မင်းဟာ မိုးဓားနဲ့ ငရဲဓားတို့ရဲ့တပည့်လား"

ဝင်ရောက်တိုက်ခိုက်လာသူကား ဝေ့ထင်းပင်တည်း။

ဝေ့ထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝေ့ထင်းသည် ခေါင်းညိတ်ပြရင်းက ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ကြည့်လိုက်သည်။

အဘယ့်ကြောင့်နည်း။

သူ၏လက်ဝါးရိုက်ချက်တစ်ချက်တည်းနှင့်ပင် ကျောက်နဂါးဂိုဏ်းမှ လူတစ်ယောက် လွင့်စဉ်သွားသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ဝေ့ထင်းသည် ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင် အံ့ဩသွားမိသည်။

သူ၏လက်ဝါးကိုလည်း အံ့ဩစွာကြည့်မိသည်။

မိမိ၏အတွင်းအားများ ဤမျှပြင်းထန်လာသည်ကို တွေ့ရှိရသောအခါ အကြီးအကျယ် ဝမ်းသာနေတော့သည်။

စုထုံး မျက်မှောင်ကြုတ်သွား၏။

သူက ဝေ့ထင်းအား စေ့စေ့ကြည့်လိုက်ပြီး…

"မိုးဓားနဲ့ ငရဲဓားဟာ သိုင်းလောကမှာ ကွယ်ပျောက်သွားကာ နှစ်ပေါင်း လေးဆယ်ရှိပြီ၊ ဒါကြောင့် မင်းဟာ မိုးဓားနဲ့



ငရဲဓားရဲ့တပည့်ဆိုတာ ယုံဖို့ခက်တယ်၊ ဒီတော့ ဟုတ်မဟုတ်စမ်းကြည့်ရဦးမယ်"

သူသည်ပြောပြီးသည်နှင့် ဝေ့ထင်းအား တိုက်ခိုက်လိုက်သည်။

သူသည် စုထုံး၏တိုက်ခိုက်မှုကို လက်ဝါးဖြင့် ခံပေးလိုက်လေသည်။

"ဝုန်း"

"အား"

စုထုံး၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားလေ၏။

ဝေ့ထင်းက ခုန်ဝင်သွားပြီး သူ၏လည်ကုပ်ကို ဆွဲမလိုက်သည်။

"ခင်ဗျား ဘာပြောချင်သေးလဲ"

စုထုံး ခေါင်းငိုက်စိုက်ချလိုက်သည်။

"ငါရှုံးပြီပဲ၊ မင်း သတ်ချင်သတ်လိုက်"

ဝေ့ထင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ဆရာက ကျုပ်ကို လူမသတ်ဖို့ မှာလိုက်တယ်၊ ခင်ဗျားကို ကျုပ်က ဘာဖြစ်လို့ သတ်ရမှာလဲ"

"ဟင်"

ဝေ့ထင်း၏စကားကြောင့် စုထုံးအံ့အားသင့်သွားသည်။

သူက ဝေ့ထင်းအား မယုံနိုင်စွာဖြင့်ကြည့်ကာ…

"မင်း…မင်း တကယ်ပြောတာလား"

ဝေ့ထင်းက ရယ်မောလိုက်သည်။

"ကျုပ် စကားနှစ်ခွန်းမပြောတတ်ဘူး"

သူသည် စုထုံး၏လည်ကုပ်အား ချုပ်ထိန်းထားရာမှ လွှတ်လိုက်သည်။

"ခင်ဗျား သွားနိုင်ပြီ"

စုထုံး၏စိတ်ထဲ ဇဝေဇဝါဖြစ်သွား၏။

ဝေ့ထင်းက ရန်မရှာဘဲ ပြန်လွှတ်ပေးလိုက်သည့်အတွက် စုထုံးမှာ တအံ့တဩ ဖြစ်နေမိသည်။

နောက်ဆုံး...

သူသည် လေးပင့်သော သက်ပြင်းတစ်ချက်ချရင်း ထိုနေရာမှ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

ချွန်ယီသည် ဝေ့ထင်းအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်သည်။

"အခုလို ကျုပ်ရဲ့အသက်ကို ကယ်တင်တာ ကျေးဇူးတင်ပါတယ်ဗျာ"

ဝေ့ထင်းက လက်ကာပြလိုက်သည်။

"လူသားအချင်းချင်းကူညီရမယ့်ဝတ္တရားရှိတာပဲ၊ ကျေးဇူးတင်စရာ မလိုပါဘူး"

ချွန်ယီ ပြုံးလိုက်သည်။

"နာမည်ကိုတော့ တစ်ဆိတ်လောက် ပြောပြပါခင်ဗျား"

ဝေ့ထင်း ပြုံးလိုက်သည်။

"ကျုပ်နာမည် မပြောတာဘဲ ကောင်းပါတယ်ဗျာ"

သူသည် ပြောပြီးသည်နှင့် ကျွမ်းတစ်ပတ်ပစ်ကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

ချွန်ယီတို့သုံးယောက်မှာ ပါးစပ်အဟောင်းသားဖြစ်လျက် ကျန်ရစ်ခဲ့တော့သည်။

ဝေ့ထင်းသည် မိမိ၏သိုင်းပညာကို ယုံကြည်စိတ်ချသွားပြီ ဖြစ်သည်။



ရေဓားနှင့် မိုးဓားတို့ သင်ကြားပေးလိုက်သော ပညာများကို တစ်ယောက်တည်း လေ့ကျင့်ခဲ့ရသောကြောင့် ကိုယ့်ကိုယ်ကို မည်သို့မျှ တတ်မှန်းမသိခဲ့ပေ။

ကိုယ်ဖော့ပညာများ လေ့ကျင့်သည့်အခါလည်း မိမိ၏ တိုးတက်မှုကို မသိခဲ့ပေ။

ယခုမှ...

မိမိ၏ပညာရပ်အမှန်ကို သိလိုက်ရသောကြောင့် ဝမ်းသာအားရဖြစ်လာမိသည်။

သူသည် တောအုပ်ထဲ၌ ခုန်ပေါက်ထွက်လာရင်း ကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

"ငါ ကြွက်ကလေးမဟုတ်တော့ဘူးဟေ့"

## အခန်း (၄၁)

# အသက်ကယ်သူ

နန်းကုန်းစုတို့လူစုသည် ရောင်လင်ကျောင်းသို့ ဦးတည်၍ သွားကြသည်။

မုစင်း သေဆုံးသွားသည့်အတွက် သိုင်းအဖွဲ့အစည်းများကို ဦးဆောင်ရာတွင် အင်အားနည်းသဖြင့် ရောင်လင်ကျောင်းသို့ သွားရောက်ခြင်းဖြစ်သည်။

သူတို့ ရောင်လင်ကျောင်းသွားရောက်မည့်သတင်းများသည် ချင်းစုလျှံထံသို့ ရောက်ရှိလာသည်။

ချင်းစုလျှံသည် နန်းကုန်းစု၏အကြံကို ရိပ်စားမိလိုက်၏။

နန်းကုန်းဥနှင့် ရောင်လင်ဂိုဏ်းတို့ ပူးပေါင်းမိသွားမည်ကို ချင်းစုလျှံ လုံးဝမလိုလားချေ။

သူမသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"နန်းကုန်းစု ရောင်လင်းကျောင်းကို ဘယ်နည်းနဲ့မှ အရှင်မရောက်စေရဘူး"

ချင်းစုလျှံက ဒေါမာန်ပါပါဖြင့် ကြုံးဝါးလိုက်သည်။



မုချန်းက ဦးညွှတ်လိုက်သည်။

"ဒီကိစ္စ ကျုပ်ကို တာဝန်ပေးပါ"

ချင်းစုလျှံ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ရှင်ပဲ ဒီကိစ္စကို ကြည့်ရှင်းလိုက်ပါ"

မုချန်းက ကျေနပ်စွာပြုံးရင်း ဦးညွှတ်လိုက်လေသည်။

ထိုအချိန်တွင်...

နန်းကုန်းစုတို့သည် ရောင်လင်းကျောင်းသို့ ဦးတည်၍ ထွက်လာနေခဲ့ချေပြီ။

မကြာမီ...

သူတို့သည် တောအုပ်တစ်ခုထဲသို့ ရောက်ရှိလာကြသည်။

သူတို့လူစုသည် တောအုပ်ထဲသို့ ဝင်လိုက်သည်နှင့်...

"ဝှစ်...ဝှစ်"

"ဝှစ်...ဝှစ်"

ကျောက်နဂါး ဂိုဏ်းသားများက လေးဘက်လက်တန်မှနေပြီး အဆိပ်မှုန့်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

နန်းကုန်းစု မျက်လုံးပြူးသွား၏။

"နောက်ဆုတ်ကြ"

သူက ကပျာကယာ နောက်ဆုတ်ရန် အမိန့်ပေးလိုက်သည်။

ထိုစဉ်မှာပင်...

ပုချန်းက အေးဆေးစွာ လှမ်းထွက်လာလေ၏။

နန်းကုန်းစုက မျက်မှောင်ကြုတ်၍ လှမ်းကြည့်လိုက်လေသည်။

"မရဏ ပုချန်းပါလား"

ပုချန်း ရယ်မောလိုက်သည်။

"ခင်ဗျား၏ မှတ်ဉာဏ်က မဆိုးပါလား"

နန်းကုန်းစုက မဲ့ပြုံးပြုံးလိုက်သည်။

"မရဏဟာ ဘယ်တုန်းက ကျောက်နဂါးဂိုဏ်းလက်အောက် ရောက်သွားရတာလဲဗျ"

နန်းကုန်းစု၏စကားကြောင့် ပုချုန်း မျက်နှာပျက်သွားလေ၏။

"ဒါကတော့ အခြေအနေရပေါ့ဗျာ"

သူသည် နန်းကုန်းစုအား သရော်ပြုံးပြုံးလိုက်သည်။

"ခင်ဗျားလည်း ကျောက်နဂါးဂိုဏ်းကို သစ္စာခံမယ်ဆိုရင် ကျုပ် မိတ်ဆက်ပေးပါမယ်"

နန်းကုန်းစု လက်ကာပြလိုက်သည်။

"မပြောနဲ့၊ ကျုပ်တို့ ရွှေမားဂိုဏ်းဟာ ဘယ်တော့မှ သစ္စာဖောက်တွေနဲ့ မပူးပေါင်းဘူး"

နန်းကုန်းစုက စက်ဆုပ်ရွံရှာစွာဖြင့် ပြောလိုက်သည်။

ပုချုန်းက ရယ်မောလိုက်သည်။

"ခင်ဗျား ကျုပ်စကားကို နားမထောင်ရင် ဒုက္ခရောက်လိမ့်မယ်"

နန်းကုန်းစု မဲ့ပြုံးပြုံးလိုက်သည်။

"ပါးစပ်နဲ့မပြောနဲ့၊ သတ္တိရှိရင် ကြိုက်သလိုလုပ်ပါ"

ပုချုန်း ပြုံးလိုက်သည်။

"ကောင်းပြီလေ"

သူက ပြောပြီး နန်းကုန်းစုအား တိုက်ခိုက်လိုက်လေတော့သည်။



ဒိုးရက်ညီနောင်နှင့် ကျန်ရှိသော ကျောက်နဂါးဂိုဏ်းဝင်များသည် ပေ့ဝမ်းနှင့် ရွှေမား ဂိုဏ်းသားတို့အား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

အကယ်၍...

ရိုးရိုးသားသား ယှဉ်ပြိုင်ပါက ပုချုန်းကို နန်းကုန်းစု အနေဖြင့် လုံးဝမမှုချေ။

သို့သော်...

ပုချုန်းသည် နန်းကုန်းစု၏ဓားပညာကို ကောင်းစွာသိထားသဖြင့် ဓားပညာချင်းယှဉ်ပြိုင်မည့်အစား အဆိပ်များကို ဦးစားပေး၍ အသုံးပြုလေတော့သည်။

ထို့ကြောင့် တိုက်ပွဲဖြစ်ပွားပြီး မကြာမီမှာပင် နန်းကုန်းစုခမျာ အရေးနိမ့်သွားသည်။

ပေ့ဝမ်းမှာလည်း ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။

အခြေအနေမှာ အလွန်ဆိုးဝါးနေပေသည်။

ပုချုန်း၏လူများသည် နန်းကုန်းစုတို့လူစုအား အပေါ်စီးမှနေ၍ တိုက်ခိုက်နေကြသည်။

နန်းကုန်းစုလည်း ဒဏ်ရာရရှိသွားသည်။

ရွှေမားဂိုဏ်းမှ လူများသည် ပုချုန်း၏လက်ခုပ်ထဲမှရေပမာ ဖြစ်နေလေတော့သည်။

သူတို့သည် ယင်းကဲ့သို့ အသက်အန္တရာယ်နှင့် ကြုံတွေ့နေရသည့်အချိန်အတွင်းမှာပင် ဝေ့ထင်းအချိန်မီရောက်ရှိလာသည်။

"ရပ်လိုက်"

ပုချုန်းသည် ထိုအသံကိုကြားရသောအခါ လှည့်ကြည့်လိုက်သည်။

ဝေထင်းအား တွေ့မြင်လိုက်ရသဖြင့် အကြီးအကျယ် အံ့အားသင့်သွားသည်။

တိုက်ခိုက်မှုလည်း ရပ်တန့်သွား၏။

ဝေထင်းသည် နန်းကုန်းစုထံသို့ တစ်လှမ်းချင်းလှမ်းသွားသည်။

နန်းကုန်းစုနှင့် ပေ့ဝမ်းတို့သည် သူ့ကိုကြည့်ရင်း ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။

ပုချန်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်း မသေသေးဘဲကိုး"

ဝေထင်း ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ သေမင်းက လက်မခံလို့ ပြန်လာခဲ့တာပါ"

ပုချန်း မဲ့ပြုံးပြုံးလိုက်သည်။

"ဒီနေ့တော့ မင်းသေစေရမယ်"

ဝေထင်းက မထီမဲ့မြင် ပြန်လည်ပြုံးပြလိုက်၏။

"မြေခွေးပေးရင် အသက်ချမ်းသာပေးမယ်"

ဝေထင်းက အမှုမထားသောလေသံဖြင့်ပြောလိုက်ရာ ပုချန်းသည် အကြီးအကျယ် ဒေါသထွက်လာတော့သည်။

"ယား"

ရုတ်တရက်...

ပုချန်းသည် ညာသံပေးရင်း ဝေထင်းအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဝေထင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဘယ်ရမလဲဗျ"

သူကပြောရင်း ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်၏။



ထိုအခါ...

ပုချန်း၏ သိုင်းကွက်အား ရှောင်တိမ်းပြီးသားဖြစ်သွားလေတော့သည်။

"တောက်"

ပုချန်းမှာ သူ၏ တိုက်ခိုက်မှုအရာမထင်ဖြစ်သွားသောအခါ ဒေါသအမျက် ခြောင်းခြောင်းထွက်သွားလေတော့သည်။

"ယား"

သူက ညာသံပေးကာ ထပ်မံတိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ်...

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်နေသည်။

ဝေထင်းကစိတ်တည်ငြိမ်အောင် ထားလိုက်၏။

ထို့နောက်...

ကျွမ်းတစ်ပတ်ပစ်လိုက်ပြီး ဓားနှစ်လက်ဖြင့် ပုချန်း၏နဖူးပေါ်တွင် ကြက်ခြေထောက်လိုက်၏။

ထိုအခါ...

ပုချန်း၏ နဖူးပေါ်တွင် ကြက်ခြေခတ်အနီးစင်းနှစ်ခုဖြစ်ပေါ်သွားလေတော့သည်။

လုံးဝမမျှော်လင့်မိသော ဖြစ်ရပ်ပင်ဖြစ်၏။

"ဟင်"

"ဟာ"

ဘေးမှရပ်ကြည့်နေကြသော ပေ့စွမ်းနှင့် နန်းကုန်းစုတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

ပုချန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ဇေ့ထင်း၏ သိုင်းပညာမှာ ဤမျှတိုးတက်လာလိမ့်မည်ဟု မထင်မိချေ။

ထို့ကြောင့်...

ထိတ်လန့်သွားလေတော့သည်။

ဇေ့ထင်းက လက်ဝါးဖြန့်လိုက်သည်။

"ဖြေဆေးပေးပါ"

ပုချန်းမှာ မတတ်နိုင်တော့ဘဲ အိတ်ထဲမှ ဖြေဆေးကိုထုတ်ပေးလိုက်ရလေတော့သည်။

ဇေ့ထင်းသည် ဖြေဆေးကိုယူ၍ နောက်ဆုတ်သွားလေသည်။

ထို့နောက်...

သူက ပုချန်းအား စေ့စေ့ကြည့်လိုက်ပြီး...

"ဒီကနေ့ ခင်ဗျားကို မသတ်ဘူး၊ ကဲ... ခင်ဗျား သွားလိုရာ သွားနိုင်ပြီ"

ပုချိန်း အံကြိတ်လိုက်၏။

"တစ်နေ့တော့ မင်းကို ငါသတ်မယ်"

ပုချန်းသည် ကြုံးဝါးရင်း ထွက်ပြေးသွားလေ၏။

ထိုအခါ...

သူနှင့်အတူပါလာသော အဖွဲ့သားများသည်လည်း အခြေအနေ မဟန်မှန်းသိလိုက်သဖြင့် ဖရိုဖရဲပြေးလွှားသွားတော့သည်။

ဇေ့ထင်းသည် ပေ့ဝမ်းအား ဖြေဆေးကျွေးပြီးနောက် နန်းကုန်းစုရှေ့တွင် ဒူးထောက်ထိုင်ချလိုက်လေသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဂိုဏ်းချုပ်ကြီး"

နန်းကုန်းစုက သူ့အား လှမ်းကြည့်လိုက်သည်။

"မင်းကို ငါမေးမယ်၊ မင်းမှန်မှန်ပြောစမ်း"



ဇေ့ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

နန်းကုန်းစုက တစ်လုံးချင်းမေးလိုက်လေသည်။

"ကိုယ့်အဖွဲ့သားသုံးယောက်ကို မင်းသတ်သွားက အမှန်ပဲလား"

ဇေ့ထင်း တွေဝေသွားသည်။

သူသည် ခေါင်းခါပြရန် စဉ်းစားမိသည်။

သို့သော်...

ကွေ့ရှမ်းနှင့် အာဝီးတို့၏မျက်နှာကို မြင်ယောင်လာသည်။

သူသည် အမှန်အတိုင်း ပြောရန် သင့်မသင့်ကို ချင့်ချိန်စဉ်းစားနေ၏။

နန်းကုန်းစု၏အသံ ဟိန်းထွက်လာသည်။

"မေးနေတာ ပြောလေ"

ဇေ့ထင်းသည် လေးလံစွာဖြင့် ခေါင်းညိတ်ပြလိုက်လေတော့သည်။

"ကျွန်တော် သတ်တာပါ"

ပေ့ဝမ်းသည် ဒေါသအမျက် ခြောင်းခြောင်းထွက်သွား၏။

"ဒီမှာ ဇေ့ထင်း၊ ငါတို့ကိုကယ်တင်ခဲ့တဲ့အတွက် မင်းရဲ့အပြစ်ကို ခွင့်လွှတ်မယ်မထင်လိုက်နဲ့၊ မင်းကို ငါသတ်မယ်"

သူသည် ဓားဖြင့် ဇေ့ထင်းအား ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

နန်းကုန်းစုက ဟန့်တားလိုက်၏။

ပေ့ဝမ်းမှာ နားမလည်နိုင်အောင်ဖြစ်သွား၏။

သို့သော်...

သူက နောက်ဆုတ်ကာ ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထား လိုက်လေသည်။ နှုန်းကုန်းစုက ဝေထင်းအား စေ့စေ့ကြည့်လိုက်၏။

ထို့နောက်...

အေးစက်သောလေသံဖြင့် ပြောလိုက်လေသည်။

"ဝေထင်း...မင်းက ငါတို့ကို ကယ်တင်ခဲ့တဲ့အတွက် ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်"

သူသည် လက်ထဲမှ ဓားဖြင့် သစ်ကိုင်းတစ်ကိုင်းအား ခုတ် ချလိုက်ပြီး ဆက်ပြောလိုက်၏။

"နောက်တစ်ခါ မင်းကို ငါတွေ့ရင်တော့ ခွင့်လွှတ်မှာ မဟုတ်ဘူး"

သူသည် ပြောပြီး ဓားကို ဓားအိမ်ထဲသို့ ထိုးသွင်းလိုက် သည်။

ထို့နောက်...

"သွားကြမယ်"

သူ၏လူစုအား လက်ဝှေ့ယမ်းပြကာထွက်ခွာသွားလေ၏။

ဝေထင်း၏ရင်ထဲတွင် ခံပြင်းမှုများ အုံကြွလှုပ်ရှားလာလေ သည်။

"ဂိုဏ်းချုပ်ကြီး၊ ကျွန်တော့်ကို သတ်လိုက်ပါ၊ ကျွန်တော့် ကို သတ်လိုက်ပါ"

ဝေထင်းစိတ်ထဲ၌ နာကျည်းကြေကွဲစွာ ခံစားလာရခြင်းကို မည်သို့မျှ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပေ။

သူရူးတစ်ယောက်ပမာ အော်ဟစ်လိုက်လေတော့သည်။



ချောင်းရေသည် တသွင်သွင် စီးဆင်းနေ၏။

ကြည်လင်သာယာသော ချောင်းရေစီးကြောင်းလေး၏ နံဘေးတွင် စိမ်းညို့သော သစ်ပင်တောတန်းကလေးများ အုပ်မိုး လျက်ရှိနေသည်။

ဝန်းကျင်တစ်ခုလုံးမှာ သာယာလှပနေ၏။

ချောင်းနံဘေး သစ်ပင်ကြီးတစ်ပင်၏မြစ်ဆုံတွင် လူငယ် တစ်ယောက် ထိုင်နေသည်။

သူသည် တသွင်သွင်စီးနေသော ချောင်းရေကို ခြေထောက် နှစ်ဖက်ဖြင့် ရည်ရွယ်ချက်ကင်းမဲ့စွာ လှုပ်ခတ်နေ၏။

ထိုင်နေသော လူငယ်မှာ ဝေထင်းပင်ဖြစ်၏။

သူသည် ချောင်းစပ်တွင်ထိုင်၍ ငေးငိုင်နေသည်။

ခဏမျှကြာသော်...

ချောင်းကလေးနှင့် မလှမ်းမကမ်းတွင် မြက်ခင်းပြင်တစ်ခု ရှိရာသို့ သူလျှောက်လာ၏။

သူသည် စိမ်းလန်းစိုပြည်သော မြက်ခင်းပေါ်၌ လဲလျောင်း လိုက်ပြီး ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်သည်။

ကောင်းကင်ပေါ်တွင် တိမ်တိုက်တစ်ခုနှစ်ခုမျှသာ ရှိသည်။

တိမ်သားများက ကင်းရှင်းနေသည်ဖြစ်ရာ ကောင်းကင် တစ်ခုလုံး ကြည်လင်၍ နေပေသည်။

"အင်း"

ဝေထင်းက သက်ပြင်းတစ်ချက်လေးပွင့်စွာ ချလိုက်မိသည်။

ယခု...

သူသည် ထိပ်တန်း သိုင်းသမားတစ်ယောက်ဖြစ်ခဲ့ချေပြီ။

အို့သော်...

သူ၏ဘဝမှာ နိုက်ိုးရာမဲ့ အထီးကျန်ဘဝဖြစ်ခဲ့၏။

သူအလွန်ကြည်ညိုလေးစားသော ဂိုဏ်းချုပ် နန်းကုန်းစုသည် သူ့အား ရန်သူသမှယ်ဆက်ဆံသည်။

ဂိုဏ်းချုပ် နန်းကုန်းဥအကြောင်း စဉ်းစားမိသောအခါ သူသည် အာဝီးအား သတိရလာသည်။

အာဝီးမှာ ပေါ့ညံ့သည်မှတစ်ပါး ကြင်နာမှုရှိသော ဖခင် တစ်ယောက်ဟုသာ ခံယူထားသည်။

သို့သော်...

ထူးခြားသည်မှာ အဘယ်ကြောင့်မှန်းမသိ မိခင်ဖြစ်သူ ကွေ့ရှမ်းအား သူ လုံးဝ သံယောဇဉ်မရှိခဲ့ချေ။

သံယောဇဉ်ရှိရန်လည်း သူက မကြိုးစားခဲ့ပါ။

အထူးသဖြင့်...

သူသည် နန်းကုန်းစုအပေါ် ဖော်မပြနိုင်သော သံယောဇဉ် နှောင်ကြိုးတစ်ခု တွယ်နှောင်ထားမိသည်။

နန်းကုန်းစုကိုယ်၌ကလည်း မိမိအပေါ် ယုယကြင်နာခဲ့သည် ဟု သူ့ရင်ထဲ ခံစားနေရသည်။

သို့ရာတွင် ယခုတော့မူ...

သူသည် ဂိုဏ်းသားသုံးယောက်အား သတ်ဖြတ်ခဲ့မှုဖြင့် နန်းကုန်းစုက သူ့အား လုံးဝမလိုလားတော့ပါချေ။

အမှန်စင်စစ်...

ထိုလူသတ်မှုကို သူကျူးလွန်ခြင်း မဟုတ်ခဲ့ပါ။

နန်းကုန်းစု မေးစဉ်တုန်းက သူသည် အမှန်အတိုင်း ဖွင့်ဟ ပြောလိုသောစိတ်များ ပေါ်ပေါက်ခဲ့သည်။

သို့သော်...



မိခင်နှင့် ဖခင်တို့အား ကာကွယ်ပေးရမည့်တာဝန်ရှိနေသော ကြောင့် သူသည် ဖွတ်မိုက်၍ ဝန်ခံလိုက်မိသည်။

သူ၏အတွေးများသည် ဟိုတစ်စဒီတစ်စဖြင့် ဖမ်းမရဘဲ ပြန့်ကျဲလျက်ရှိသည်။

သူသည် တွေးရင်း ပေ့ယို့ချင်းအား သတိရလာမိပြန်သည်။

အမှန်တော့...

ပေ့ယို့ချင်းသည် သူ့အပေါ် နားလည်မှုရှိသူ၊ သူက ယုံကြည် ချစ်ခင်ရသော မိန်းကလေးတစ်ဦးဖြစ်၏။

ဝေ့ထင်း၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေ သည်။

"လောကတစ်ခုလုံးမှာ ပေ့ယို့ချင်းကသာ ငါ့ကိုယုံကြည် တယ်၊ ငါ ရွှေဓားဂိုဏ်းကိုပြန်မယ်၊ ပေ့ယို့ချင်းကို သွားတွေ့မယ်"

သူသည် ယင်းသို့တွေးမိပြီးနောက် ထိုင်ရာမှ ထလိုက်တော့ သည်။

## အခန်း (၄၂)

## အရှုံးအနိုင်

ချင်းစုလှုံသည် မယုံကြည်နိုင်လောက်အောင်ဖြစ်သွားသည်။

ကြားလိုက်ရသောစကားကို ပိုပြီး တိကျစေရန် ပုချန်းအား ပြန်မေးလိုက်၏။

"ရှင်ပြောတာ သေချာရဲ့လား"

ပုချန်း ခေါင်းညိတ်လိုက်သည်။

သူက မချိပြုံး ပြုံးရင်း...

"သေချာပါတယ်၊ သူက မသေတဲ့အပြင် သိုင်းပညာပါ အတော့်ကို တိုးတက်လာတယ်"

စကားပြောရင်းမှ ချင်းစုလှုံအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်...

သူ၏နဖူးပေါ်မှ ဒဏ်ရာကို ညွှန်ပြလိုက်လေသည်။

"ဟောဒီမှာ ကျုပ်ကိုပေးခဲ့တဲ့ ဒဏ်ရာလေ"

ချင်းစုလှုံ မျက်မှောင်ကြုတ်သွား၏။

အတန်ကြာမှ...



သူမက လေးပင်သော သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဝေ့ထင်း မသေရင် တို့ဟာအနှောင့်အယှက်ခံရလိမ့်မယ်"

သို့ရာတွင်...

ချက်ချင်းကိုပင် ပေါ့ပါးစွာ ရယ်မောလိုက်ပြန်၏။

နောက်ဆုံးတွင် မဲ့ပြုံးဖြင့် တစ်လုံးချင်း ပြောလိုက်လေ၏။

"ဒါပေမယ့် ဝေ့ထင်းက အသေးအမွှားပြဿနာပါ၊ သူ့ကို ဒုက္ခရောက်အောင် ငါလုပ်ပြမယ်"

ချူစန်းသည် မျက်မှောင်ကြုတ်၍ နားထောင်နေသည်။

ချွန်ယီက သူ၏စကားကို ဆက်လိုက်သည်။

"ဒီလူက ကျုပ်တို့ကို ကယ်တင်လိုက်ပေမယ့် နာမည်တော့ ပြောမသွားဘူးဗျ"

ချွန်ယီ၏စကားကို ကောင်းဝေက ခေါင်းညိတ်ပြလိုက်၏။

ချူစန်းခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

"ခင်ဗျားတို့ ပြောပုံအရဆိုရင် ဒီလူဟာ ခင်ဗျားတို့ကို ကယ်တင်၊ တစ်ခါ ကျောက်နဂါးဂိုဏ်းကလူတွေကိုလည်း တိုက်ခိုက်ခဲ့တယ်ဆိုတော့ သူဟာ မိတ်ဆွေမဟုတ်တောင် ရန်သူမဖြစ်နိုင်ဘူး"

လုံ့ဝူ သက်ပြင်းတစ်ချက်ချကာ ပြောလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ သူသာဝင်မကယ်ရင် အားလုံးဒုက္ခရောက်ကုန်မှာ သေချာတယ်"

ထိုစဉ်...

ချူစန်းသည် တစ်စုံတစ်ခုကို သတိရစဥ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်သည်။

သူက ချွန်ယီအား လှမ်းကြည့်ကာ...

ချွန်ယီက သူ၏စကားကို ဆက်လိုက်သည်။

"ခင်ဗျားတို့ပြောတဲ့အတိုင်းဆိုရင် တောင်ပင်လယ်ဂိုဏ်းဟာ ကျောက်နဂါးရဲ့ လက်အောက်ကို ရောက်သွားပြီပေါ့"

ချွန်ယီသည် အဝေးသို့တစ်ချက်မျှော်ကြည့်လိုက်၏။

ထို့နောက်...

ခေါင်းကို အောက်ငုံ့လိုက်ပြီး မပြောချင်ပြောချင်ဟန်ဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"အင်း"

ချူစန်း သက်ပြင်းရှည်တစ်ချက်ချလိုက်မိသည်။

အတန်ကြာမှ...

သူက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"မင်းတို့သာ မစုစည်းနိုင်ရင်တော့ ဒုက္ခနဲ့ရင်ဆိုင်ရတော့မှာပဲ"

❖❖❖

အခန်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေ၏။

သန်းဖုံးသည် ရွှေရောင်ငှက်ရုပ်အား လှေ့လာနေ၏။

ထိုစဉ်...

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကြားလိုက်ရသည်။

သန်းဖုံးသည် ရွှေရောင်ငှက်ရုပ်ကို ကမန်းကတန်း သိမ်းဆည်းထားလိုက်သည်။



နှုတ်မှလည်း လှမ်းမေးလိုက်၏။

"ဘယ်သူလဲ"

သို့သော်...

အပြင်မှတုံ့ပြန်သံ မကြားရပေ။

သန်းဖုံး မျက်မှောင်ကြုတ်သွား၏။

ထိုစဉ်မှာပင်...

"ဝုန်း"

အခန်းတံခါး ပွင့်ထွက်သွားသည်။

မိန်းကလေးတစ်ယောက်သည် ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် ဝင်ရောက်လာလေသည်။

ထိုမိန်းကလေးမှာ မာယာပင်ဖြစ်သည်။

သူမသာသည် အခန်းတွင်းသို့ တစ်ယောက်တည်း ဝင်လာခြင်း မဟုတ်ပါ။

သူမ၏နောက်တွင် သိုင်းသမားသုံးယောက်ပါလာသည်။

သန်းဖုံး မဲ့ပြုံးပြုံးလိုက်၏။

"မင်းက အပေါင်းအသင်းနဲ့ပါလား"

မာယာ အပြုံးမပျက်ပါ။

"ဟုတ်ပါတယ်ရှင်"

တစ်ဆက်တည်းမှာပင်...

သူမသည် လက်ဝါးကိုဖြန့်လိုက်၏။

ယခုအခါတွင်မူ...

သူမနှုတ်မှ အမိန့်ပေးတောင်းဆိုသံ ထွက်ပေါ်လာသည်။

"ကဲ...ရွှေရောင်ငှက်ရုပ် ပေးမလား၊ မပေးဘူးလား"

သန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

"မပေးဘူး"

ဤတွင်...

မာယာက လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ယင်းအခါ...

"ယား"

သူမနှင့်အတူပါလာသော သိုင်းသမားသုံးယောက်က သန်းဖုံးအား ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။

သိုင်းသမားသုံးယောက်၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ပြင်းထန်လှပေသည်။

သို့သော်...

သန်းဖုံးအား မယှဉ်နိုင်ပါချေ။

သန်းဖုံးက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

"အွန့်"

သိုင်းသမားသုံးယောက်မှာ အခန်းအပြင်သို့လွင့်စဉ်သွားကြလေသည်။

"ဟင်"

မာယာ အထိတ်တလန့်ဖြစ်သွား၏။

သန်းဖုံးက ပြုံးလိုက်သည်။

သူက မာယာအား ကြည့်လိုက်ပြီး...

"ရွှေရောင်ငှက်ရုပ်ကို မင်းယူချင်သေးသလား"

စကားဆုံးလျှင် တိုက်ခိုက်လိုက်၏။



မာယာသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ကမန်းကတန်း ထွက်ပြေးသွားလေတော့သည်။

❖❖❖

ကေ့ရှမ်းသည် သူမ၏အခန်းထဲ၌ထိုင်၍ ညစာ စားသောက်နေ၏။

ရုတ်တရက်...

"ဒေါက်...ဒေါက်"

တံခါးခေါက်သံကြားလိုက်ရသည်။

သူမက ရင်ထိတ်သွားသည်။

"အချိန်မတော် ဘယ်သူများပါလိမ့်"

သူမသည် တစ်ယောက်တည်း ညည်းညည်းညူညူပြောရင်း အခန်းတံခါး ဖွင့်ပေးလိုက်သည်။

သို့ရာတွင်...

လူတစ်ဦးတစ်ယောက်မျှ မတွေ့ရပါ။

သူမသည် ဘေးဘီကို တစ်ချက်ကြည့်လိုက်၏။

မည်သူမျှ မတွေ့ရပါ။

သို့ဖြင့်...

သူမက အခန်းတံခါးကို ပြန်ပိတ်မည်ပြုရာ...

"ဝုန်း"

အခန်းတံခါးသည် အလိုအလျောက် ပြုတ်ထွက်သွားလေတော့သည်။

"အမယ်လေး"

သူမ အကြီးအကျယ် ထိတ်လန့်သွားသည်။

ထိုစဉ်…

ပြတင်းပေါက်မှ အသံစလံများ ထပ်မံထွက်ပေါ်လာသည်။

သူမသည် ကြောက်ရွံ့စွာဖြင့် လှည့်ကြည့်လိုက်ရာ ပြတင်းပေါက်၏အပြင်ဘက်၌ မိန်းကလေးတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုမိန်းကလေး၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင် လုံးဝမရှိသော လူသေမျက်နှာမျိုးဖြစ်၏။

ဆံပင်ရှည်များ ဖားလျားချထားသည်ကို တွေ့လိုက်ရလေ၏။

မိန်းကလေး၏မျက်လုံးများသည် ချောက်ချားစရာ ကောင်းလှသည်။

ကွေ့ရှမ်းသည် မိန်းကလေး၏မျက်နှာကို တွေ့မြင်လိုက်ရသည်နှင့် အသံကုန် အော်ဟစ်လေတော့သည်။

"သရဲ… သရဲ"

သူမသည် အာဝီး၏အခန်းသို့ တစ်ဟုန်ထိုးပြေးဝင်သွားလေသည်။

သူမမှာ နှလုံးသွေးမျက်ဖွယ် တုန်လှုပ်ချောက်ချားနေသည်။ ထိတ်လန့်မည်ဆိုလည်း ထိတ်လန့်ဖွယ်ကောင်းလှပေသည်။

အကြောင်းမှု…

သူတွေ့မြင်လိုက်ရသော မိန်းကလေးမှာ ပေ့ယို့ချင်းပင်ဖြစ်နေသည် မဟုတ်ပါလား။

အာဝီးသည် ကွေ့ရှမ်း၏ အော်သံကြောင့် ကမန်းကတန်းထလာသည်။

ကွေ့ရှမ်းပြေးဝင်လာသည်ကို တွေ့ရသောအခါ အံ့ဩသွားမိ၏။



"အချိန်မတော် ဘာဖြစ်နေတာလဲ"

ကွေ့ရှမ်းက အာဝီးကို တုန်လှုပ်စွာကြည့်ရင်း တုန်ယင်စွာပြောကြားလေသည်။

"သ… သရဲ"

ကွေ့ရှမ်း၏ပုံဟန်မှာ လွန်စွာစိတ်ချောက်ချားနေသောလက္ခဏာရှိ၏။

အာဝီးက သူမ၏လက်ကို ဖမ်းဆုပ်လိုက်သည်။

"ဘယ်မှာလဲ သရဲ"

ကွေ့ရှမ်း၏ပုံဟန်မှာ လွန်စွာစိတ်ချောက်ချားနေသောလက္ခဏာရှိ၏။

အာဝီးက သူမ၏လက်ကို ဖမ်းဆုပ်လိုက်သည်။

"ဘယ်မှာလဲ သရဲ"

ကွေ့ရှမ်းသည် အာဝီးကို ပေ့ယို့ချင်းအား တွေ့ခဲ့သည့်နေရာသို့ ခေါ်လာသည်။

သူသည် ကွေ့ရှမ်းပြသောနေရာသို့ လိုက်ကြည့်၏။

သို့သော်…

မည်သူ့ကိုမျှ မတွေ့ရပါ။

"ဘယ်မှာလဲ သရဲ"

အာဝီးက မေးလိုက်၏။

ကွေ့ရှမ်းက တုန်ယင်သော လေသံဖြင့် ပြောသည်။

"ခုနက ကျွန်မကိုယ်တိုင် တွေ့လိုက်တယ်"

အာဝီး အံ့ဩသွားသည်။

"သရဲကို တွေ့ခဲ့တယ် ဟုတ်လား"

ကွေ့ရှမ်း ခေါင်းညိတ်လိုက်၏။

ထိုစကားကို ကြားလိုက်ရသောအခါ ဝေထင်းမှာ ရင်ထဲ၌ တုန်ခါသွားလေတော့သည်။

သူသည် တံခါးကိုတွန်း၍ မဆိုင်းမတွပင် ဝင်ရောက်သွားမိလေ၏။

"ဘာပြောတယ်၊ မေ့ယို့ချင်း သေသွားပြီ ဟုတ်လား"

"ဟင်"

"ဟာ"

ကွေ့ရှမ်းသည် မမျှော်လင့်ဘဲ ဝေထင်းအား တွေ့မြင်လိုက်ရသဖြင့် အံ့ဩထိတ်လန့်သွား၏။

သူမသည် ဘာစကား ဘယ်လိုပြောရမည်မသိဘဲ ကြက်သေသေကာ အာဝီးအား ကြည့်လိုက်မိ၏။

အာဝီးကလည်း ကြောင်အမ်းအမ်းဖြင့် ဝေထင်းအား ကြည့်နေ၏။

ဝေထင်းက အလောတကြီးဖြင့် ထပ်မံမေးလိုက်ပြန်သည်။

"ပြောစမ်းပါ မေမေ၊ ယို့ချင်း သေသွားပြီ ဟုတ်လား"

ကွေ့ရှမ်းက အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"သေသွားပြီ၊ အဲ...မသေသေးဘူး"

ကွေ့ရှမ်း၏စကားမှာ တောင်တစ်ခွန်း မြောက်တစ်ခွန်းဖြင့် အဓိပ္ပာယ်မဲ့လှသည်။

ဝေထင်း မျက်မှောင်ကြုတ်လိုက်၏။

"ခုနက ယို့ချင်းသေသွားပြီလို့ ကျွန်တော်ကြားလိုက်မိသလိုပဲ"

ဝေထင်း၏စကားအရ သူသည် နားစွန်နားဖျားသာ ကြားခဲ့ရကြောင်း သိလိုက်ရ၏။



"ဟုတ်တယ်"

အာဝီး ခေါင်းခါယမ်းလိုက်သည်။

"ကြံကြံဖန်ဖန်ကွာ၊ တို့ ဒီကိုရောက်တာ နှစ်အတော်ကြာပြီ၊ တစ်ခါမှ သရဲ မတွေ့ဖူးဘူး"

"အရင်က မတွေ့ပေမယ့် အခုတွေ့ရတယ်ရှင့်"

ကွေ့ရှမ်းက ခိုင်မာစွာ ပြောနေ၏။

အာဝီး သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း...ဒါကြောင့် ငါပြောတယ်မဟုတ်လား၊ လူဆိုတာ မတရားမလုပ်နဲ့၊ မှန်မှန်ကန်ကန်လုပ်တဲ့လူဟာ စိုးရိမ်ပူပင်စရာမလိုဘူး၊ အခု မတရားလုပ်တဲ့လူဟာ အလကားနေရင်း စိတ်ချောက်ချားနေရတယ်"

ကွေ့ရှမ်းက နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မ တကယ်တွေ့လို့ပေါ့၊ အဲဒီ သရဲက ဘယ်သူလဲ သိလား"

အာဝီး ခေါင်းခါယမ်းလိုက်၏။

"ဟ...ငါက ဘယ်သိမလဲကွ"

ထိုအချိန်မှာပင်...

ဝေထင်းသည် တိတ်တဆိတ် ရောက်ရှိလာခဲ့လေသည်။

သူသည် အာဝီးနှင့် ကွေ့ရှမ်းတို့နှစ်ယောက်ရှိနေသည့် အခန်းတံခါးရှေ့၌ ရပ်တန့်မိလျက်သားဖြစ်သွား၏။

ထိုစဉ်...

ကွေ့ရှမ်း၏အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

"ရှင် ဘာသိလဲ၊ မေ့ယို့ချင်းကို ကျွန်မ သတ်လိုက်ပြီရှင့်"

သို့ဖြင့် ...

ကွေ့ရှမ်းသည် တုန်လှုပ်နေသောစိတ်ကို ထိန်းချုပ်နိုင်ခဲ့လေသည်။

"ဒီလိုကွယ်၊ သူ့အဖေကသူ့ကို နန်းကုန်းသက်နဲ့ ပေးစားမလို့၊ အဲဒါ သူက လက်မခံဘူး၊ ဒါကြောင့် မေမေက သူ့ကို ထွက်ပြေးဖို့ တိုက်တွန်းလိုက်တာနဲ့ သူလည်း ပြို့ထဲသို့ထွက်ပြေးသွားတာပါ။

ယင်းစကားကြားလိုက်ရသော ဝေ့ထင်းသည် စိတ်သက်သာရာ ရသွားလေတော့သည်။

ကွေ့ရှမ်းသည် ဝေ့ထင်းအား ပြစ်တင်လိုသောမျက်နှာဖြင့်ကြည့်လိုက်၏။

"ဒါနဲ့နေပါဦး၊ မင်းကဘာဖြစ်လို့ ပြန်လာတာလဲ"

ဝေ့ထင်းသည် သက်ပြင်းကိုသာ ချလိုက်မိသည်။

ထို့နောက် ...

အဆီလျော်ဆုံးစကားများကို ရွေးချယ်ကာ အသင့်တော်ဆုံးအဖြေကို ပေးသည်။

"ကျွန်တော် ပေ့ယို့ချင်းကိုလည်း သတိရတယ်၊ အဖေ အမေတို့ကိုလည်း သတိရလို့ ပြန်လာတာပါ"

သို့သော် ...

ကွေ့ရှမ်းက ခေါင်းခါယမ်းလိုက်၏။

"မင်း တော်တော်မိုက်ပါလား၊ သူတို့တွေ့သွားရင် ဘယ်လိုလုပ်မလဲ"

ဝေ့ထင်းက ရင်ကိုကော့လိုက်သည်။



"မပူပါနဲ့ မေမေ၊ ကျွန်တော် အရင်လိုမဟုတ်တော့ဘူး၊ အဆင့်မြင့်ဆုံး သိုင်းပညာကို တတ်လာပါပြီ"

ထို့နောက် ...

သူသည် အာဝီးအားလှည့်ကာ ပြုံးပြလိုက်၏။

"ကျွန်တော်တတ်တဲ့ပညာကို မေမေ့ကို ပြရဦးမယ်"

သူသည် ပြောရင်း ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်၏။

ထို့နောက် ...

ဖယောင်းတိုင်မီးအား ဓားဖြင့် တစ်ချက်ဝှေ့ယမ်းလိုက်သည်။

သူဝှေ့ယမ်းလိုက်သည်ကို အာဝီးမမြင်တွေ့လိုက်ရပါ။

ဖယောင်းတိုင်သည် နဂိုအတိုင်း ရှိနေသည်ကို တွေ့ရသည်။

ဝေ့ထင်းက ဖယောင်းတိုင်ကို လှမ်းယူလိုက်ရာ...

သူ၏ဓားချက်ကြောင့် ဖယောင်းတိုင် အပိုင်းပိုင်း ပြတ်နေသည့်ကို တွေ့ရှိလိုက်ရသည်။

ဝေ့ထင်းမှာ "ချိန်ဆအားဓားသိုင်း"ပညာကိုပင် တတ်မြောက်နေပြီဖြစ်သည်။

အာဝီး ဝမ်းသာသွားသည်။

"ငါ့သားက တကယ်ဟုတ်ပါလား"

သူက ဝေ့ထင်းအား ချီးကျူးလိုက်သည်။

သို့သော် ...

ကွေ့ရှမ်းမှာမူ မျက်နှာပျက်သွားသည်။

သူမက နှုတ်ခမ်းများကို အကျည်းတန်စွာ မဲ့ရွဲ့ပစ်လိုက်ရင်း ...

"မင်း သိုင်းပညာတတ်လို့တော့ ဘာထူးမှာလဲ၊ သူတို့နဲ့ အတိုက်အခံလုပ်ရင် တို့ကိုပါ မောင်းထုတ်လိုက်မှာပေါ့"

ဝေ့ထင်း ဘာဆက်ပြောရမည် မသိပါ။

အဖေနှင့်အမေကို မောင်းထုတ်ပစ်မည်ဆိုပါလား။

ထိုအဖြစ်ကို သူမလိုလားပါ။

ဝေ့ထင်း တွေဝေငေးငိုင်သွားမိလေတော့သည်။

ကွေ့ရှမ်းက ချော့မော့ဖျောင်းဖျသလိုလေသံမျိုးဖြင့်...

"မင်း မြန်မြန်သွားစမ်းပါ၊ နောက်ပြီး ပေ့ယို့ချင်း တစ်ယောက်တည်းလည်း စိတ်မချဘူး၊ သူ့ကို တွေ့အောင်လိုက်ရှာပါနော်"

ဝေ့ထင်း အနည်းငယ် စဉ်းစားလိုက်၏။

ထို့နောက်...

သူက ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ...ကျွန်တော် သွားမယ်"

သူသည် ပြောပြီးသည်နှင့် အခန်းတံခါးကိုဆွဲဖွင့်ပြီး ထွက်သွားလေသည်။

ဝေ့ထင်းက အပြင်ဘက်သို့ လှမ်းထွက်လိုက်၏။

သို့သော်...

ချက်ချင်းပင် သူ၏ခြေလှမ်းများ ရပ်တန့်သွား၏။

အကြောင်းမှာ...

နန်းကုန်းသက်နှင့်အဖွဲ့သားများသည် သူ့အား အသင့်စောင့်နေကြသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ဝေ့ထင်းက နန်းကုန်းသက်အား အကဲခတ်သလိုကြည့်လိုက်၏။

နန်းကုန်းသက်က မဲ့ပြုံးပြုံးလိုက်၏။

"မင်းက တော်တော်အတင့်ရဲတဲ့ လူတစ်ယောက်ပဲကွ"



ဝေ့ထင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်လေသည်။

"သခင်လေး...ကျွန်တော်ဟာ ကျွန်တော့်မိဘတွေကို လာတွေ့တာပါခင်ဗျာ"

နန်းကုန်းသက်၏မျက်နှာသည် ချက်ချင်းပင် တင်းမာခက်ထန်သွားသည်။

"မင်းဟာ ရွှေဓားဂိုဏ်းရဲ့သစ္စာဖောက်တစ်ယောက်ပဲ၊ မင်းကို ငါ ဆုံးမရလိမ့်မယ်"

ဝေ့ထင်းက ပြုံးလိုက်မိသည်။

"အရင်တုန်းကဆိုရင် ကျွန်တော် အမြဲတမ်းရှုံးခဲ့တယ်၊ ဒီတစ်ခါတော့ ယှဉ်ပြိုင်ရင် သခင်လေးက ရှုံးလိမ့်မယ်"

နန်းကုန်းသက် ခံပြင်းသွားသည်။

"မင်းတော်တော် လူဝါးဝပါလား"

သူသည် ပြောပြီး တိုက်ခိုက်ရန် ဓားကိုဆွဲထုတ်လိုက်လေသည်။

ကွေ့ရှမ်းက ကမန်းကတန်း ဟန့်တားလိုက်၏။

"သခင်လေး...သူ့ကို အမိုက်အမဲမို့ ခွင့်လွှတ်ပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

အမှန်မှာ...

ကွေ့ရှမ်းသည် နန်းကုန်းသက် ရှုံးနိမ့်သွားမည်ကို စိုးရိမ်သဖြင့်သာ ဟန့်တားနေခြင်းဖြစ်သည်။

ထိုအကြောင်းကို မသိသော ဝေ့ထင်းမှာမူ ကွေ့ရှမ်းအား ပြုံးပြလိုက်၏။

"မေမေ တောင်းပန်နေစရာမလိုဘူး၊ ကျွန်တော်နဲ့ သခင်လေးဟာ ယှဉ်ပြိုင်နေကျပါ"

ကွေ့ရှမ်း ဒေါသထွက်လာသည်။

ဝေထင်းအား တွန်းဖယ်ပစ်လိုက်ပြီး အော်ငေါက်လိုက်၏။

"မင်းပါးစပ်ပိတ်ထားစမ်း"

ထို့နောက်...

သူမသည် နန်းကုန်းသက်အား ထပ်မံတောင်းပန်နေပြန်သည်။

"သခင်လေးရယ်... ကျွန်မမျက်နှာကိုထောက်ထားပြီး သူ့ကို ချမ်းသာပေးပါရှင်"

သို့သော်...

ကွေ့ရှမ်း၏ တောင်းပန်မှုသည် အရာမရောက်ခဲ့ပါ။

နန်းကုန်းသက်က သူမအား တွန်းဖယ်လိုက်သည်။

"ခင်ဗျား ဖယ်စမ်းဗျာ"

တစ်ဆက်တည်းမှာပင်...

"သတိထား"

အော်ငေါက်ကာ ဝေထင်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ဝေထင်း ပြုံးလိုက်သည်။

သူကရှောင်တိမ်းခြင်းမပြုဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

တိုက်ပွဲအဆုံးအဖြတ်မှာ သိပ်မကြာလှပါချေ။

"ဝုန်း"

နန်းကုန်းသက် နောက်ဆုတ်သွားရသည်။

သိုင်းကွက်တစ်ကွက်တည်းဖြင့် နန်းကုန်းသက် ရှုံးနိမ့်သွားသည်။

ဝေထင်းက ပြုံးလိုက်သည်။



"ခင်ဗျား ရှုံးသွားပြီ"

နန်းကုန်းသက် အံတင်းတင်းကြိတ်လိုက်သည်။

ထို့နောက်...

သူက ခေါင်းခါယမ်းလိုက်၏။

"မင်းက ငါ့ကို အလစ်တိုက်တာပဲ၊ ငါက ဘာဖြစ်လို့ ရှုံးရမှာလဲ"

ဝေထင်းက အပြုံးမပျက်ပါချေ။

"မကျေနပ်ရင် ထပ်ပြိုင်ကြတာပေါ့"

ဤတစ်ကြိမ်တွင်...

နန်းကုန်းသက်သည် သူ၏အထက်မြက်ဆုံးသော ကောင်းကင်မားသိုင်းကွက်ကို အသုံးပြုလိုက်သည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပြင်းထန်နေသည်။

သို့သော်...

ဝေထင်းက အပြုံးမပျက်ချေ။

သူက ဦးခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားဟာ ရွှေစားဂိုဏ်းရဲ့သခင်လေးဗျ၊ ဘာဖြစ်လို့ ကောင်းကင် မားသိုင်းကို ဒီလောက်ညံ့ဖျင်းအောင် သုံးရတာလဲ"

သူ၏စကားကြောင့် နန်းကုန်းသက်မှာ ဒေါသအမျက်ခြောင်းခြောင်းထွက်သွား၏။

သူက ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

တစ်နည်းအားဖြင့်...

ရန်သူတစ်ယောက်အား အငြိုးကြီးစွာဖြင့် သဲသဲမဲမဲ တိုက်ခိုက်နေပုံမျိုးဖြစ်သည်။

ဝေ့ထင်းက သူ၏တိုက်ခိုက်မှုကို အသာအယာရှောင်တိမ်းလိုက်၏။

တစ်ဆက်တည်းပင်...

"သတိထား"

အော်ဟစ်သတိပေးရင်း ဓားကိုင်လက်ကို ဖော့ယမ်းလိုက်သည်။

ထိုအခါ...

"ရွှမ်း"

နန်းကုန်းသက်၏ဓားမှာ မြေပေါ်သို့ လွတ်ကျသွားလေတော့၏။

တစ်ချိန်တည်း၌ပင်...

ဝေ့ထင်း၏ဓားသည် နန်းကုန်းသက်၏လည်ပင်းကို ထောက်ထားလိုက်လေသည်။

"ဒီတစ်ခါ ခင်ဗျားအရှုံးပေးပြီလား"

နန်းကုန်းသက်၏မျက်နှာတစ်ခုလုံး ညိုမည်းပုပ်သိုးသွားလေ၏။

သူသည် စကားမပြောဘဲ အံတင်းတင်းကြိတ်လိုက်၏။

သို့သော်...

ဝေ့ထင်းကမူ သူ့အား ရိုးသားစွာ ပွင့်လင်းစွာ ပြုံးပြလိုက်လေသည်။

သူက နန်းကုန်းသက်အား အကဲခတ်ကြည့်ပြီးပြောလိုက်၏။

"ဒီလောက်လည်း မခံချင်စိတ်တွေမထားပါနဲ့၊ ကျုပ်လဲ အရင်က သခင်လေးကို မကြာခဏရှုံးဖူးတာပဲ၊ နောက် ကြိုးစားလေ့ကျင့်ရင် ကျုပ်ကိုနိုင်မှာပါဗျာ"



သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

နန်းကုန်းသက်သည် စိတ်ထိခိုက်စွာဖြင့် ရပ်နေလေသည်။

ကျွေ့ရှမ်းက စိုးရိမ်စွာဖြင့် သူ့အားနှစ်သိမ့်စကားပြောလိုက်သည်။

"သခင်လေး...စိတ်မကောင်းမဖြစ်ပါနဲ့၊ တစ်ခါတလေ ရှုံးတာပဲ၊ ဝမ်းနည်းစရာမဟုတ်ပါဘူး"

"ဖယ်စမ်း"

နန်းကုန်းသက်က သူမအား တွန်းဖယ်ပြီး ပြေးထွက်သွားသည်။

ကျွေ့ရှမ်းက နောက်မှ ပြေးလိုက်သွား၏။

"ဝုန်း"

နန်းကုန်းသက်က သူ၏အခန်းထဲသို့ ပြေးဝင်သွားပြီး အခန်းတံခါးအား ဆောင့်ပိတ်လိုက်သည်။

ကျွေ့ရှမ်း အခန်းတွင်းသို့ မဝင်နိုင်တော့ပါ။ အခန်းအပြင်မှ အော်ပြောသည်။

"သခင်လေး စိတ်မထိခိုက်ပါနဲ့နော်၊ ခေါင်းအေးအေးထားပါ"

သူမသည် ငိုယို၍ပြောနေခြင်းဖြစ်သည်။

နန်းကုန်းသက်မှာ စကားမပြောဘဲ အခန်းထဲ၌ အောင်းနေ၏။

ကျွေ့ရှမ်းမှာ မတတ်နိုင်တော့ဘဲ ပြန်လည်ထွက်ခွာလာရလေသည်။

သူမသည် အံတင်းတင်းကြိတ်လိုက်၏။

လက်သီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ကာ ကြိမ်းဝါး လိုက်လေသည်။

"ဝေထင်း...မင်းသေအောင် ငါကြံမယ်"

## အခန်း (၄၃)

## ထူးဆန်းသော အဘွားအို

တစ်ရက်...။

နှစ်ရက်...။

သုံးရက်...။

နေ့ရက်အလီလီ ကုန်ဆုံးသွားပြီဖြစ်ပါသည်။

ဝေထင်းသည် စိမ်းလန်းပြီး အေးချမ်းသာယာနေသော သော၊အုပ်တစ်ခုသို့ရောက်လာလျှင် လမ်းဘေးရှိ ကျောက်တုံးကြီး တစ်တုံးပေါ်၌ ထိုင်ချလိုက်သည်။

နဖူးပေါ်မှ ချွေးများသုတ်ကာ လေပူကို ဟူးခနဲမှုတ်ထုတ် လိုက်သည်။

လူပင်ပန်းသည်မဆိုသာသော်လည်း စိတ်ပင်ပန်းနေသည်က အမှန်ပင်ဖြစ်သည်။

ပေ့ပဲ့ချင်းတစ်ယောက် ပျောက်ချင်းမလှ ပျောက်ဆုံးနေသည် မဟုတ်လား။

ဝေထင်းကတော့ သူမအားတွေ့ရသည်အထိ မိုးအဆုံး မြေ အဆုံး ရှာဖွေမည်ဖြစ်ပါသည်။

တစ်ခဏတာအမောဖြေပြီးနောက် လန်းလန်းဆန်းဆန်း ဖြစ်သွားလျှင် ကျောက်တုံးပေါ်မှဆင်းကာ ခရီးဆက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါမှ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသောအဘွားအိုတစ်ယောက်အား တွေ့မြင်လိုက်လေတော့သည်။

"ဟင်"

ဝေထင်း ရင်ထိတ်သွားသည်။

ထိုအဘွားအို မည်သည့်အချိန်ကတည်းက ရှိနေမှန်း သူမသိပါချေ။

ကြောင်အမ်းအမ်းဖြင့်ကြည့်နေစဉ် အဘွားအိုက မေးလာ၏။

"မင်းက ဝေထင်းလား"

"ခင်ဗျာ"

ဝေထင်းသည် ကြားလိုက်ရသောစကားကို မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။ အဘွားအိုက သူ၏အမည်ကို သိနေသည်မဟုတ်ပါလား။

"ဘွားဘွားက ကျွန်တော့်ကို သိတယ်ဟုတ်လား"

အဘွားအို ပြုံးလိုက်သည်။

"သိတာပေါ့၊ ဒီနာမည်ကြားဖူးတာအကြိမ်ပေါင်း တစ်ထောင်မကတော့ဘူး"

"ဘွားဘွားက..."

"ငါက တခြားနေရာကကြားခဲ့ရတာမဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ဆီက ကြားခဲ့ရတာ"

ဝေထင်း စိတ်လှုပ်ရှားသွားလေသည်။

"အဲဒီမိန်းကလေးက..."



သူ၏စကားမဆုံးမီ အဘွားအိုက ကြားဖြတ်ပြော၏။

"နေဦး...မင်းက ဒီနေရာကို ဘာကိစ္စနဲ့ ရောက်လာတာလဲ ပြောစမ်းပါဦး"

ဝေထင်းက ဦးညွှတ်လိုက်၏။

"ကျွန်တော်က ညီမလေး ပေ့ယို့ချင်းကို လိုက်ရှာရင်းနဲ့ ရောက်လာတာပါခင်ဗျာ"

"သြော်...ပေ့ယို့ချင်းကို လိုက်ရှာနေတာကိုး၊ ဒီနာမည်ကိုလည်း ငါကြားဖူးပါတယ်"

"ဟင်"

ဝေထင်းမှာ အဘွားအိုအား စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်သွားလေတော့သည်။

"အဲဒီမိန်းကလေး ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလားဗျာ"

"ပေ့ယို့ချင်းလား"

"ဟုတ်ပါတယ် ခင်ဗျား"

အဘွားကို ခေါင်းခါယမ်းလိုက်သည်။

"ငါမသိဘူးကွယ့်"

"ဗျာ..."

"ဘာလဲ...မင်းရဲ့နာမည်နဲ့ ပေ့ယို့ချင်းရဲ့နာမည်ကိုပြောပြခဲ့တဲ့ မိန်းကလေးအကြောင်းကို မင်းသိချင်လို့လား"

ဝေထင်း ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

အဘွားအို ပြုံးလိုက်သည်။

"အင်း ... မင်းသိပ်တွေ့ချင်တယ်ဆိုရင်လည်း ငါသွားပြောပေးပါ့မယ်၊ ဒါပေမယ့်"

သူမစကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၍ စေထင်းအားမလိုအားမရဖြစ်သွားလေသည်။

"ဒါ ဒါပေမယ့် ဘာဖြစ်သလဲဗျာ"

အဘွားအို မျက်နှာတည်သွားလေသည်။

"မင်းက သူ့ကို စကားမပြောရဘူး၊ သူ့ရဲ့မျက်နှာကိုလည်း မကြည့်ရဘူး"

"ဗျာ"

"သူ့မှာ ကတိစကားရှိတယ်၊ ဒါဟာ စည်းကမ်းတစ်ခုပဲကွယ့်"

စေထင်း ခေါင်းကုတ်လိုက်လေသည်။

"ကျွန်တော့်ကို ရှင်းပြပါလို့ တောင်းပန်ပါတယ်ခင်ဗျာ"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ရှင်းပြမယ်ဆိုရင် သူ့ရဲ့မျက်နှာကို ပထမဆုံးတွေ့တဲ့ယောကျ်ားဟာ သူ့ရဲ့ခင်ပွန်းပဲဖြစ်ရမယ်၊ သူ့ကို လက်ထပ်ယူရလိမ့်မယ်"

စေထင်း လွှတ်ခနဲ ပြောလိုက်လေသည်။

"ဟင် ... သူဟာ အရုပ်ဆိုးအကျည်းတန်တဲ့လူဖြစ်နေရင်ကော"

အဘွားအို၏မျက်နှာ သုန်မှုန်သွားလေသည်။

"ဘာလဲ မင်းက ချောမောလှပတဲ့ မိန်းကလေးတွေကိုမှ သဘောကျတယ် ဟုတ်လား"

စေထင်း ကပျာကယာ တောင်းပန်လိုက်ရသည်။



"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်က ဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး"

"အေး ... ငါပြောတဲ့အတိုင်း လိုက်နာမယ်ဆိုရင် မင်းကိုခေါ်သွားမယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ"

အဘွားအို လက်ကာပြလိုက်သည်။

"သိပ်လည်း ကျေးဇူးတင်မနေနဲ့ဦး၊ သူက ပေးယို့ချင်းဆိုကို လိုက်ပို့ပေးမယ် ... မပေးဘူးဆိုတာ ငါမသိဘူး၊ မင်းရဲ့ကံပေါ်မှာ မူတည်သေးတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ်ခင်ဗျာ"

အဘွားအိုက ...

"ကဲ ... ငါ့နောက်လိုက်ခဲ့"

သူမ ချာခနဲလှည့်ထွက်သွားလျှင် စေထင်းချက်ချင်းလိုက်သွားလေတော့သည်။

သစ်ပင်ချုံနွယ်များကြားမှ အတန်ကြာဖြတ်သွားကာ တစ်နေရာသို့ရောက်လျှင် တောလမ်းပေါ်၌ မိန်းကလေး တစ်ယောက်က ကျောပေးရပ်နေသည်ကို တွေ့လိုက်ရသည်။

မိန်းကလေး၏ ခန္ဓာကိုယ် အချိုးအဆစ်ကား အလွန်ပင် လှပတင့်တယ်နေသည်။

သူမ၏ဦးခေါင်းပေါ်၌ ဇာပဝါများတပ်ဆင်ထားသော ခမောက်တစ်လုံး ဆောင်းထားရာ ဇာပဝါများက ဦးခေါင်းကို ဖုံးအုပ်ထားသကဲ့သို့ရှိနေခြင်းကြောင့် သူမ၏မျက်နှာကို တွေ့မြင်ရမည်မဟုတ်ကြောင်း ထင်ရှားနေသည်။ ●

မိန်းကလေး၏အသွင်မှာ အလွန်လှို့ဝှက်ဆန်းကြယ်နေခြင်းကြောင့် ဇေ့ထင်းအံ့ဩသွားမိသည်။

အဘွားအိုက ဟန့်တားလိုက်၏။

"မင်းအဲဒီမှာနေခဲ့၊ သူ့ရဲ့သဘောထားကို ငါသွားမေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

အဘွားအိုက မိန်းကလေးထံသို့ လှမ်းသွားသောအခါ ဇေ့ထင်း မလှုပ်မယှက်ရပ်စောင့်နေလိုက်မိလေ၏။

အဘွားအိုသည် မိန်းကလေးအနီးသို့ရောက်ရှိသွားပြီး တစ်စုံတစ်ခု တီးတိုးပြောဆိုနေသည်။

မိန်းကလေးက ကျောခိုင်းမြဲခိုင်းထားပြီး လုံးဝလှည့်မကြည့်ပါချေ။

တစ်ခဏအကြာတွင် အဘွားအိုသည် ဇေ့ထင်းထံသို့ ပြန်လျှောက်လာလေသည်။

"မင်းကံကောင်းတယ်၊ သခင်မလေးက မင်းကိုလိုက်ပို့ပေးဖို့ သဘောတူလိုက်တယ်"

ဇေ့ထင်း ဝမ်းသာသွားလေသည်။

"ကျေးဇူးပါပဲခင်ဗျာ"

"အေး...အနောက်ကနေပြီး ခပ်ခွာခွာလိုက်ခဲ့၊ အနားကို တိုးမလာဘူးလား"

"ဟုတ်ကဲ့ စိတ်ချပါဗျာ"

အဘွားအိုက မိန်းကလေးနှင့်အတူ ထွက်သွားသောအခါ ဇေ့ထင်းလည်း ခပ်လှမ်းလှမ်းမှ လိုက်သွားလေတော့သည်။



လူထူးဆန်းတုရှောင် ဝမ်းသာနေပါသည်။

ဇေ့ထင်း အသက်ရှင်လျက်ရှိနေသေးကြောင်း သိခဲ့ရသည့်အပြင် ကြူးကြူးရှိသည့်နေရာကိုလည်းသွားရင်းလာရင်း မမျှော်လင့်ဘဲ သိခဲ့ရပြီမဟုတ်လား။

ကြူးကြူးက သီလရှင်ကျောင်းတစ်ကျောင်း၌ ရောက်ရှိနေခြင်းဖြစ်သည်။

ဟု ရှောင်လည်း ကြူးကြူးထံသို့ အမြန်ဆုံးအရောက်သွားလိုက်သည်။

တုရှောင် ရောက်သွားသည့်အချိန်၌ သီလရှင်နှစ်ပါးက ကြူးကြူးအား ခေါင်းရိတ်ပေးရန် ဟန်ပြင်နေချိန်ဖြစ်သည်။

"ဟေ့ ဟေ့ ခဏနေကြပါဦး"

တုရှောင်၏အသံကြောင့် သီလရှင်ကြီးနှစ်ပါးနောက်ဆုတ်လိုက်ကြလေသည်။

"ဟင်...တုရှောင်"

တုရှောင်က...

"ဟုတ်တယ်ဆရာ့ကို ကျုပ်လိုက်ရှာနေတာ ဝမ်းသာစရာသတင်းပြောရဦးမယ်"

ကြူးကြူး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘာကိုမှ စိတ်မဝင်စားတော့ပါဘူး၊ လောကကြီးကို စိတ်ကုန်နေပါပြီ၊ လူဝတ်ကြောင်ကို စွန့်ပြီး သီလရှင်ဝတ်တော့မယ်လို့ ဆုံးဖြတ်ပြီးပါပြီ"

တုရှောင် ကပျာကယာ ဟန့်တားလိုက်သည်။

"ဟာ...မဖြစ်ဘူး...မဖြစ်ဘူး"

"တုရှောင် ကျွန်မကို မတားပါနဲ့တော့"

"ဆရာမဟုတ်သေးဘူး၊ ညီလေး ဝေထင်းက မသေသေးဘူး"

"ဟင်"

"ညီလေး မသေသေးဘူး၊ သူအသက်ရှင်နေတော့ ဆရာ သီလရှင်ဝတ်လို့ မဖြစ်သေးဘူး"

တာ့ရှောင် အလုအယက်ပြောလိုက်၏။

ကြူးကြူး ပါးစပ်အဟောင်းသားဖြစ်နေသည်။

"အစ်ကိုဝေထင်း အသက်ရှင်သေးတယ် ဟုတ်လား"

"ဟုတ်တယ်...သူမသေဘူး"

"အံ့သြစရာကောင်းလိုက်တာ"

"အံ့သြမနေပါနဲ့...ညီလေးဟာ သာမန်လူတစ်ယောက်မှ မဟုတ်တာ"

ကြူးကြူးသည် ရုတ်တရက် အံ့သြဝမ်းသာသွားသော်လည်း သူမ၏မျက်နှာ ချက်ချင်းပင် ညှိုးကျသွား၏။

"အင်း...သူ့အသက်ရှင်နေတာ ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မကတော့ သီလရှင်ပဲ ဝတ်တော့မယ်"

တာ့ရှောင် မျက်မှောင်ကြုတ်သွား၏။

"ဆရာမလိုက်တော့ဘူး ဟုတ်လား"

"ဟုတ်တယ်"

တာ့ရှောင် ငိုင်ကျသွား၏။

သို့သော် တစ်စုံတစ်ခုကို တွေးတောစဉ်းစားမိလိုက်သည့်အလား အားရပါးရပြုံးလိုက်လေသည်။

"ကောင်းပြီလေ...ဆရာမလိုက်ဘူးဆိုရင်လည်း ကျုပ်သွားတော့မယ်"



သူက ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွား၏။ နောက်ကို လုံးဝလှည့်မကြည့်ပါ။

သို့သော် နားရွက်နှစ်ဖက်ကားထွက်လာသည့်အထိ နားစွင့်နေလိုက်၏။

သို့ဖြင့် တစ်ရိုက်ခန့်သို့ လှမ်းသွားမိသည်။

မကြာပါချေ။

"ကျွန်မလည်း လိုက်မယ်"

ကြူးကြူး၏အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

အဘွားအိုသည် အစိမ်းရောင်ဖိတ်ဖိတ်တောက်ပနေသော တောင်ဝှေးတစ်ချောင်းကိုကိုင်ကာ ထူးဆန်းသော မိန်းကလေးနှင့် အတူ ရှေ့မှသွားနေ၏။

ဝေထင်းက မလှမ်းမကမ်းမှ လိုက်သွားသည်။

အတန်ကြာသွားမိကြပြီး တစ်နေရာသို့ရောက်လာကြသော အခါ အဘွားအိုတို့ ခြေလှမ်းတွေ ရပ်သွားကြ၏။

လမ်းဘေးသစ်ပင်ရိပ်အောက်၌ အေးအေးဆေးဆေးထိုင်လိုက်ကြသည်။

ဝေထင်း အံ့သြသွား၏။

"သူတို့ဘာလုပ်နေကြတာလဲ...ဆက်မသွားတော့ဘူးလား"

အတန်ကြာသည်အထိ အဘွားအိုက တုတ်တုတ်မျှ မလှုပ်ကြလေသောအခါ ဝေထင်းမနေနိုင်တော့ဘဲ လှမ်းသွားပြီး အကျိုးအကြောင်း မေးမြန်းရန် တန်ပြင်လိုက်၏။

ထိုစဉ် ဝဲဘက်တစ်နေရာမှ စကားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စကားသံသည် ချက်ချင်းပြန်လည်ပျောက်ကွယ်သွားကာ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဝေထင်း စိတ်ဝင်စားသွားလေ၏။

"ပတ်ဝန်းကျင်မှာ ထူးခြားမှုတစ်ခုခုရှိနေလို့သာ သူတို့ ထိုင်နေကြတာဖြစ်မယ်"

သူတို့သည် လမ်းဘေးတောအုပ်ထဲသို့ဝင်ကာ စကားသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်၏။

မကြာပါချေ။ သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူကာ အရှေ့ဘက်သို့ ချောင်းမြောင်းနေသည့် လူတစ်စုအား တွေ့လိုက်ရ၏။

ထိုလူများသည် ကိုယ်ကြပ်အင်္ကျီများကို ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည်။

ဝေထင်း ရင်ထိတ်သွား၏။

"ကျောက်နဂါးဂိုဏ်းက လူတွေပါလား"

ကျောက်နဂါးဂိုဏ်းမှလူများသည် တစ်စုံတစ်ယောက်အား တိုက်ခိုက်ရန် ချောင်းမြောင်းနေကြခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။

သူသည် ကိုယ်ဖော့ပညာအသုံးပြုကာ အနီးရှိသစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်ပြီး အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လေ၏။

ဤတွင် အရှေ့ဘက်၌လူတစ်စုလာနေကြသည်ကိုတွေ့လိုက်ရသည်။



ထိုလူစုကား မိုးပြာဂိုဏ်းမှ အမျိုးသမီး သိုင်းသမားများ ဖြစ်ကြလေ၏။

ဝေထင်း စိုးရိမ်သွား၏။

"လက်စသတ်တော့ မိုးပြာဂိုဏ်းသားတွေကို ကျောက်နဂါးဂိုဏ်းသားတွေက အလစ်ချောင်းပြီးတိုက်ခိုက်ကြမလို့ကိုး၊ ဒီအတိုင်းဆိုရင် မိုးပြာဂိုဏ်းသားတွေ ဒုက္ခရောက်တော့မယ်၊ သူတို့ကို သွားပြီး သတိပေးမှပဲ"

ချက်ချင်းပင် ကိုယ်ဖော့ပညာဖြင့် သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးသွားလိုက်၏။

ရှေ့ကိုသာ အာရုံရောက်နေကြသော ကျောက်နဂါးဂိုဏ်းသားများမှာ အပေါ်ကို သတိမပြုမိသဖြင့် ဝေထင်းအား မတွေ့လိုက်ကြချေ။

ဝေထင်းသည် မိုးပြာဂိုဏ်းသားများနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် မြေပေါ်ခုန်ဆင်းလိုက်၏။

"ခင်ဗျားတို့ ရှေ့ဘက်မသွားကြပါနဲ့၊ ရှေ့မှာ ကျောက်နဂါးဂိုဏ်းသားတွေ ပုန်းအောင်းစောင့်ဆိုင်းနေကြတယ်၊ အလစ်ချောင်းပြီး တိုက်ခိုက်ကြလိမ့်မယ်"

ဝေထင်း ရုတ်တရက် ရောက်လာသဖြင့် မိုးပြာဂိုဏ်းသားများ ရင်ထိတ်သွားကြလေသည်။

ဂိုဏ်းသားများအား ဦးဆောင်လာသော အမျိုးသမီးက ရှေ့သို့လှမ်းထွက်လာကာ မေးလိုက်သည်။

"မင်းက ဘယ်သူလဲ ပြောပါ"

"ဝေထင်းပါဗျာ"

"ဘာ... ဝေထင်း ဟုတ်လား"

အခြားသော မိုးပြာဂိုဏ်းသား အမျိုးသမီးများကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။

"ဝေထင်းဟာ သစ္စာဖောက် လူယုတ်မာပဲ"

"သူပြောတဲ့စကားကို မယုံနဲ့"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြ၏။

ခေါင်းဆောင်အမျိုးသမီးကလည်း ဝေထင်းအား အမှုမထားတော့ချေ။

"လူယုတ်မာ... မင်း လမ်းဖယ်လိုက်စမ်း"

ဝေထင်း စိတ်ပျက်သွားသည်။

မိုးပြာဂိုဏ်းသားများက သူ့အပေါ်အထင်လွဲနေရကား ဘာမှမတတ်နိုင်တော့ဘဲ သစ်ပင်ပေါ်ခုန်တက်ကာ လာလမ်းအတိုင်း ပြန်ပြေးရလေတော့၏။

မိုးပြာဂိုဏ်းသားများ ရှေ့ဘက်လာခဲ့ကြရာ ကျောက်နဂါးဂိုဏ်းသားများ ပုန်းအောင်းစောင့်ဆိုင်းနေသည့်နေရာနှင့် မနီးမဝေးသို့ ရောက်ရှိလာကြသည်။

အနည်းငယ် အရှေ့ဘက် တိုးမိသည်နှင့် ကျောက်နဂါးဂိုဏ်းသားများ၏ ထောင်ချောက်မိကာ ဒုက္ခရောက်ရလိမ့်မည် ဖြစ်သည်။

ဝေထင်းက သစ်ပင်ပေါ်မှအကဲခတ်ရင်း ရုတ်တရက်အကြံတစ်ခုရလာသဖြင့် အော်ပြောလိုက်လေသည်။

"တိုက်ကြ"

သူ၏အသံကျယ်လောင်စွာထွက်ပေါ်လာရာ ကျောက်နဂါးဂိုဏ်းသားများသည် အမှတ်တမဲ့ဖြစ်ကာ ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်ကြသည်။



မိုးပြာဂိုဏ်းသားများသည် ကျောက်နဂါးဂိုဏ်းသားများ ရုတ်တရက်ထွက်ပေါ်လာသည်ကိုတွေ့ရလျှင် ခြေလှမ်းရပ်လိုက်ကြပြီး အခြေအနေကိုချက်ချင်းသဘောပေါက်ကာ လက်နက်များ ဆွဲထုတ်လိုက်ကြသည်။

တစ်ဖက်နှင့်တစ်ဖက် ဝါးတစ်ရိုက်ခန့်ကွာဝေးနေသည် ဖြစ်ရကား ချခဲတိုက်ခိုက်ရန် ပြင်ဆင်ချိန်ရသွားကြ၏။

ယခုမှ ဝေထင်း၏စကားမှန်နေကြောင်း ဆင်ခြင်မိကာ ကျေးဇူးတင်သွားကြလေတော့သည်။

ကျောက်နဂါးဂိုဏ်းသားများသည်လည်း ပုန်းအောင်းနေရာမှ ထွက်လာပြီးဖြစ်ရကား မတွန့်တော့သဖြင့်...

"ယား"

"တိုက်ကြဟေ့"

ညာသံပေးကာ မိုးပြာဂိုဏ်းသားများထံသို့ ပြေးသွားကြ၏။

မိုးပြာဂိုဏ်းသားများက ဆီးကြိုတိုက်ခိုက်လိုက်ကြသည်။

ပြင်းထန်သော တိုက်ပွဲ ပေါ်ပေါက်လာတော့သည်။

ကျောက်နဂါးဂိုဏ်းသားများ အားကောင်းနေသဖြင့် မိုးပြာဂိုဏ်းသားများ အခက်ကြုံကြရသည်။

ဝေထင်းလည်း လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ မိုးပြာဂိုဏ်းသားများဘက်မှ ကူပြီး တိုက်ခိုက်ပေးလိုက်မိလေတော့သည်။

"ဝုန်း"

"အမလေး"

"သေပါပြီဗျာ"

ဆူညံသော အော်ဟစ်သံများနှင့်အတူ ကျောက်နဂါးဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြသည်။

ကျောက်နဂါးဂိုဏ်းသားများ၏ နောက်ဆုံးအရေးနိမ့်ကာ ထွက်ပြေးသွားကြသည်။

မိုးပြာဂိုဏ်းသားများ အနိုင်ရလိုက်ကြသဖြင့် ပျော်ရွှင်မြူးတူးသွားကြ၏။

ဝေ့ထင်းကိုလည်း ကျေးဇူးတင်သွားကြ၏။

သို့သော် ဝေ့ထင်းအား ကျေးဇူးစကားပြောရန်ရှာဖွေလိုက်ရာ အရိပ်အရောင်ပင် မတွေ့ရတော့ချေ။

ဝေ့ထင်းသည် အဘွားအိုနှင့် မိန်းကလေးတို့ရှိရာ ပြန်ချပြေးသွားခြင်းဖြစ်သည်။

တောလမ်းကလေးဆုံးသွားသောအခါ အရှေ့ဘက်မြို့ကလေးတစ်မြို့ရှိနေသည်ကို တွေ့လိုက်ကြရသည်။

အဘွားအိုနှင့် မိန်းကလေးတို့က မြို့လေးဆီသို့ ဦးတည်သွားလိုက်ကြသည်။

ဝေ့ထင်းလည်း နောက်က တကောက်ကောက်လိုက်သွားရလေ၏။

မြို့ထဲရောက်လျှင် အဘွားအိုနှင့် မိန်းကလေးတို့သည် တစ်စုံတစ်ခု တီးတိုးပြောဆိုပြီးနောက် စားသောက်ဆိုင်တစ်ဆင်သို့ လှမ်းဝင်လိုက်ကြသည်။

ဝေ့ထင်းက လိုက်ဝင်သွားရခက် မဝင်ရခက်ဖြစ်နေစဉ်...

အဘွားအိုက လှမ်းခေါ်လေသည်။

"လာလေ... မင်းဘာလုပ်နေတာလဲ"

"ဟုတ်... ဟုတ်ကဲ့"

ဝေ့ထင်းလည်း ဆိုင်ထဲလှမ်းဝင်လိုက်ရသည်။



ဆိုင်ထဲရောက်သောအခါ မိန်းကလေးနှင့်အတူ စားပွဲတစ်နေရာ၌ထိုင်ကာ စားသောက်နေလိုက်သည်။

သူက အဘွားအိုအား ကတိပေးထားသည်ဖြစ်ရာ ခေါင်းငုံ့ကာ စားသောက်လိုက်ပြီး မိန်းကလေးအား လုံးဝမကြည့်ချေ။

ထိုအချိန်မှာပင်...

"အစ်ကို ဝေ့ထင်း"

သူ၏နောက်ကျောမှ ချိုလွင်သောအသံထွက်ပေါ်လာသည်ကို ကြားရသည်။

ရုတ်တရက်မို့ ဝေ့ထင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး လှည့်ကြည့်လိုက်ရာ ရှောင်လန်းက ဆိုင်ထဲဝင်လာသည်ကို တွေ့လိုက်ရသည်။

"ဟင်... ညီမ"

ရှောင်လန်းသည် အနီးသို့ရောက်လာပြီး ဂါဝရပြုလိုက်၏။

"ရှင်က ကျွန်မတို့ဂိုဏ်းသားတွေကို ကူညီတယ်ဆိုတဲ့သတင်း ကြားရပါတယ်၊ ဒါကြောင့် အားလုံးက ကျေးဇူးတင်နေကြပါတယ်ရှင်"

ဝေ့ထင်းက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ... ကျောက်နဂါးဂိုဏ်းက မတရားလုပ်တာကို မြင်လို့ ကျုပ်ကကူညီခဲ့တာပါ"

ရှောင်လန်းက...

"ဘာပဲဖြစ်ဖြစ် မိုးပြာဂိုဏ်းကိုကူညီခဲ့လို့ ကျွန်မကလည်း ကျေးဇူးတင်ပါတယ်ရှင်"

ဝေ့ထင်းက ဝမ်းသာမနေနိုင်အားပါချေ။

အဘွားအိုနှင့် အမည်မသိ မိန်းကလေးအား အမှတ်မထင် ကြည့်လိုက်မိလေသည်။

ရုတ်တရက် အဘွားအို၏ အော်ငေါက်သံထွက်ပေါ်လာ၏။

"မင်းဘာလုပ်တာလဲ"

ဝေထင်း ကပျာကယာပင် ခေါင်းငုံ့ထားလိုက်သည်။

အဘွားအို မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းကိုကြည့်ရတာ မဆိုးပါဘူး၊ ဒါပေမယ့်နေရာတကာ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်တတ်တာလေးတစ်ခုပဲ သဘောမကျစရာ ရှိတယ်"

ဝေထင်း မနေနိုင်ဘဲ ရယ်မောလိုက်မိလေသည်။

အဘွားအိုက...

"ဒါပေမယ့် နောက်တစ်ခုရှိသေးတယ်"

"ဗျာ"

"မင်းက မျက်နှာများသေးတယ်"

ဝေထင်းမှာ ရှောင်လန်းအား မျက်နှာပူသွားမိလေ၏။

ထို့ကြောင့် အရှက်ပြေပြောလိုက်လေသည်။

"ကျွန်တော်ကို ဘယ်သူကမှ သဘောကျကြတာမဟုတ် ပါဘူးဗျာ"

အဘွားအို မဲ့ပြုံးပြုံးလိုက်သည်။

"မင်း သေချာရဲ့လား"

"သေချာပါတယ်ဗျာ"

"ဒါဖြင့် ပေယို့ချင်းကကော"

ဝေထင်း မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွား၏။

အဘွားအိုက ထပ်ပြောသည်။



"ပေယို့ချင်းကကော မင်းကို မကြိုက်ဘူးလား"

ဝေထင်း သက်ပြင်းချလိုက်သည်။

"သူအခု ကျွန်တော့်ကို မခေါ်တော့ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ၊ မင်းကိုကြိုက်တဲ့မိန်းကလေးတွေ ဝိုင်းဝိုင်း လည်နေလို့ မဟုတ်လား"

"ဟာ"

ဝေထင်း ခေါင်းခါလိုက်သည်။

"ကျွန်တော့်ကို ဘယ်မိန်းကလေးကမှ ကြိုက်ကြမှာမဟုတ် ပါဘူးဗျာ"

ထိုစဉ် မျက်နှာကို ဇာပဝါဖြင့် အုပ်ထားသည့် မိန်းကလေး က ထိုင်ရာမှ ဆတ်ခနဲထကာ ဆိုင်အပြင်ဘက်သို့ထွက်သွားလေ သည်။

အဘွားအိုလည်း ချက်ချင်းလိုက်သွား၏။

ဝေထင်း ရင်ထိတ်သွားလေသည်။

ကပျာကယာ ထရပ်ကာ ရှောင်လန်းအား ဦးညွှတ်လိုက်၏။

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိနေသေးလို့ ခွင့်ပြုပါဦးဗျာ"

စကားဆုံးလျှင် မိန်းကလေးနှင့် အဘွားအိုတို့နောက်သို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။

ရှောင်လန်း မျက်နှာပျက်သွား၏။

သို့သော် ဝေထင်းအား တားမြစ်ခြင်းမပြုဘဲ သက်ပြင်းချကာ နေရစ်ခဲ့လေတော့သည်။

အခန်း (၄၇)

# ယောကျ်ားကောင်း

တောင်ပင်လယ်စုထုံးသည် ကျောက်နဂါးဂိုဏ်းသို့ ရောက်ရှိလာသည်။

သူက ချင်းစုလျှံအား ဂါရဝပြုလိုက်၏။

"သခင်မကြီးကို ဂါရဝပြုပါတယ်ဗျာ"

ချင်းစုလျှံ၏မျက်နှာ တည်နေသည်။

"ရှင်တို့ကို ပေးထားတဲ့တာဝန်ကိုကော ဆောင်ရွက်ပြီးပြီလား"

စုထုံး သက်ပြင်းချလိုက်သည်။

"ဒီကိစ္စဟာ..."

"ဘာလဲ...ရှင်မဆောင်ရွက်နိုင်ဘူးဆိုပါတော့"

စုထုံး ခေါင်းခါယမ်းလိုက်၏။

"ကျုပ်ကမဆောင်ရွက်နိုင်တာမဟုတ်ပါဘူး၊ လူတစ်ယောက်လာပြီးနှောင့်ယှက်လို့ပါ"

"ဘယ်သူလဲ"



"မိုးဓားနဲ့ ငရဲဓားရဲ့ တပည့်ပါ"

ဝေ့ထင်းအား ရည်ရွယ်ကာပြောလိုက်ခြင်းဖြစ်သည်။

ချင်းစုလျှံ၏အသံ ခက်ထန်လာသည်။

"သူ့ကို ရှင်တို့ မနိုင်ကြဘူးလား"

စုထုံး ရုတ်တရက်အဖြေမပေးချေ။

သူ၏မျက်နှာကြီး မည်းမှောင်နေသည်။

ချင်းစုလျှံက စုထုံး၏စကားကို စောင့်နေလိုက်၏။

စုထုံးက အတော်ကလေးကြာမှ စကားပြောသည်။

"ကျုပ်က သူ့ကိုမနိုင်ပါဘူး၊ သူ့ရဲ့ပညာ အတော့်ကိုအဆင့်မြင့်ပါတယ်ဗျာ"

ချင်းစုလျှံ စိတ်ပျက်သွားလေ၏။

သူမ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ရှင်လုပ်စရာရှိတာကို ဆက်လုပ်ပါ၊ သူ့ကို ကျွန်မဘဲ တာဝန်ယူလိုက်ပါမယ်"

စုထုံး စိတ်သက်သာရာရသွားဟန်ဖြင့် ဦးညွှတ်လိုက်၏။

"ကောင်းပါပြီ သခင်မကြီး"

ချင်းစုလျှံက အိုရန်လေးဘက်သို့ လှည့်လိုက်သည်။

"အိုရန်လေး"

အိုရန်လေး ဦးညွှတ်လိုက်၏။

"အမိန့်ရှိပါ သခင်မကြီး"

ချင်းစုလျှံက ပြတ်သားစွာ ပြောလေသည်။

"မင်းက ချွန်ယီကို အကြောင်းကြားလိုက်၊ ချက်ချင်း စပြီး လှုပ်ရှားနိုင်းပါ"

"ဟုတ်ကဲ့"

အိုရန်လေး ချက်ချင်းထွက်သွားသည်။

ချင်းရှုလျှံ အံကြိတ်လိုက်သည်။

"စေထင်း…မင်း ငါ့လက်က ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

သူမက ကြုံးဝါးလိုက်လေသည်။

ရသုံးမှာ ချင်းရှုလျှံ၏ ကြုံးဝါးသံကြောင့် ကြက်သီးဖြန်းဖြန်းထသွားလေတော့သည်။

* * *

မိုးပြာဂိုဏ်း။

မိုးပြာဂိုဏ်းသည် ယခုရက်ပိုင်းအတွင်း စေထင်းအပေါ်၌ အမြင်ပြောင်းလဲသွားသည်။

စေထင်း၏ ကူညီမှုကြောင့် မိုးပြာဂိုဏ်းသားအချို့မှာ ကျောက်နဂါးဂိုဏ်းသားများ၏ ထောင်ချောက်မှ လွတ်မြောက်ခဲ့သည် မဟုတ်ပါလား။

စေထင်းအပေါ်၌ အမြင်ပြောင်းလဲစပြုနေသည်မှာ ချွန်းယီအား အနေကြပ်စေခဲ့တော့သည်။

ချွန်းယီသည် မိုးပြာဂိုဏ်းနှင့် မလှမ်းမကမ်းရှိ တောအုပ်ကလေးသို့ ခပ်သွက်သွက် လှမ်းလာခဲ့သည်။

မကြာခဏ နောက်လှည့်ကြည့်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ သူ၏နောက်သို့ လိုက်လာခြင်းမရှိသည်မို့ စိတ်သက်သာရာ ရမိသည်။

သူက ကျောက်နဂါးဂိုဏ်းမှ လူတစ်ယောက်နှင့် ချိန်းထားသည် မဟုတ်ပါလား။

တောအုပ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့်…



"မင်း ရောက်လာပြီကိုး"

အေးစိမ့်သော စကားသံ ထွက်ပေါ်လာသည်။

ချွန်းယီလှမ်းကြည့်လိုက်ရာ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။

ထိုလူမှာ ကျောက်နဂါးဂိုဏ်းမှလာသည့် အိုရန်လေးဖြစ်လေသည်။

ချွန်းယီ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

အိုရန်လေးက…

"သခင်မကြီးက မင်းအတွက် တာဝန်ပေးလိုက်တယ်"

ချွန်းယီ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ကျုပ်က…"

"မင်းဘာလုပ်ရမယ်ဆိုတာကို မင်းသိတယ်မဟုတ်လား"

ချွန်းယီ ခေါင်းညိတ်လိုက်၏။

"သိပါတယ်ဗျာ"

အိုရန်လေးက…

"ကောင်းပြီ၊ သိတယ်ဆိုရင် စပြီး လှုပ်ရှားပေတော့"

ချွန်းယီက…

"စိတ်ချပါဗျာ"

ထို့နောက် နှစ်ယောက်သား လမ်းခွဲဖို့ဟန်ပြင်လိုက်ကြ၏။

ချွန်းယီက နှုတ်ဆက်လိုက်၏။

"ကျုပ်က တာဝန်ကျေအောင် ဆောင်ရွက်သွားမယ်ဆိုတာ သခင်မကြီးကို ပြောပြလိုက်ပါလား"

"ကောင်းပြီ"

အိုရန်လေး တိတ်တဆိတ်ထွက်သွားသည်။

ချွန်းယီလည်း မိုးပြာဂိုဏ်းဘက်သို့ ခြေဦးလှည့်လိုက်၏။

သူ စိတ်လှုပ်ရှားနေ၏။

သခင်မကြီး ချင်းစုလျှံစေခိုင်းသည့်အတိုင်း ဆောင်ရွက်ရတော့မည်ဖြစ်သည်။ သူက တာဝန်ကျေအောင် ထမ်းဆောင်နိုင်ပါမည်လော။

များမကြာမီ မိုးပြာဂိုဏ်းသို့ ချွန်းယီ ပြန်ရောက်လာသည်။

ကျွန်းယီသည် တစ်နေ့တွင် သခင်မကြီးက တာဝန်ပေးကာ နိုင်းစေလိမ့်မည်ဖြစ်ကြောင်း ကြိုတင်နားလည်တော့သည်။

ထို့ကြောင့် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဆိုသည်ကို နည်းလမ်းအမျိုးမျိုး တွေးတောစဉ်းစားထားခဲ့သည်။

ယခု...

အိုရန်လေး ရောက်ရှိလာကာ တာဝန်ပေးသွားပြီဖြစ်ပါသည်။

ချွန်းယီသည် မိုးပြာဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာသည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

မိုးပြာဂိုဏ်းသားများကား ဟိုဟိုဒီဒီ သွားလာလှုပ်ရှားနေကြသည်။

မကြာမီ မိုးပြာဂိုဏ်း၌ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာတော့မည်ဆိုသည်ကို မည်သူမျှမရိပ်မိကြချေ။

ချွန်းယီက သူ၏အိပ်ခန်းဆီသို့ လှမ်းသွားလိုက်၏။

ထိုအချိန်မှာပင် မိုးပြာဂိုဏ်းသားနှစ်ယောက်က စင်္ကြံလမ်းအတိုင်း လျှောက်လာနေကြသည်ကို တွေ့မြင်လိုက်ရသည်။



ချွန်းယီ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာသည်။ သူ၏အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

"ကျွီ"

တံခါးပွင့်သွားချိန်မှာပင် မိုးပြာဂိုဏ်းသားနှစ်ယောက်က အခန်းရှေ့သို့ရောက်ရှိလာသည်။ ချွန်းယီက ခေါ်လိုက်၏။

"မင်းတို့နှစ်ယောက် ငါ့ရဲ့အခန်းထဲကို လာခဲ့ကြပါ"

သူက ရှေ့ဆုံးမှနေ၍ အခန်းထဲသို့ဝင်လိုက်သည်။ မိုးပြာဂိုဏ်းသားနှစ်ယောက်သည်လည်း ဘုမသိဘမသိဖြင့် လိုက်ဝင်လာကြသည်။

ချွန်းယီ၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ်တောက်လာသည်။

"ချွမ်း"

ဓါးမှတားကို ဆွဲထုတ်လိုက်၏။ မိုးပြာဂိုဏ်းသားနှစ်ယောက်က ကြောင်အမ်းအမ်းကြည့်နေကြ၏။ ချွန်းယီက ဘာမပြောညာမပြောဖြင့် ရိုက်ချပစ်လိုက်သည်။ မိုးပြာဂိုဏ်းသားနှစ်ယောက်မှာ အငိုက်မိကာ မရှောင်နိုင်ကြတော့ပေ။

"အား"

"အမယ်လေး"

စူးရှစွာအော်ဟစ်ကာ ကြမ်းပြင်ပေါ်လဲကျသွားတော့သည်။ ချွန်းယီက အချိန်မဆိုင်းဘဲ အခန်းအပြင်ဘက်သို့ ပြေးထွက်ကာ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"လာကြပါဦး၊ ရန်သူ... ရန်သူ"

သူ၏အော်သံကြောင့် မိုးပြာဂိုဏ်းသားများ ရောက်လာကြသည်။

"ဘာဖြစ်တာလဲ၊ ရန်သူဘယ်မှာလဲ"

ချွန်းယီက…

"ပြေးပြီ… ဟိုဘက်ကိုပြေးသွားပြီ"

ထိုစဉ်…

"ဘာဖြစ်နေတာလဲဟေ့"

မေးသံနှင့်အတူ လူရိပ်နှစ်ခုရောက်ရှိလာသည်။ ရှောင်လန်နှင့် ချူစန်းတို့ဖြစ်ကြသည်။ ချွန်းယီက ဦးညွှတ်လိုက်သည်။

"ရန်သူရောက်လာလို့ပါ"

ရှောင်လန်း အံ့သြသွား၏။

"ရန်သူဟုတ်လား၊ ဘယ်သူလဲ… ဘယ်မှာလဲ"

"ဝေ့ထင်းပါ"

"ဘာ… ဝေ့ထင်း ဟုတ်လား"

"ဟုတ်တယ်"

"သူဘယ်မှာလဲ"

"သူထွက်ပြေးသွားပါပြီ"

ရှောင်လန်း စိတ်ပျက်သွားသည်။ သူမသည် ချွန်းယီအား တစ်ချက်စိုက်ကြည့်လိုက်ပြီး မိုးပြာဂိုဏ်းသားများအား အမိန့်ပေးလိုက်၏။

"ကဲ… လိုက်ရှာကြပါ"

မိုးပြာဂိုဏ်းသားများ ချွန်းယီညွှန်ရာဘက်ပြေးသွားကြ၏။ ချွန်းယီလည်း မယောင်မလည်နှင့် လိုက်သွား၏။

"ဒီဘက်ကို မြန်မြန်လာကြ"

ချွန်းယီတို့ထွက်သွားပြီးမှ ရှောင်လန်း သက်ပြင်းချလိုက်သည်။



"ဝေ့ထင်းက မိုးပြာဂိုဏ်းကိုလာပြီး လူသတ်သွားတယ်"

ချူစန်းက ပန်းတွန့်ပြီး…

"အတော်အံ့သြစရာကောင်းတာပဲ"

"ညီမ ယုံသလား"

ချူစန်းမေးလျှင် ရှောင်လန်း ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း"

"ကျုပ်လည်း မယုံပါဘူး"

နှစ်ဦးသား မြိုင်တူပြုံးလိုက်လေသည်။

❖❖❖

ည…။

ကောင်းကင်ပေါ်၌ လဝန်း ထိန်ထိန်သာနေ၏။

ကြယ်ကလေးများကလည်း ဝင်းလက်တောက်ပနေ၏။

အေးမြသောလေများက တသုန်သုန်ညင်းညင်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သော တောပန်းရနံ့များ လွင့်ပျံ့လာသည်။

တောအုပ်တစ်ဖက်၌ ကျောက်တောင်ကြီးတစ်ခုရှိနေပြီး ကျောက်တောင်ခြေရင်း၌ ကြီးမားသော လိုဏ်ဂူကြီးတစ်ခုရှိသည်။

လိုဏ်ဂူထဲမှ မီးရောင်များထွက်ပေါ်နေ၏။

ဝေ့ထင်းက လိုဏ်ဂူထဲ၌ ရောက်ရှိနေပါ၏။

အဘွားအိုနှင့် မိန်းကလေးတို့နောက်သို့လိုက်လာရင်း…

မိုးချုပ်သွားသောအခါ အဘွားအိုက အသင့်တွေ့ရသော ကျောက်ဂူကြီးတွင် တစ်ညတာအနားယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

ညဉ့်နက်ပြီဖြစ်ရာ ဇော်ထင်းမှာ မီးပုံနံဘေး၌ထိုင်ရင်း ငိုက်မြည်းလာသည်။

အဘွားအိုနှင့် မိန်းကလေးတို့က သူ့အားစကားမပြောကြဘဲ ခပ်ချွချွှာနေကြသည် မဟုတ်ပါလား။

ကြာသော် ဇော်ထင်း ပျင်းရိငိုက်မြည်းလာခြင်းဖြစ်ပါတော့သည်။

ဇော်ထင်း သတိထားနေသည့်ကြားမှပင် မည်မျှကြာအောင်ငိုက်မြည်းသွားမှန်းမသိပါ။ နားထဲသို့ တီးတိုးစကားသံများ တိုးဝင်လာတော့မှ သတိဝင်လာ၏။

မျက်လုံးဖွင့်ကြည့်လိုက်လျှင် ဂူထဲ၌ အဘွားအိုနှင့်မိန်းကလေးတို့အား မတွေ့ရတော့ချေ။

"ဟင်...သူတို့ ဘယ်ရောက်သွားကြပါလိမ့်"

ထိုစဉ် စကားသံများ ထွက်ပေါ်လာပြန်သည်ကို ကြားရပြန်သည်။

အဘွားအို၏စကားသံဖြစ်ကြောင်း ဇော်ထင်း မှတ်မိလိုက်သည်။

ဇော်ထင်းလည်း ကပျာကယာ လိုဏ်ဂူအပြင်ဘက်သို့ ထွက်လိုက်လေသည်။

ဂူအပြင်ဘက်၌ ကျောက်တုံးကျောက်ခဲများရှိနေ၏။

ထိုကျောက်တုံးကျောက်ခဲများရှေ့တွင် မြေကွက်လပ်တစ်ခုရှိနေ၏။

အဘွားအိုနှင့် မိန်းကလေးတို့က ဂူပေါက်ဝကို ကျောပေးကာရပ်နေကြ၏။

ဇော်ထင်း ပင့်သက်ရှိုက်လိုက်သည်။



"တော်ပါသေးရဲ့...သူတို့ထွက်မသွားကြသေးလို့"

သူက ကျောက်တုံး ကျောက်ခဲများကြားမှနေပြီး အခြေအနေစောင့်ကြည့်နေလိုက်သည်။

လရောင်ဖြာကျနေသည်ဖြစ်ရာ မြေကွက်လပ်မှ အဘွားအိုနှင့် မိန်းကလေးတို့အား ကောင်းစွာတွေ့မြင်နေရပါသည်။

မိန်းကလေး၏ ဦးခေါင်းပေါ်၌ စာပဝါနှင့် ခမောက်ကြီးမရှိတော့ပါချေ။

ထို့ကြောင့် သူမ၏မျက်နှာကို သေသေချာချာ တွေ့မြင်ရလေသည်။

မိန်းကလေး၏မျက်နှာကား ကြောက်မက်ဖွယ်ကောင်းအောင်အရုပ်ဆိုးအကျည်းတန်နေသည်ကို တွေ့ရလေသည်။

ညအချိန် လရောင်အောက်တွင် မကောင်းဆိုးဝါးတစ်ကောင်ပမာ ရှိနေပါတော့သည်။

ဇော်ထင်း ကြက်သီးဖြန်းဖြန်း ထသွားလေသည်။

သို့သော်...

ထိုမိန်းကလေးကိုကြည့်ရင်း စိုးရွံ့ထိတ်လန့်စိတ်များ တဖြည်းဖြည်း လျော့ပါးသွား၏။

မိန်းကလေးသည် တစ်စုံတစ်ခုသော အကြောင်းကိစ္စအတွက်ဝမ်းနည်းပူဆွေးကာ ကြောက်ရွံ့နေပုံရသည့်ပုံ ခံစားလာရလေသည်။

ထိုရုပ်ဆိုးမလေး မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ်များဖြစ်ပေါ်လာသည်။

ရုပ်ဆိုးမလေးနှင့်အဘွားအိုတို့သည် အရေးကြီးသောစကားများ ပြောဆိုနေခြင်းဖြစ်ကြောင်း နားလည်မိကာ သိလိုစိတ်များဖြစ်ပေါ်လာမိသည်။

ထို့ကြောင့်...

မသင့်လျော်မှန်းသိသော်လည်း ကျောက်တုံးကျောက်ခဲများကြားမှ ရှေ့တိုးသွားလိုက်လေသည်။

အဘွားအိုတို့နှင့် တစ်စက်တစ်စနီးကပ်လာပြီး ပြောဆိုနေသောစကားသံများကို ကြားလာရသည်။

အဘွားအိုက ဟာင်းခနဲ သက်ပြင်းရှည်ကြီးချလိုက်၏။

"မိန်းကလေးရယ်... ဘွားဘွားရဲ့အတွေ့အကြုံအရ ပြောတာပါလေ၊ လောကပေါ်မှာ ယောကျ်ားမှန်သမျှ သစ္စာမရှိကြဘူးကွယ့်"

သူမ၏အသံမှာ ခါးသီးနာကျည်းသံပါနေ၏။

ရုပ်ဆိုးမလေးက မျက်ရည်ကျနေသည်။

"ဟုတ်ပါတယ်ဘွားဘွားရယ်... ဒါပေမယ့်"

အဘွားအိုက သက်ပြင်းချလိုက်ပြန်သည်။

"လက်စသတ်တော့ ညည်းကမပြတ်သားသေးဘဲကိုး"

ရုပ်ဆိုးမလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ညည်းက ဘယ်လိုလုပ်ချင်သလဲ"

"ကျွန်မ..."

"ညည်းက စမ်းသပ်ကြည့်ချင်သေးတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

အဘွားအို လက်ကာပြလိုက်သည်။

"နေ... နေ၊ ညည်းကိုယ်စား ငါပဲ စမ်းသပ်လိုက်မယ်"

သူတို့ မည်သည့်အရာကို စမ်းသပ်ကြည့်ကြမည်နည်း။

ဇော်ထင်း စိတ်ဝင်စားနေလေတော့သည်။



အေးမြသော ညလေက ဝှေ့ယမ်းတိုက်ခတ်လာ၏။

"ဂစ်"

ညစ်ငှက်တစ်ကောင်က ရုတ်ရုတ်ဝါးဝါးအော်မြည်ကာ ဖြတ်ကျော်ပျံသန်းသွားသည်။

အဘွားအိုသည် ကျောက်တုံးကျောက်ခဲများဘက်သို့လှည့်ကာ အော်ပြောလိုက်သည်။

"ဇော်ထင်း... မင်းထွက်ခဲ့စမ်း"

ဇော်ထင်း ခေါင်းနပန်းကြီးသွား၏။

သို့သော် သူပုန်းအောင်းနေသည်ကို ရိပ်မိနေပြီဖြစ်ရာ မတတ်သာတော့ဘဲ ပုန်းကွယ်ရာမှ လှမ်းထွက်လိုက်၏။

အဘွားအိုနှာခေါင်းရှုံ့လိုက်သည်။

"ငါတို့ပြောနေတဲ့စကားတွေကို မင်းက ချောင်းပြီးနားထောင်နေတာပေါ့လေ"

"ကျွန်... ကျွန်တော်"

ရုပ်ဆိုးမလေးသည် ဇော်ထင်းကိုမြင်လျှင် ချက်ချင်းခေါင်းငုံ့ထားလိုက်လေ၏။

အဘွားအိုက...

"ဇော်ထင်း... မင်းကို မေးစရာရှိတယ်"

ဇော်ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မေးပါခင်ဗျာ"

အဘွားအိုက ရုပ်ဆိုးမလေးအား ညွှန်ပြလိုက်၏။

"သူ့ကိုကြည့်စမ်း... ချောသလား"

"ဟုတ်ကဲ့... ချောပါတယ်"

"မင်း သေချာတယ်နော်"

"ဟုတ်ကဲ့...သေချာပါတယ်"

"ဒါဆို မင်းက သူ့ရဲ့မျက်နှာကို တွေ့မြင်ရအောင် တိတ်တဆိတ်ချောင်းကြည့်ခဲ့တာပေါ့ ဟုတ်လား"

"ကျွန်...ကျွန်တော်"

ဝေထင်း အငိုက်မိကာ မည်သို့ပြောရမှန်းမသိဖြစ်သွားလေသည်။

အဘွားအိုက မျက်နှာထားတင်းတင်းဖြင့် ပြော၏။

"မင်းချောင်းမကြည့်ခဲ့ဘူးဆိုရင် သူဟာ ရုပ်ဆိုး၊ ရုပ်ချောတယ်ဆိုတာ ဘယ်လိုလုပ်သိမှာလဲ"

ဝေထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

အဘွားအို လက်ဖွေ့ယမ်းလိုက်သည်။

"မင်းက ချောင်းကြည့်တဲ့အတွက် သူ့ရဲ့စည်းကမ်းချက်ကို ဖောက်ဖျက်လိုက်တာပဲ"

"ဗျာ"

မိန်းကလေး၏စည်းကမ်းကို ကြိုတင်ပြောပြထားရကား ဝေထင်း ထိတ်လန့်သွားတော့သည်။

အဘွားအိုက...

"စည်းကမ်းချက်ကို မင်းသိတယ်မဟုတ်လား"

"ကျွန်...ကျွန်တော်"

"အေး...မင်းကို ကြိုတင်ပြောပြထားပြီးပြီဆိုတော့ အဲဒီစည်းကမ်းအတိုင်း မင်းလိုက်နာရတော့မယ်"

ဝေထင်း ပျာပျာသလဲတောင်းပန်လိုက်လေသည်။

"ကျွန်...ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်..."

"ဘာလဲ...မင်းက သူ့ကိုမယူနိုင်ဘူးလား"



"ဟုတ်...ဟုတ်ပါတယ်"

ဝေထင်းက မျက်နှာပူပူဖြင့် ပြောလိုက်၏။

အဘွားအို မဲ့ပြုံးပြုံးလိုက်၏။

"ဘာလဲ...သူက ရုပ်ဆိုးနေလို့ မဟုတ်လား"

"ဝေထင်း ခေါင်းခါယမ်းလိုက်သည်။

"မ...မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် မင်းက ဘာသဘောလဲ"

"ကျွန်...ကျွန်တော်"

အဘွားအိုက မြေပေါ်ခြေဆောင့်လိုက်သည်။

"ဟိတ်...အမှန်အတိုင်းပြောစမ်း"

ဝေထင်း မတတ်သာတော့ပေါချေ။

"ကျွန်တော့်မှာ ချစ်သူရှိနေလို့ပါ"

"ဩော်...မင်းမှာ ချစ်သူရှိနေတာကိုး"

"ဟုတ်ပါတယ်ခင်ဗျား"

"ကဲ...မင်းရဲ့ချစ်သူဟာ ဘယ်သူလဲ ပြောစမ်းပါဦး၊ မင်းမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ မဟုတ်လား၊ ဘယ်သူက မင်းရဲ့ချစ်သူလဲ"

ဝေထင်း ပင့်သက်ရှိုက်လိုက်သည်။

"သူ့နာမည် ပေ့ယို့ချင်းလို့ခေါ်ပါတယ်"

"ဩော်"

အဘွားအို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ပေ့ယို့ချင်းက မင်းရဲ့ချစ်သူကိုး၊ သူက တော်တော်ချောလှမယ်ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျား"

"ဒါဆိုရင် မင်းက ချောမောလှပလို့ သူ့ကိုချစ်ကြိုက်ခဲ့တာပေါ့ ဟုတ်လား"

ဇေထင်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုတော့ မဟုတ်ပါဘူး၊ သူက ချောသည်ဖြစ်စေ၊ ရုပ်ဆိုးသည်ဖြစ်စေ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

အဘွားအို ပြုံးလိုက်သည်။

"မေ့ယို့ချင်းက ရုပ်ဆိုးတာပဲဖြစ်ဖြစ်၊ ရုပ်ချောတာပဲဖြစ်ဖြစ် မင်းက မေတ္တာရှိနေမှာပဲပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

အဘွားအို မျက်နှာတည်သွားသည်။

"ငါတစ်ခုမေးမယ်၊ မင်းသေသေချာချာ စဉ်းစားပြီးမှ အဖြေပေးပါ"

"ဟုတ်...ဟုတ်ကဲ့"

အဘွားအိုက ဇေထင်းအား စိုက်ကြည့်လိုက်သည်။

"မေ့ယို့ချင်းက ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်ဆိုရင်ကော မင်းသူ့ကို လက်ထပ်နိုင်ပါ့မလား"

ဇေထင်းက တွေးတောစဉ်းစားခြင်းမပြုဘဲ ချက်ချင်းအဖြေပေးလိုက်လေသည်။

"ဟုတ်ကဲ့...ကျွန်တော် လက်ထပ်မှာပါ"

"မင်း သေချာရဲ့လား"

"ကျွန်တော့်အသက်ကိုတောင် လောင်းကြေးထပ်ပြီး ပြောရဲပါတယ်ခင်ဗျာ"

အဘွားအို ရယ်မောလိုက်လေသည်။

"ဒါဆိုရင် မင်းက သူ့အတွက် သေရဲဝံ့သဘောပေါ့"



ဇေထင်းက မစဉ်းစားပါ။

"ဟုတ်ပါတယ်ဗျာ"

"မင်း မဆိုးဘူး"

သို့သော် အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမယ့် ပါးစပ်ကပြော နေတာကို ဘယ်သူက ယုံကြည်ကြမှာလဲ"

"ကျွန်တော် အကယ်ပြောတာပါ"

"မင်းက လက်တွေ့သက်သေပြရဲပါ့မလား"

ဇေထင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျွန်တော် သက်သေပြရဲပါတယ်"

အဘွားအိုက...

"ကောင်းပြီ၊ မင်းသက်သေပြရဲတယ်ဆိုရင် အဆိပ်သောက်ပြရဲပါ့မလား"

ကိုစဉ်...

"ဘွားဘွား"

ရုပ်ဆိုးမလေးအသံ ထွက်ပေါ်လာလေသည်။

အဘွားအိုက လှည့်ကြည့်လိုက်၏။

ရုပ်ဆိုးမလေးက တောင်းပန်လိုက်လေသည်။

"ဘွားဘွားရယ်...သူ့ကို အဆိပ်မတိုက်ပါနဲ့"

အဘွားအို သက်ပြင်းချလိုက်၏။

ဇေထင်းဘက်သို့ ပြန်လှည့်လိုက်သည်။

"မင်းက သူ့ကိုကြည့်စမ်းပါ။ သူဘယ်သူလဲဆိုတာ မင်းသိသလား"

ဝေထင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

အဘွားကို လက်ဝှေ့ယမ်းလိုက်၏။

"မင်း ရှေ့ကိုတိုးပြီး သေသေချာချာကြည့်စမ်းပါ"

"ဟုတ်…ဟုတ်ကဲ့"

ဝေထင်းသည် အဘွားအို၏စကားကို မလွန်ဆန်နိုင်ဘဲ ရှေ့တိုးကာ ရုပ်ဆိုးမလေးအား အကဲခတ်ကြည့်လိုက်၏။

ရုပ်ဆိုးမလေး၏ ကိုယ်လုံးကိုယ်ပေါက်မှာ ပေ့ယို့ချင်းနှင့်တူနေသည်ကို တွေ့ရ၏။

သို့သော် မျက်နှာကား အကျည်းတန်လှပြီး ပေ့ယို့ချင်း၏ ရုပ်သွင် မဟုတ်ချေ။

"သူဘယ်သူလဲ"

အဘွားအိုက မေးလာလေသည်။

ဝေထင်းက မသိကြောင်း ခေါင်းခါယမ်းဖို့ ဟန်ပြင်လိုက်ပြီးမှ ရုပ်ဆိုးမလေး၏မျက်လုံးများကို သတိပြုမိသောအခါ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ရုပ်ဆိုးမလေးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် သူ့အား ကြည့်နေ၏။

သူမ၏မျက်လုံးအစုံကို ဝေထင်း ကောင်းစွာရင်းနှီးနေ၏။

ငယ်စဉ်ကလေးဘဝကပင် သံယောဇဉ်တွယ်တာခဲ့ရသည် ပေ့ယို့ချင်း၏ မျက်လုံးများဖြစ်နေသည် မဟုတ်လား"

"သူ ဘယ်သူလဲ"

အဘွားအို၏မေးမြန်းသံထွက်ပေါ်လာလေသည်။

ဝေထင်း၏ နှုတ်ဖျားမှ အလိုအလျောက်အဖြေပေးပြီးသားဖြစ်သွားလေသည်။



"ပေ့ယို့ချင်း"

အဘွားအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်…သူဟာ ပေ့ယို့ချင်းပဲ"

ရုပ်ဆိုးမလေး၏ခန္ဓာကိုယ်က တဆတ်ဆတ်တုန်ယင်လာ၏။ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာသည်။

"အစ်ကို"

ယခုတစ်ကြိမ် သူမ၏အသံကို ဝေထင်း ကောင်းစွာမှတ်မိလိုက်၏။

ရုပ်ဆိုးမလေးမှာ ပေ့ယို့ချင်းမှ ပေ့ယို့ချင်းအစစ်ဖြစ်နေတော့သည်။

"ညီ…ညီမ"

"ဟုတ်ပါတယ်အစ်ကိုရယ်…ညီမပါ"

"ညီမ…ညီမ ဘယ်လိုဖြစ်တာလဲကွယ်"

ဝေထင်းက မချိတင်ကဲဖြင့် ရှေ့တိုးသွားရန် ပြင်လိုက်၏။

အဘွားအိုက ဟန့်တားလိုက်လေသည်။

"နေဦးလေ…မင်းက သူ့အတွက်ဆိုရင် အသက်ကိုပေးဝံ့တယ်လို့ ပြောခဲ့တယ် မဟုတ်လား"

ဝေထင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ…မင်းက သူ့အတွက် သေဝံ့ရင် သူ့ရဲ့မျက်နှာရုပ်ဆိုးနေရာက မူလအတိုင်း ပြန်ဖြစ်လာမယ်ဆိုရင်ကော"

ဝေထင်း အံကြိတ်၍ပြုံးလိုက်သည်။

"ကျွန်တော် အသေခံလိုက်ပါ့မယ်"

"မင်း မဆိုးဘူး"

အဘွားအို အင်္ကျီဆိတ်ထဲမှာ ဆေးလုံးတစ်လုံး နှိုက်ယူလိုက်လေသည်။

"ဟောဒီ အဆိပ်ဆေးလုံးလေးကို မင်းသောက်လိုက်ပါ၊ သူ့ရဲ့မူလရုပ်သွင် ပြန်ဖြစ်လာရမယ်လို့ ငါတာဝန်ယူတယ်"

စေထင်းက...

"ဘွားဘွား ကတိတည်ပါစေ"

ချက်ချင်းပင် အဆိပ်ဆေးလုံးလေးကို လှမ်းယူလိုက်၏။

"အစ်ကို မလုပ်နဲ့"

မေယိုချင်းက ဟန့်တားလိုက်လေသည်။

စေထင်းက သူမအား ကြည့်လိုက်၏။

"အဘွားအို လှောင်ပြုံးပြုံးလိုက်လေသည်။

"မင်းက သူ့အတွက် အသက်ကိုတောင် ပေးရဲတယ်ဆို ခုတော့ ဘယ်လိုလဲ"

စေထင်းက လှည့်ကြည့်လိုက်၏။

အဘွားအို ခနဲ့လိုက်သည်။

"ခုတော့ သေရမှာကို မင်းကြောက်နေပြီ မဟုတ်လား"

စေထင်း၏မျက်နှာ တည်သွား၏။

"ကျွန်တော်ဟာ သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက်ပါဗျာ"

စကားဆုံးလျှင် အဆိပ်ဆေးလုံးလေးကို ယူ၍သောက်ချလိုက်လေသည်။

"အစ်ကို"

မေယိုချင်း၏ ငိုသံပါသောအော်သံကလေးသည်ပင် ပတ်ဝန်းကျင်၌ ပျံ့လွင့်သွားလေ၏။

# အခန်း (၃၅)

## အရက်သမား

စေထင်းက အဆိပ်ဆေးလုံးလေးအား သောက်ချလိုက်ပြီ ဖြစ်ပါသည်။

"အစ်ကို မသောက်နဲ့"

မေယိုချင်း ကမူးကယားဟန့်တားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

စေထင်းက နှစ်သိမ့်လိုက်သည်။

"ညီမရယ်...ခုလို ရုပ်ပျက်ဆင်းပျက်သဏ္ဌာန်နဲ့ ညီမ မနေသင့်ပါဘူး"

"ကျွန်မ...ကျွန်မအတွက်"

မေယိုချင်း ငိုသံပါနေပြီး စကားဆုံးအောင် မပြောနိုင်တော့ချေ။

စေထင်းက ပြုံးလိုက်သည်။

"ညီမရယ်...ကျုပ် ညီမကိုကူညီနိုင်တာကိုပဲ ဝမ်းသာလှပါပြီ"

မေ့ယို့ချင်းက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး . . . မဟုတ်ဘူး"

ဝေ့ထင်းက အဘွားအိုအား မေးလိုက်လေသည်။

"ဘွားဘွား ဒီအဆိပ်ဆေးလုံးကိုသောက်ပြီးရင် ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်ဦးမလဲ"

အဘွားအိုက ပခုံးတွန့်လိုက်သည်။

"ပြောလို့ ဘယ်ရမလဲ၊ အဆိပ်က သိပ်ပြင်းတာ၊ ချက်ချင်း သေသွားနိုင်တာပဲ၊ ဒါပေမယ့် အတွင်းအားကောင်းတဲ့လူဆိုရင်တော့ အမွှေးတိုင်တစ်တိုင် ကုန်တဲ့အချိန်အထိလောက် အသက်ရှင်နိုင်သေးတယ်"

ဝေ့ထင်းက ဦးညွှတ်လိုက်၏။

"ကျေးဇူးပါပဲဗျာ"

သူက မေ့ယို့ချင်း၏လက်ကို ဆွဲလိုက်သည်။

"လာ . . . ညီမ"

မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်တုံးအနီးသို့ ခေါ်သွားကာ ကျောက်တုံးကို ကျောမှီကာ မြေပေါ်ထိုင်ချလိုက်၏။

ထို့နောက် မေ့ယို့ချင်း၏ပခုံးကို ဖက်ထားလိုက်သည်။

သူက သေရတော့မည်ကို မမှုချေ။ သေခြင်းဆိုသည်မှာ လူတိုင်း တွေ့ဆုံကြုံကြိုက်ရသည့် ဖြစ်ရပ်တွေလေ။

"ကြည့်စမ်း . . . လှလိုက်တာနော်"

ကောင်းကင်ပေါ် လဝန်းကြီးကို ညွှန်ပြရင်းပြောလေသည်။

ဝေ့ထင်းသည် အဆိပ်ဆေးလုံးသောက်ထားပြီဖြစ်ရကား မကြာမီ သေဆုံးသွားရတော့မည်ဖြစ်ပါသည်။



သို့သော် ချစ်သူနှင့်အတူ ကြင်နာစွာနေနိုင်သည့်အတွက် ဝမ်းသာပျော်ရွှင်နေ၏။ သူဝမ်းသာပျော်ရွှင်နေပါသည်။

မေ့ယို့ချင်း၏ မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေ၏။

ဝေ့ထင်း၏မျက်နှာက ပြုံးနေ၏။

နှစ်ယောက်သား ကောင်းကင်ပေါ်မှ လမင်းကြီးအား ငေးမောကြည့်နေမိကြလေသည်။

အချိန်များက တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

အမွှေးတိုင်တစ်တိုင် ထွန်းညှိထားလျှင် ထိုအမွှေးတိုင် ကုန်ဆုံးသွားမည်ဖြစ်လေသည်။

ဝေ့ထင်းကား သေဆုံးသွားခြင်းမရှိသေးချေ။

ရုတ်တရက် . . .

"ဟား . . . ဟား . . . ဟား"

အဘွားအို၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဝေ့ထင်း . . . ငါ့ရဲ့တစ်သက်လုံး ဘယ်သူ့ကိုမှ မချီးကျူးခဲ့ဘူး၊ ဒီတစ်ခါတော့ မင်းကို ချီးကျူးရတော့မယ်"

သူမ၏စကားအသံကြောင့် ဝေ့ထင်းနှင့် မေ့ယို့ချင်းတို့က လှည့်ကြည့်လိုက်ကြလေသည်။

အဘွားအိုက စိတ်ထိခိုက်စွာ ပြောသည်။

"လောကအပေါ်မှာ ယောကျ်ားတွေဟာ သစ္စာမဲ့ကြတယ်လို့ ငါက တစ်ယူသန်စွဲခဲ့တယ်၊ ခုတော့ ချစ်သူအတွက်ကို စွန့်ရဲတဲ့ ယောကျ်ားတစ်ယောက်ကို ငါတွေ့လိုက်ရပြီ၊ ချီးကျူးပါတယ်လေ"

ဝေ့ထင်း ကြောင်အမ်းအမ်းဖြစ်နေ၏။

"အဘွားအို ဆက်ပြောလိုက်သည့်စကားကို ကြားလိုက်ရသောအခါ ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

"စေထင်း ... မင်းသောက်လိုက်တာ အဆိပ်ဆေးလုံး မဟုတ်ဘူး၊ အဲဒါ အတွင်းအားတိုးစေတဲ့ ဆေးတစ်မျိုးပဲ"

"ရှာ"

"မင်း တကယ်ပဲ သစ္စာ ရှိမရှိ စမ်းသပ်လိုက်တာပါ"

သူမသည် ပေယို့ချင်းဘက်သို့ လှည့်ကာပြောလိုက်၏။

"ညည်းက ဟောဒီဆေးရည်နဲ့ မျက်နှာကို ဆေးကြောပစ်လိုက်ပါ"

အစိမ်းရောင်ဆေးရည်များပါရှိသော ပုလင်းလေးတစ်လုံး ထုတ်ပေးလိုက်သည်။

"ဟုတ်ကဲ့ ဘွားဘွား"

ပေယို့ချင်းက ချက်ချင်းယူကာ ဆေးရည်ဖြင့်မျက်နှာကို ဆေးကြောလိုက်သည်။

ဤတွင် သူမ၏မျက်နှာပေါ်မှ အဖုအပိန့်များ၊ အရည်တွန့်နေခြင်းများ ချက်ချင်းပျောက်ကွယ်သွားကာ ပကတိမျက်နှာအစစ် ပြန်လည်ပေါ်လွင်လာတော့သည်။

"ဟာ"

စေထင်း လွှတ်ခနဲအော်လိုက်မိသည်။

"ဟား ဟား ဟား"

အဘွားအိုက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ငါက လောကအပေါ်မှာ ကိုယ့်ရဲ့ချစ်သူအပေါ် သစ္စာရှိတဲ့လူနဲ့တွေ့မှ ဒီနေရာကထွက်သွားပါမယ်လို့ သစ္စာဆိုထားတာ၊ ခုတော့ လွတ်ပြီ ကျွတ်ပြီပေါ့"



သူမသည် စေထင်းအား လှမ်းပြောလိုက်သည်။

"စေထင်း ... မင်းကိုငါကျေးဇူးတင်တယ်၊ ငါသွားတော့မယ်"

စကားဆုံးလျှင် စေထင်းနှင့် ပေယို့ချင်းတို့အား အမှုမထားဘဲ ပြေးလွှားထွက်ခွာသွားလေတော့သည်။

စေထင်းက ပေယို့ချင်းအား မယုံကြည်နိုင်စွာကြည့်နေ၏။ ပေယို့ချင်း ပြုံးလိုက်သည်။

"အစ်ကို ကျွန်မကို မမှတ်မိတော့ဘူးလား"

စေထင်း ခေါင်းခါယမ်းလိုက်သည်။

"မမှတ်မိလို့ မဟုတ်ပါဘူး၊ ညီမဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို စဉ်းစားနေတာပါ"

ပေယို့ချင်းက ရှင်းပြလိုက်သည်။

"ရွှေဓားကိုဏ်းက လူသုံးယောက်အသတ်ခံရတဲ့ကိစ္စမှာ တရားခံအစစ်ဟာ အစ်ကိုမဟုတ်ဘူးဆိုတာ ကျွန်မသိနေလို့ အစ်ကို့အမေက ကျွန်မကို ချောက်ထဲတွန်းချပြီး လုပ်ကြံလိုက်တာပါ"

"ဒုက္ခပါပဲ"

စေထင်း ညည်းတွားလိုက်မိလေသည်။

ပေယို့ချင်းက ...

"ချောက်ထဲကျခဲ့ပေမယ့် ဒီအဘွားကြီးနဲ့တွေ့ပြီး ကံကောင်းလို့ အသက်ရှင်ခဲ့ရတယ်၊ သူက ကျွန်မကို ကတိတစ်ခုတောင်းတယ်၊ ကျွန်မကို ရုပ်ဆိုးအောင် ရုပ်ဖျက်ထားမယ်၊ ကျွန်မရဲ့ချစ်သူက ကျွန်မအတွက် အသက်စွန့်ရဲမှ သူ ဒီကထွက်သွားပါမယ်ဆိုတဲ့ ကတိပါပဲ"

အဘွားအိုသည် ယခင်က ချစ်သူနှင့်ပတ်သက်ပြီး ကံဆိုးခဲ့သူဖြစ်ရမည်ဟုတွေးကာ စေထင်း စိတ်မကောင်းဖြစ်သွားသည်။

ယခုတော့ အဘွားအိုလည်းထွက်သွားချေပြီ။

မေ့ယို့ချင်းကိုလည်း ပြန်တွေ့ရပြီဖြစ်သည်။

ဝေ့ထင်းက မေ့ယို့ချင်း၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

"သူထွက်သွားပြီ အစ်ကိုတို့လည်း သွားကြပါစို့နော်"

မေ့ယို့ချင်းက ခေါင်းကလေးကို တဆတ်ဆတ် ညိတ်လိုက်လေတော့၏။

◆◆◆

ရှောင်လင်ကျောင်း။

ရှောင်လင်ကျောင်းသို့ ရွှေဓားဂိုဏ်းချုပ် နန်းကုန်းစု ရောက်လာသဖြင့် ကျောင်းထိုင်ကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့သည်။

ကျောင်းထိုင်က လာရင်းကိစ္စကို မေးသောအခါ နန်းကုန်းစုက ရှင်းပြသည်။

"ခုချိန်မှာ မဟာမိတ်အဖွဲ့ခေါင်းဆောင် မှုစင်းမရှိတော့ပါဘူး၊ ကျောက်နဂါးအဖွဲ့ရဲ့ လက်ချက်ကြောင့် သိုင်းအဖွဲ့အစည်း အဆော်များများလည်း ဖရိုဖရဲဖြစ်ကုန်ပါပြီ၊ ဒါကြောင့် သိုင်းလောကသားတွေကို ပြန်ပြီးစုစည်းနိုင်အောင် မဟာမိတ်အဖွဲ့ကို ရှောင်လင်ကျောင်းက ဦးဆောင်စေချင်ပါတယ်"

ရှောင်လင်ကျောင်းထိုင်သည် သိုင်းလောကအကျိုးများ၊ ကိုယ့်အကျိုး တိုင်းပြည်အကျိုးကိုစဉ်းစားကာ နန်းကုန်းစု၏ တိုက်တွန်းမှုကို လက်ခံလိုက်လေတော့သည်။

◆◆◆



"ခွမ်း"

နန်းကုန်းသက်က ကုန်သွားသော အရက်အိုးကို ကြမ်းပြင်ပေါ် ပေါက်ခွဲပစ်လိုက်သည်။

"ကျုပ်အတွက် အရက်တစ်အိုး ထပ်ယူပေးစမ်း"

မလှမ်းမကမ်း၌ရပ်နေသော ကွေ့ရှမ်းအား ခိုင်းစေလိုက်သည်။

"ဟုတ်ကဲ့ သခင်လေး"

ကွေ့ရှမ်း ချက်ချင်းထွက်သွားသည်။

နန်းကုန်သက်သည် ဝေ့ထင်းအား ရှုံးနိမ့်သွားပြီးနောက် အရက်ကြီးရက်ကာနေတော့သည်။ အရက်ကို ဖိသောက်နေခဲ့သော အရက်သမားကြီးလုံးလုံး ဖြစ်နေချေပြီ။

ကွေ့ရှမ်းသည် သားဖြစ်သူအတွက် မချိတင်ကဲဖြစ်နေ၏။

အရက်ထပ်ယူမပေးတော့ဘဲ သူမ၏အခန်းသို့ ပြန်လာလေတော့သည်။

အင်း...ဦးခေါင်း ခါယမ်းလိုက်သည်။

"မင်းဘာဖြစ်လာပြန်ပြီလဲ"

ကွေ့ရှမ်း မျက်ရည်များသုတ်လိုက်သည်။

"ဘာဖြစ်ရမလဲ...ဟိုခွေးကောင် ဝေ့ထင်းကိုရှုံးလို့ သားလေး စိတ်ထိခိုက်ပြီး အသက်သမားလုံးလုံးဖြစ်နေပြီ"

အာဝီး နှစ်ခေါင်းရှုံ့လိုက်သည်။

"ဒါ ငိုစရာလား"

ကွေ့ရှမ်း မကျေမနပ်ဖြစ်သွားသည်။

"ကိုယ့်သား အရက်သမားဖြစ်နေတာရှင့်...သူက"

"နေစမ်းပါဦး...နန်းကုန်းသက်က မင်းရဲ့သားလား"

"ကျွန်မရဲ့သားမဟုတ်လို့ ဘယ်သူ့သားဖြစ်ရမှာလဲ"

"ရှင့်ရဲ့သားကော မဟုတ်ဘူးလား"

အာဝီး ရယ်မောလိုက်လေသည်။

"အေး…ဟုတ်တယ်၊ နန်းကုန်းသက်ဟာ မင်းနဲ့ငါရဲ့ သားအရင်းပဲ၊ ဒါပေမယ့် သူ့ကို သားလို့ခေါ်နိုင်သလား၊ သခင်လေးလို့ ခေါ်ရတာပဲမဟုတ်လား"

အာဝီးက…

"မင်းတော်တော်တရားတာပဲ၊ တို့သားက သခင်လေးဖြစ်နေပြီး ဂိုဏ်းချုပ်ရဲ့သားအရင်း ဝေ့ထင်းကတော့ ဒုက္ခရောက်နေရတယ်၊ ဝေ့ထင်းကို မင်းပဲနှိပ်စက်ခဲ့တာ"

ကျွေ့ရှမ်း အလျှော့မပေးပါ။

"ဒီကောင်လေး သေမှအေးမှာ၊ ခုတော့ သူ့ကြောင့် ကျွန်မရဲ့သားလေး အရက်သမား ဖြစ်နေပြီ"

ခန်းမောင်နံ့နှစ်ယောက် အချီအချဖြစ်နေစဉ်…

"ဝုန်း"

အခန်းတံခါးပွင့်သွားပြီး နန်းကုန်းသက်က အခန်းတွင်း ရောက်လာလေတော့သည်။

"ဟင်"

နန်းကုန်းသက်ကိုမြင်လျှင် ကျွေ့ရှမ်း၏မျက်နှာ ဖြူလျော်ဖြစ်သွားလေ၏။

နန်းကုန်းသက်က ဒေါသတကြီးဖြစ်လေသည်။

"အဘွားကြီး အရက်သွားယူခိုင်းလိုက်တာ ပေါ်မလာလို့ ကျုပ်လိုက်လာခဲ့တာ၊ နေစမ်းပါဦး…ခင်ဗျားက ဘာတွေပြောနေကြတာလဲ"



ကျွေ့ရှမ်းက မျက်နှာကိုချက်ချင်း ပြင်လိုက်သည်။

"ဘာမှမပြောပါလား သခင်လေး"

နန်းကုန်းသက် ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမလိမ်နဲ့၊ ကျုပ်ကြားတယ် ကလေးချင်းလဲလိုက်တာ၊ ဝေ့ထင်းက ဂိုဏ်းချုပ်ရဲ့သားအရင်း၊ ကျုပ်ကတော့ ခင်ဗျားတို့ရဲ့သား ဟုတ်လား"

ကျွေ့ရှမ်းမျက်လုံးပြူးသွားသည်။

အာဝီးလည်း ထိတ်လန့်သွား၏။

သူတို့ ပြောဆိုနေကြသည်ကို နန်းကုန်းသက် ကြားသွားခဲ့ပြီ။

"ပြောစမ်း…ကျွန်တော်က ခင်ဗျားတို့ရဲ့သားမဟုတ်လား"

နန်းကုန်းသက်က အော်ဟောက်လိုက်လေသည်။

ကျွေ့ရှမ်း မျက်ရည်ဖြိုင်ဖြိုင်ကျလာလေသည်။

"ဟုတ်…ဟုတ်ပါတယ် သားရယ်"

"ဘာကွ"

အာဝီး မနေနိုင်တော့ပါ။

"သားရယ်…မင်းရဲ့မေမေက…"

"ခင်ဗျား ပါးစပ်ပိတ်ထားစမ်း၊ ကျုပ်ကို သားလို့မခေါ်ပါနဲ့၊ နန်းကုန်းသက်က ကြားဖြတ်အော်လိုက်၏။

အရက်မူးမူးနှင့် ရင်ကော့ရာ လက်မထောင်ပြီး ပြောလိုက်လေသည်။

"ကျုပ်က နန်းကုန်းသက်ဂိုဏ်းချုပ် နန်းကုန်းစုရဲ့သားပဲ၊ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး၊ ခင်ဗျားတို့သား မဟုတ်ဘူး"

ထို့နောက် ချာခနဲလှည့်ကာ အခန်းထဲမှ ပြေးထွက်သွား၏။

"သား . . . သားလေး"

ကွေ့ရှမ်းက ပြေးလိုက်သွားသော်လည်း မမီတော့သဖြင့် ကြမ်းပြင်ပေါ်သို့ ထိုင်ချကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

❖❖❖

ရှောင်လင်ကျောင်းထိုင်သည် နန်းကုန်းစု၏ မေတ္တာရပ်ခံမှုကြောင့် သိုင်းလောကအဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ခဲ့ပြီး စည်းရုံးသိမ်းသွင်းခဲ့လေသည်။

နန်းကုန်းစုကလည်း သိုင်းလောကမှ မိတ်ဆွေများကို ဖိတ်ခေါ်ကာ ဧည့်ခံကျွေးမွေးပြီး ရှောင်လင်ကျောင်းထိုင်နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

သိုင်းလောကသားများ စည်းလုံးညီညွတ်စွာဖြင့် ကျောက်နဂါးဂိုဏ်း၏အန္တရာယ်ကို တွန်းလှန်နိုင်တော့မည်ဟုတွေးကာ နန်းကုန်းစု ဝမ်းသာနေစဉ် စိတ်ထိခိုက်စရာဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရလေတော့သည်။

သိုင်းလောက မိတ်ဆွေအချို့အား လိုက်လံပို့ဆောင်ရင်း မြို့လယ်ပိုင်းသို့ ရောက်ရှိလာသောအခါ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို တွေ့လိုက်ရသည်။

နန်းကုန်းစုက ပေ့ဝမ်းအားစုံစမ်းခိုင်းလိုက်သောအခါ စားသောက်ဆိုင်နှင့်တွဲဖက်ဖွင့်လှစ်ထားသော လောင်းကစားဝိုင်းမှ လူမိုက်များက လောင်းကစားပြီး ငွေမပေးသော အရက်သမားတစ်ယောက်အား ဝိုင်းဝန်းထိုးကြိတ်နေကြခြင်းဖြစ်ကြောင်း သိရသည်။



အံ့သြစရာကောင်းသည်မှာ ထိုအရက်သမားသည် နန်းကုန်းသက်ဖြစ်နေခြင်းပင်တည်း။

နန်းကုန်းစုမှာ အားထားမိသောသားဖြစ်သူက အရက်သမားဖြစ်နေခြင်းကြောင့် အရှက်ကြီး ရှက်ခဲ့ရလေတော့သည်။

ပေ့ဝမ်းက နန်းကုန်းသက်အား ဖေးမကာခေါ်လာခဲ့သည်။ နန်းကုန်းသက်၏မျက်နှာတစ်ခုလုံး ညိုမည်းဖူးရောင်နေ၏။

အဝတ်အစားများ စုတ်ပြဲပေကျံညစ်ပတ်ကာ အရက်နံ့လည်း တထောင်းထောင်း ထနေသည်။

ဒယီးဒယိုင်းနှင့် နန်းကုန်းစုရှေ့သို့ ရောက်ရှိလာခြင်းဖြစ်သည်။ နန်းကုန်းစုသည် သားဖြစ်သူကိုကြည့်ရင်း ရင်ထဲ လှိုက်လှိုက်လှဲလှဲ ခံစားလာရလေသည်။

"မင်းဘာဖြစ်နေတာလဲ"

သူက မေးလိုက်သောအခါ နန်းကုန်းသက်က မျက်လုံးမြူးပြီးကြည့်ကာ . . .

"ဖေဖေ . . . ကျွန်တော်ဟာ ဖေဖေရဲ့သား ဟုတ်ပါတယ်နော်"

နန်းကုန်းစု မျက်မှောင်ကြုတ်သွား၏။

ပေ့ဝမ်းကို ပြောလိုက်သည်။

"သူ့ကို ပြန်ခေါ်သွားပါ"

နန်းကုန်းသက်က ဒယီးဒယိုင်ဖြစ်နေသည်။

"ဖေဖေ ကျွန်တော်ဟာ ဖေဖေရဲ့သားလား"

နန်းကုန်းစုက . . .

"မင်းဘာကြောင့် အရက်သောက်နေရတာလဲ"

နန်ကုန်းသက်က . . .

"ကျွန်တော်ဟာ နန်းကုန်းသက်ပါ ဖေဖေရဲ့သား"

ထိုစကားကိုသာ ထပ်ကာတလဲလဲ ပြောနေ၏။

ထိုအချိန်မှာပင် အာဝီးနှင့် ကွေ့ရှမ်းတို့သည် နန်းကုန်းသက်၏ သတင်းကြားသဖြင့် တိတ်တဆိတ်လာရောက်ကြည့်ရှုကြလေသည်။

ကံဆိုးစွာပင် နန်းကုန်သက်က သူတို့အား တွေ့ဖြစ်အောင် တွေ့သွားတော့သည်။

နန်းကုန်းသက် ဒေါသတကြီး မောင်းထုတ်လိုက်လေသည်။

"ခင်များတို့ ထွက်သွားကြစမ်း"

နန်းကုန်စုက ပေ့ဝမ်းအား ထပ်ပြောလိုက်သည်။

"သူ့ကိုခေါ်သွားပါ"

ပေ့ဝမ်းက နန်းကုန်သက်အား ဆွဲခေါ်သွားတော့သည်။

ဧည့်သည်များသည်လည်း နန်းကုန်းစုကို အားနာသဖြင့် နှုတ်ဆက်ကာ ထွက်သွားကြသည်။

လမ်းပေါ်တွင် နန်းကုန်းစုတစ်ယောက်တည်း ထီးထီးကျန်ရစ်ခဲ့၏။

အာဝီးနှင့် ကွေ့ရှမ်းတို့က မလှမ်းမကမ်းမှမဝံ့မရဲ ကြည့်နေကြသည်။

နန်းကုန်သက်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ အာဝီးတို့ ချက်ချင်းရှေ့တိုးလာကြသည်။

နန်းကုန်းစုက ကွေ့ရှမ်းအား မေးလိုက်လေသည်။

"ကွေ့ရှမ်း...မင်းဟာ နန်းကုန်းသက် ငယ်စဉ်ကတည်းက ပြုစုစောင့်ရှောက်လာရတော့ သူ့ရဲ့သဘောထားကို သိလိမ့်မယ်၊ သူက ဘာကြောင့် အရက်တွေ သောက်နေရတာလဲ"

ကွေ့ရှမ်း မျက်လုံးများ အရောင်ထွက်လာသည်။



သူ့မအတွက် အခွင့်အရေးရလိုက်ပြီ မဟုတ်ပါလား။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်၍ပြောလိုက်၏။

"သခင်လေး ခုလိုဖြစ်ရတာ အကြောင်းနှစ်ခုရှိမယ်ထင်ပါတယ်"

"ဘယ်လိုအကြောင်းများလဲ"

"ပထမကစ်ချက်က ပေ့ယို့ချင်းပါ"

နန်းကုန်းစု ပင့်သက်ရှိုက်လိုက်၏။

ပေ့ယို့ချင်းဆိုသည်မှာ ကောင်းစွာသဘောပေါက်လိုက်၏။

သူကိုယ်တိုင်လည်း လူငယ်ဘဝကိုဖြတ်ကျော်လာခဲ့သည် မဟုတ်ပါလား။

"ဒုတိယအချက်ကကော"

နန်းကုန်းစုက မေးလိုက်သောအခါ ကွေ့ရှမ်းက ပြောပြလိုက်လေသည်။

"မကြာသေးခင်က ပေ့ထင်းဟာ ရွှေစားကိုဏ်းကို ပြန်ရောက်လာခဲ့ပါတယ်"

"ဘာ"

သူဟာ သခင်လေးကို မထီလေးစားပြုပြီး သိုင်းပညာယှဉ်ပြိုင်ခဲ့ကြပါတယ်"

နန်းကုန်းစု လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"သူတို့ချင်း ယှဉ်ပြိုင်ခဲ့ကြတယ် ဟုတ်လား"

ကွေ့ရှမ်းက မျက်နှာသေလေးဖြင့်ပြော၏။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူတို့ချင်းယှဉ်ပြိုင်ရာမှာ သခင်လေး ရှုံးနိမ့်သွားတာကြောင့် စိတ်ဓာတ်ကျပြီး အရက်ကိုချည်းပဲသောက်နေတော့တာပဲ"

နှန်းကုန်းရ ပင့်သက်ရှိုက်လိုက်လေသည်။

"လက်စသတ်တော့ ဒီလိုကိုး"

ကျွေ့ရှမ်းမှာ အခွင့်အရေးရတုန်း အသုံးချလိုက်သည်။ အဘိုးက သူမအား မကျေမနပ်ဖြင့် ကြည့်နေ၏။

အခန်း (၄၆)

## ထောင်ချောက်

လိုဏ်ဂူကြီးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ဝေထင်းနှင့် ပေယို့ချင်းတို့သည် လိုဏ်ဂူကို ကျောခိုင်းကာ ထွက်လာခဲ့ကြလေ၏။

လမ်းခရီးတစ်လျှောက်၌ ပေယို့ချင်းအား ကယ်တင်သည့် အဘွားအိုအား မတွေ့ရတော့ပါ။

ဝေထင်းနှင့် ပေယို့ချင်းတို့သည် လောကကြီးတစ်ခုလုံး သာယာလှပနေသည်ဟု ခံစားနေကြရသည်။

နှက်ဦးသား အပြုံးကိုယ်စီဖြင့် တောလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

အတန်ကြာသွားမိသောအခါ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးတစ်ခုအနီးသို့ ရောက်ရှိလာကြသည်။

ထိုစမ်းချောင်းနံဘေး၌ တောပန်းများက ဝေဝေဆာဆာ ပွင့်ဖူးနေ၏။

များဝိတုံး လိပ်ပြာလေးများလည်း ပျံဝဲနေကြသည်။

သာယာလှပသော ပတ်ဝန်းကျင်ကြောင့် ပေ့ယို့ချင်း၏ စိတ်ယဲ၌ ပို၍ကြည်နူးသွားသည်။

"အစ်ကို ကျွန်မတို့ ဒီမှာခဏနားကြရင် မကောင်းဘူးလား ဟင်"

ဇေ့ထင်း သဘောတူလိုက်လေသည်။

"ကောင်းသားပဲ"

နှစ်ယောက်သား စမ်းချောင်းလေးနံဘေး၌ ထိုင်ချလိုက်ကြလေသည်။

စမ်းချောင်းရေးထဲ၌ ရောင်စုံငါးကလေးများ ကူးခတ်သွားလာနေကြသည်ကို ကြည်လင်သော စမ်းရေကြောင်းအတိုင်းသာ တွေ့မြင်နေရသည်။

ကမ်းစပ်၌ထိုင်နေကြသော ဇေ့ထင်းနှင့် ပေ့ယို့ချင်းတို့၏ ယယ်ရုပ်သွင်များလည်း စမ်းချောင်းရေပြင်၌ ထင်ဟပ်ပေါ်လွင်နေ၏။

ပေ့ယို့ချင်းက စမ်းရေထဲမှ သူမ၏ရုပ်သွင်ကို ညွှန်ပြလိုက်လေသည်။

"အစ်ကို ကျွန်မရဲ့ရုပ်ကို ကြည့်လိုက်စမ်းပါ"

ဇေ့ထင်းက ...

"ဘာဖြစ်လို့လဲ ညီမရဲ့"

"သြော် ... တကယ်လို့များ ကျွန်မ ရုပ်ဆိုးနေရင် အစ်ကိုက ကျွန်မကို မေတ္တာရှိပါဦးမလားလို့ပါ"

ဇေ့ထင်း ခေါင်းခါယမ်းလိုက်လေသည်။

"ဘယ်ရှိပါတော့မလဲ ညီမရယ်"

"ရှင်"



ပေ့ယို့ချင်းက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်လိုက်၏။

ဇေ့ထင်းက ခပ်တည်တည်ပင် ပြောလိုက်သည်။

"ကျုပ်က ချောမောလှပတဲ့ တခြားမိန်းကလေးတစ်ယောက်ကိုပဲ ရွေးတော့မှာပေါ့"

ပေ့ယို့ချင်း ဒေါသထွက်သွားသည်။

"အစ်ကိုနော်"

ဇေ့ထင်း ပခုံးတွန့်လိုက်သည်။

"ကျုပ်ပြောတာ သဘာဝမကျလို့လား"

"ဒါဆို ကျွန်မ ချောင်းထဲခုန်ဆင်းလိုက်မယ်"

သူမသည် စိတ်မြန်လက်မြန်ဖြင့် စမ်းချောင်းထဲ ခုန်ဆင်းရန် ဟန်ပြင်လိုက်လေသည်။

"ဟော့ ... မလုပ်နဲ့"

ဇေ့ထင်း ကပျာကယာ လက်ဆွဲထားလိုက်ရ၏။

"ညီမရယ် ... အစ်ကိုက ကျီစယ်တာကို ဘာကြောင့်ယုံနေရတာလဲ"

ပေ့ယို့ချင်းက ...

"ဒါဖြင့် အစ်ကို တကယ်ပြောတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူးကွယ်"

"တကယ်ပါနော်"

ဇေ့ထင်း ရယ်မောလိုက်သည်။

"ခုချိန်ထိအောင် ကျုပ်ကို မယုံသေးဘူးလားဟင် ... ဟို တစ်ခါလည်း သေဆေးသောက်ပြီးပြီးတဲ့ဥစ္စာ"

ပေ့ယို့ချင်းက ရယ်မောလိုက်လေသည်။

ချစ်သူနှစ်ဦး ကြည်နူးနေကြသဖြင့် ပတ်ဝန်းကျင်ကိုပင် သတိမေ့လျော့သွားကြ၏။

ထိုအချိန်တွင် စမ်းချောင်းလေးအနီးသို့ လူတစ်ယောက် တိတ်တဆိတ်ရောက်ရှိလာလေတော့သည်။

ဇော်ထင်းတို့ သတိမပြုမိလိုက်ကြပါ။

ထိုလူသည် သစ်ပင်တစ်ပင်နောက်ကွယ်မှနေ၍ ဇော်ထင်းတို့အား အကဲခတ်ကြည့်လိုက်သည်။

ထိုလူငယ်မျက်လုံးအစုံ၌ ကောက်ကျစ်စဉ်းလဲမှု အရောင် တဖိတ်ဖိတ် တောက်ပြောင်နေသည်။

ဇော်ထင်းတို့အား အတန်ကြာအောင် စိုက်ကြည့်ပြီးမှ သဘော ကျသလို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏။

ထို့နောက် မြေပေါ်မှ ကျောက်ခဲလေးတစ်လုံး ကောက်ယူ ကာ လက်ညှိုးနှင့်လက်မကိုကွေးကာ တောက်ထုတ်လိုက်၏။

"တောက်"

ကျောက်ခဲလေးသည် ပစ်လွှင့်သွားပြီး စမ်းချောင်းထဲကျသွား လေသည်။

"ပလုံ"

ရုတ်တရက်မို့ ဇော်ထင်းကို သတိမပြုမိကြချေ။

ထိုလူက နောက်ထပ်ကျောက်ခဲလေးတစ်လုံးကို ဒုတိယ အကြိမ်မှ ဇော်ထင်းကို သတိပြုမိသွားသည်။

"ဘာဖြစ်တာပါလိမ့်"

နှစ်ယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြ လေသည်။

ထိုစဉ်...



"ဟူး"

အဝတ်အစား လေတိုးသံများထွက်ပေါ်လာကာ လူရိပ်တစ်ခု ပြေးထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ဇော်ထင်း ရင်ထိတ်သွား၏။

ပေယို့ချင်း မျက်မှောင်ကြုတ်သွား၏။

"အစ်ကို ဒီလူကိုကြည့်ရတာ မရိုးသားဘူး"

ကျွန်မတို့ လိုက်သွားကြရင် ကောင်းမယ်"

ဇော်ထင်း ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ"

နှစ်ယောက်သား ထိုင်ရာမှထကာ ထိုလူနောက်သို့ ပြေးလိုက် သွားကြလေသည်။

ထိုလူသည် မလှမ်းမကမ်းသို့ရောက်လျှင် ခြေလှမ်းရပ်လိုက် သည်။

ဇော်ထင်းတို့အား လက်ယပ်ခေါ်လိုက်သည်။

ဇော်ထင်းတို့လည်း ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလိုက် သွားကြလေတော့သည်။

"ဟူးဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

ဇော်ထင်းနှင့် ပေယို့ချင်းတို့က မသင်္ကာစရာကောင်းသူ နောက်သို့ တစ်ဟုန်ထိုးလိုက်သွားကြသည်။

ထိုလူက လူချင်းဝေးသွားလျှင် အရှိန်လျှော့ကာ ရပ်စောင့်

နေပြီး ဇော်ထင်းတို့ လိုက်လာကြတော့မှ ဆက်၍ပြေးလွှားသွားနေသည်။

ကြာသော် ဇော်ထင်း၏စိတ်ထဲ သင်္ကာမကင်းဖြစ်လာလေတော့သည်။

"ဒီလူဟာ ငါတို့ကို တမင်မျှားခေါ်နေတာများလား"

ဇော်ထင်း၏ ကိုယ်ဖော့ပညာ မဆိုးလှပါ။

ပေယို့ချင်းအား ငဲ့ညှာနေရခြင်းကြောင့် ထိုလူကို မီအောင်လိုက်မသွားနိုင်ခြင်း ဖြစ်ပါသည်။

ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ်ပြင်းပြလာလေသောအခါ...

"ညီမနောက်က လိုက်ခဲ့"

ပေယို့ချင်းအား ပြောပြီး တစ်ဟုန်ထိုးပြေးလိုက်သွားတော့သည်။

ထိုလူသည်လည်း ဇော်ထင်းတစ်ဟုန်ထိုးလိုက်လာသည်ကိုတွေ့ရလျှင် ပို၍လျင်မြန်စွာ ပြေးလွှားသွားတော့ ပေယို့ချင်းမှာ အနောက်ဘက်တွင် ပြတ်ကျန်ရစ်ခဲ့ရတော့သည်။

ထိုအချိန်တွင် ထင်းခုတ်သမားတစ်ယောက်က တောလမ်းအတိုင်း လှမ်းလာနေပါသည်။

ရုတ်တရက်...

"ဟူး..."

လူတစ်ယောက်က သူ၏ နံဘေးမှ ဖြတ်သွား၏။

ထင်းခုတ်သမား ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဒီလူ ဘယ်လိုလုပ်ပြေးတာလဲ မြန်လိုက်တာ"

သူ၏ အတွေးမဆုံးမီ...



"ဟူး..."

နောက်ထပ် လူတစ်ယောက်က သူ၏နံဘေးမှ ဖြတ်ကာတစ်ဟုန်ထိုး ပြေးသွားလေသည်။

"ဟာ..."

ထင်းခုတ်သမား လွှတ်ခနဲ အော်လိုက်မိသည်။

သူ လှမ်းကြည့်လိုက်သောအခါ ထိုလူသည်လည်း တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်၍သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

"ခြွမ်း..."

ထင်းခုတ်သမား လက်ထဲကိုင်လာသော ရဲတင်းမှ မြေပေါ်သို့ လွတ်ကျသွားလေသည်။

"ဘယ်လိုဖြစ်တာလဲ သရဲခြောက်တာလား"

ထင်းခုတ်သမား မျက်လုံးပြူးနေ၏။

ပထမ ဖြတ်ကျော်သွားသူမှာ အပြာရောင်ဝတ်ထားသော လူငယ်တစ်ဦး ဖြစ်သည်။

ဒုတိယ ဖြတ်ကျော်သွားသူမှာလည်း အပြာရောင်ဝတ်ထားသော လူငယ်တစ်ဦးပင် ဖြစ်နေသည်။

ထိုလူငယ်နှစ်ဦး၏ ရုပ်သွင်မှာလည်း အတူတူပင် ဖြစ်နေပါတော့သည်။

ထင်းခုတ်သမားသည် တောထဲ၌ မနေတော့ဘဲ အိမ်ပြန်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

"ဟူး..."

အဝတ်အစား လေတိုးသံများနှင့် အတူ အဖြူရောင်ဝတ်ထားသည့် လူငယ်မှာ မိုးပြာဂိုဏ်းနှင့် မှလှမ်းမကမ်းသို့ ရောက်လာလျှင် ခြေလှမ်းရပ်လိုက်သည်။

အနောက်ဘက် လှည့်ကြည့်လိုက်ရာ ဝေ့ထင်းကို မတွေ့ရပါ။

လူငယ် ကျေနပ်စွာ ပြုံးလိုက်၏။

ထိုစဉ် မိုးပြာဂိုဏ်းသားနှစ်ယောက် လှမ်းလာနေကြသည်ကို တွေ့ရလေသည်။

မိုးပြာဂိုဏ်းသားနှစ်ယောက်သည် လူငယ်ကို တွေ့မြင်သွားလျှင် အံ့သြသွားကြလေသည်။

"ဟင်...ဝေ့ထင်းပါလား"

လူငယ် ရယ်မောလိုက်လေသည်။

"ကျုပ်က ဝေ့ထင်း မဟုတ်ဘူး၊ မင်းတို့ မိုးပြာဂိုဏ်းကို ဖျက်ဆီးပစ်မယ့် ချင်းစုလျှံဆိုတာ မှတ်ထား"

စကားဆုံးလျှင် ခါးမှ ဓားကိုထုတ်ကာ ဝှေ့ယမ်းလိုက်သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

"အား"

"အောင်မယ်လေး"

မိုးပြာဂိုဏ်းသားနှစ်ယောက် မြေပေါ်လဲကျသေဆုံးသွားတော့သည်။

"ဟား...ဟား...ဟား..."

ဝေ့ထင်းအသွင် ရုပ်ဖျက်ထားသည့် ချင်းစုလျှံက တဟားဟား ရယ်မောရင်း လျင်မြန်စွာ ပြေးသွားလေတော့သည်။



မကြာမီ မိုးပြာဂိုဏ်း၏ အဆောက်အအုံများအနီးသို့ ရောက်ရှိသွားသည်။

ချင်းစုလျှံက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

မိုးပြာဂိုဏ်းချုပ် ဝါးမေ၏ အဆောင်တွင် လူရှင်းနေသည်ကို တွေ့ရသည်။

ချင်းစုလျှံ ကျေနပ်စွာပြုံးကာ ဝါးမေအခန်းသို့ ချဉ်းကပ်သွား၏။

ဝါးမေ အခန်းတွင်း၌ တစ်ယောက်တည်းထိုင်ကာ စာဖတ်နေသည်။

ရုတ်တရက် အဝတ်အစား လေတိုးသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့မှ ခေါင်းမော့ကြည့်လိုက်ရာ လူငယ်တစ်ဦး ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

"ဟင်...ဝေ့ထင်း"

ဝေ့ထင်းအသွင် ရုပ်ဖျက်ထားသော ချင်းစုလျှံက ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး...ကျုပ်က ချင်းစုလျှံ"

"ဘာ"

ချင်းစုလျှံက ဘာမှမပြောတော့ဘဲ သူ၏လက်ဖြင့် ဝှေ့ယမ်းလိုက်လေသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

ဝါးမေ ကြောင်အမ်းအမ်းဖြစ်နေသဖြင့် ရှောင်တိမ်းဖို့အချိန် မရတော့ပါချေ။

"ပြင်းထန်သော ဓားချက် ကျရောက်လာရကား"

"အား"

ဆူးရှူးရှာ အော်ဟစ်ကာ ကြမ်းပြင်ပေါ် ပုံလျက်သားလဲကျသွားလေတော့သည်။

ထိုစဉ်...

"မမ"

လူတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ထိုလူမှာ ဂိုဏ်းချုပ် ဝါးမေ၏ညီမ ကြူးမေဖြစ်ပါသည်။

ကြူးမေသည် ဝါးမေလဲကျသေဆုံးနေသည်ကို ကြည့်ကာ ထိတ်လန့်သွားလေသည်။

"ဟင် မမ...မမ ဘယ်လိုဖြစ်ရတာလဲ"

ချင်းစုလှိုင် ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

ကြူးမေ အံကြိတ်လိုက်သည်။

"မင်း...မင်းက မမကို သတ်ပစ်လိုက်တယ်ဟုတ်လား"

ချင်းစုလှိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...ခင်ဗျားကိုပါ သတ်ပစ်ဦးမယ်"

ချက်ချင်းပင် ကြူးမေအား တိုက်ခိုက်လိုက်လေသည်။

ကြူးမေ ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင် လက်မောင်းတွင် ဓားတစ်ချက် ရှပ်ထိသွားလေသည်။

"အောင်မယ်လေး"

ကြူးမေက အခန်းတွင်းမှ ချက်ချင်းပြေးထွက်သွားပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

"လာကြပါဦး...ဒီမှာ လူသတ်သမားရောက်နေတယ်"

"ဝေ့ထင်းက မမကို သတ်လိုက်ပြီ"



သူမ၏အသံသည် မိုးပြာတစ်ဂိုဏ်းလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားစေတော့သည်။

"ဟာကြပေဟ့"

"ရန်သူ...ရန်သူ"

မိုးပြာဂိုဏ်းသားများ ဟိုမှ ဒီမှ ပြေးလွှားလာကြသည်။

"ဟား ဟား ဟား"

ချင်းစုလှိုင်က တဟားဟား ရယ်မောကာ ပြတင်းပေါက်မှနေ၍ အပြင်ဘက် ခုန်ထွက်သွားလေတော့သည်။

ဝေ့ထင်းသည် ကိုယ်ဖော့ပညာကိုအသုံးပြုကာ ပြေးလိုက်လာခဲ့ပါသော်လည်း ရှေ့မှပြေးသွားသူက ပျောက်ကွယ်သွားသည်။

ဝေထင်း ခြေလှမ်းရပ်လိုက်၏။

ပတ်ဝန်းကျင်၌ ရှာဖွေကြည့်ပါသော်လည်း ထိုလူ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

ထိုစဉ်...

"အစ်ကို"

ပေ့ယို့ချင်း ပြေးလွှားရောက်ရှိလာလေသည်။

ဝေ့ထင်းက...

"ညီမ တစ်ယောက်ယောက်ကတော့ အစ်ကိုတို့အပေါ်မှာ မကောင်းကြံနေပြီထင်တယ်"

ပေ့ယို့ချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် အစ်ကို၊ ဒီလူလား"

"အင်း ... သူက အစ်ကိုတို့နောက်ကလိုက်လာအောင် မျှားခေါ်နေတာပဲ ဖြစ်မယ်"

"သူဘယ်ရောက်သွားပြီလဲ"

ဇေထင်း အဖြေမပေးနိုင်ပါ။

ထိုစဉ် တောင်ကုန်းလေးတစ်ဖက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဇေထင်းနှင့် ပေယို့ချင်းတို့ အချင်းချင်းကြည့်လိုက်ကြ၏။

ထို့နောက် ...

"လာ ... ညီမ"

ဇေထင်းက ဆူဆူညံညံအသံများ ထွက်ပေါ်လာသည့် နောက်ဆီသို့ ဦးတည်ကာ တစ်ဟုန်ထိုးပြေးသွားလေတော့သည်။

ဆူဆူညံညံအသံများက ပို၍ကျယ်လောင်လာလေသည်။

"လိုက်ကြဟေ့"

"လူသတ်သမားကို မလွတ်စေနဲ့"

ညာသံပေးကာ ပြေးလာသူတစ်စုသည် ဇေထင်း၏ရှေ့မှ ဘွားခနဲထွက်ပေါ်လာကြသည်။

ဦးဆောင်သူကား ချွန်ယီဖြစ်သည်။

ချွန်ယီသည် ဇေထင်းကို မြင်လျှင်မြင်ချင်း တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သောအသံတစ်သံထွက်ပေါ်လာကာ ချွန်ယီ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

"ယား"

"တိုက်ကြ"



မိုးပြာဂိုဏ်းသားများက ညာသံပေးကာ ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

"ရပ်လိုက်"

ဇေထင်းက ဟန့်တားလိုက်သည်။

သူက မေးလိုက်၏။

"ခင်ဗျားတို့ မိုးပြာဂိုဏ်းဟာ ရန်ငြိုးရန်စ မရှိပါဘူး၊ ဘာကြောင့် ကျုပ်တို့ကို တိုက်ခိုက်ရတာလဲ"

ချွန်ယီက ...

"ဇေထင်း မင်းက ငါတို့ဂိုဏ်းချုပ်ကိုသတ်သွားတာ ဘာပြောမလဲ"

"ဘာရူ"

"မင်းကို ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်ဘူး"

ချွန်ယီက မိုးပြာဂိုဏ်းသားများအား အော်ပြောလိုက်၏။

"ဘာလုပ်နေကြတာလဲ ... တိုက်ခိုက်ကြပါတော့လား"

ဤတွင် မိုးပြာဂိုဏ်းသားများက ဇေထင်းအား ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

ဇေထင်း နောက်ဆုတ် ရှောင်တိမ်းလိုက်၏။

ထိုစဉ် ...

"ဟူးဟူး"

အဝတ်အစား ရောတိုးသံများနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

ရှောင်လန်းနှင့် ချူစန်းတို့ဖြစ်လေသည်။

ချွန်ယီ ဝမ်းသာသွားသည်။

"ခင်ဗျားတို့ရောက်လာတာ အတော်ပဲ၊ ဝေထင်းက ဂိုဏ်းချုပ်ကို လုပ်ကြံသွားတယ်"

ရှောင်လန်း မယုံနိုင်အောင်ဖြစ်နေ၏။

ဝါးမေ လုပ်ကြံခံရမှန်းသိရ၍ ချူစန်း ဒေါပွသွား၏။

"ဝေထင်း...မင်းရက်စက်လှချည်းလား၊ ဒီအတိုင်းဆိုရင်တော့ မင်းကို ရန်သူအဖြစ်သတ်မှတ်ရတော့မယ်"

ဝေထင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘာမှမသိပါဘူးဗျာ၊ ဂိုဏ်းချုပ် ဝါးမေကို ကျုပ်မသတ်ပါဘူး"

ချွန်ယီက...

"ဟိတ်...အပိုတွေပြောမနေနဲ့၊ မင်းသတ်ပစ်လိုက်တာ..."

"ခင်ဗျာ"

ဝေထင်း ဒေါပွသွားလေသည်။

ရှောင်လန်းက ကြားဝင်လိုက်၏။

"ခဏနေကြပါဦးရှင့်"

သူမသည် ချွန်ယီကို မေးလိုက်သည်။

"ဝေထင်းက ဂိုဏ်းချုပ်ကို လုပ်ကြံလိုက်တာကိုး ရှင်မြင်သလား"

ချွန်ယီ ခေါင်းညိတ်လိုက်သည်။

"ကျုပ် မြင်တယ်"

သူက လိမ်ပြောလိုက်ခြင်းဖြစ်သည်။

ချူစန်း မျက်နှာတင်းမာသွားလေသည်။

"ဝေထင်း...မင်းနဲ့ငါ အရက်တစ်ခွက်သောက်ပြီး ပြောထားခဲ့တဲ့အတိုင်းပဲ မင်းကို ဘာမှငဲ့ညှာနေစရာအကြောင်းမရှိတော့ဘူး"



စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ ပေ့ယို့ချင်း ရောက်ရှိလာသည်။

ဝေထင်း ဝမ်းသာသွားလေသည်။

"ညီမ"

သူက အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ပေ့ယို့ချင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရှင်"

ရှောင်လန်းက...

"ညီမ ဝေထင်းလုပ်ကြံတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးရှင်၊ အစ်ကိုဝေထင်းဟာ ကျွန်မနဲ့တစ်ချိန်လုံး ရှိနေခဲ့တာပါ"

ချူစန်းက...

သူက ဂိုဏ်းချုပ်ဝါးမေကို သတ်ပစ်လိုက်တာကို မျက်မြင်သက်သေတွေရှိတယ်"

ချွန်ယီထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်မြင်တယ်"

ချူစန်းက...

"မင်းတို့ မိုးပြာဂိုဏ်းကိုလိုက်လာပြီး ဖြေရှင်းရင် ကောင်းမယ်"

ပေ့ယို့ချင်းသည် အကင်းပါးသူဖြစ်ရကား မိုးပြာဂိုဏ်းသို့ လိုက်သွားလျှင် နောက်ထပ်ပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့်...

"အစ်ကို ကျွန်မတို့ သွားကြစို့"

"ကောင်းပြီ"

ဝေထင်းက သဘောတူပြီး ပေယို့ချင်းနှင့်အတူ လျှင်မြန်စွာ ပြေးထွက်သွားရာ ချူစန်းတို့လူစုမှာ အငိုက်မိကာ ကျန်ရစ်ခဲ့ကြလေတော့သည်။

စာစဉ် (၃) ပြီး၏

စာစဉ် (၄) ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ် နေလင်းအောင်